
mgyoe.com

SAMPLE BOOK

# နက္ခတ်မှားတဲ့ ချစ်ခြင်း

လင်းသစ်

Over
23 million copies
sold



# THE FAULT IN OUR STARS

by John Green

mgyoe.com

mgyoe.com

SAMPLE BOOK



# နက္ခတ်မှားတဲ့
# ချစ်ခြင်း

လင်းသစ်

တချို့အနန္တတွေဟာ
တခြားအနန္တတွေထက်
ပိုကြီးပါတယ်။

Illustrated by : paing naing aung@2023

နက္ခတ်မှားတဲ့ ချစ်ခြင်း ( လင်းသစ် )
9 782023 000458

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၅)

## ပုံနှိပ်မှတ်တမ်း




# လင်းသစ်

## နက္ခတ်မှားတဲ့ ချစ်ခြင်း


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ ပိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၀၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

လင်းသစ်
နက္ခတ်မှားတဲ့ ချစ်ခြင်း / လင်းသစ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၃၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၅) နက္ခတ်မှားတဲ့ ချစ်ခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

ဒီ နက္ခတ်မှားတဲ့ ချစ်ခြင်း စာအုပ်ကို စာအုပ်တိုက်က ရေးပေးဖို့ ပြောလာတော့ ကျွန်တော့်အနေနဲ့ မရေးရဲခဲ့ရိုး အမှန်ပါ။ အကြောင်းက ဒီလို နာမည်ကြီးစာအုပ်တစ်အုပ်ကို ဘာသာပြန်ဆိုရေးသားရာမှာ မူရင်းစာရေးသူရဲ့ အာဘော်နဲ့ ဆိုလိုရင်းကို မမီရင် ဖတ်ရှုသူဘက်က မချင့်မရဲခံစားရမှာကို စာဖတ်သူဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်ချင်းစာမိတဲ့အတွက်ကြောင့်ပါ။

ဒီစာအုပ်ကလေးကို ၂၀၁၁ ခုနှစ် အကုန်ပိုင်းက ထွက်မယ်လို့ ကြေညာပြီး နာမည်ကို ထုတ်ပြောလိုက်တာနဲ့ အမေဇွန် ပရီအော်ဒါ စာအုပ်စာရင်းမှာ အမှတ်စဉ် ၈၄ ချိတ်ခဲ့ပြီး စာအုပ်အဖြစ် ထွက်ထွက်ချင်းမှာပဲ နယူးယောက်တိုင်းမ်စ် အရောင်းရဆုံးစာအုပ်စာရင်းမှာ နံပါတ် ၁ ဝင်ခဲ့တဲ့အပြင် ဒတ်ချ်၊ ဂျာမန်၊ စပိန်၊ ပြင်သစ်၊ ဆွီဒင်၊ ဒိန်းမတ်၊ အိုက်စ်လန်း၊ တရုတ်၊ ပါရှားနဲ့ ပေါ်တူဂီဘာသာတွေကို ပြန်ဆိုခြင်း ခံခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာတော့ ကမ္ဘာ့ရောင်းအားအကောင်းဆုံး စာအုပ်များစာရင်းထဲမှာ ပါဝင်နေပါပြီ။ အဲဒီအချိန်မှာ စာအုပ်ရေ မီလီယံနဲ့ ချီပြီး ရောင်းရပြီးပါပြီ။

နယူးယောက်တိုင်းမ်စ်၊ ဝေါလ်စတြိစ်ဂျာနယ်၊ ယူအက်စ်အေ တူဒေး၊ နိုင်ငံတကာ အရောင်းရဆုံးစာအုပ်များ စာရင်းတွေထဲမှာလည်း နံပါတ် ၁ ချိတ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်ကို အခြေခံပြီး ရုပ်ရှင်ရိုက်ရာမှာ ဇာတ်ကားဆု၊ မင်းသား၊ မင်းသမီးဆုအပါအဝင် ဆုပေါင်းများစွာ သိမ်းပိုက်နိုင်ခဲ့တဲ့အပြင် တရုတ်နဲ့ အိန္ဒိယကပါ ပြန်ရိုက်ရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။

ဆိုတော့ ဘာသာပြန်သူအတွက် ဘာကြောင့်ဖိအားများလဲဆိုတာ စာဖတ်သူလည်း ရိပ်မိလောက်ပြီ ထင်ပါတယ်။ ဒါဟာ သာမန်ချစ်ကြိုက်ကွဲညား စာအုပ်မဟုတ်ပါဘူး။ သေလောက်တဲ့ ကင်ဆာရောဂါသည် ဆယ်ကျော်သက်အရွယ် ကောင်လေးနဲ့ ကောင်မလေးတို့ရဲ့ ရင်နင့်ဖွယ် အချစ်ဇာတ်လမ်းလေး ဖြစ်ပါတယ်။ ဇာတ်ဆောင်နှစ်ယောက်ကြားက ချစ်ခြင်းမေတ္တာ၊ ဂရုစိုက်မှုနဲ့ သံယောဇဉ်အကြောင်း ပုံပေါ် အောင် ကြိုးစားပြန်ဆိုပေးဖြစ်သလို ကင်ဆာရောဂါနဲ့ ပတ်သက်တဲ့ ဆေးပညာဆိုင်ရာ အသုံးအနှုန်းတွေကို အတတ်နိုင်ဆုံး ရှင်းလင်းအောင် ကြိုးစားပြီး ပြန်ဆိုပေးထားပါတယ်။

ရုပ်ရှင်ကိုကြည့်ဖူးလို့ မြန်မာဘာသာပြန် စာအုပ်လေးအဖြစ်ထွက်လာတဲ့အချိန် စိတ်ဝင်စားလို့ ဖတ်ရှုဖို့ ဆုံးဖြတ်လိုက်တာပဲဖြစ်ဖြစ်၊ မူရင်းစာအုပ်ကို ဖတ်ဖူးလို့၊ နာမည်ကြားဖူးထားလို့၊ အခုမြန်မာပြန်စာအုပ်ရဲ့ နာမည်ကို စိတ်ဝင်စားလို့၊ အဖုံးကို စိတ်ဝင်စားမိလို့ ဖတ်ကြည့်ဖို့ ဆုံးဖြတ်လိုက်တာပဲဖြစ်ဖြစ် ဘာသာပြန်သူကျွန်တော်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။

တစ်စုံတစ်ခု အမှားအယွင်းများ ပါရှိသွားခဲ့ရင်၊ စာရှုသူမိတ်ဆွေ မျှော်မှန်းထားသလောက် မရောက်ခဲ့ရင်လည်း စေတနာရှေ့ထားပြီး ခွင့်လွှတ်ပေးကြဖို့ ပန်ကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

*မေတ္တာဖြင့်. . .*
**လင်းသစ်**

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း (၁)

ကျွန်မ ဆယ့်ခုနစ်နှစ်ပြည့်ပြီးတဲ့ ဆောင်းတွင်းနှောင်းပိုင်းမှာ မေမေက ကျွန်မကို စိတ်ကျရောဂါ ဖြစ်နေတယ်လို့ သတ်မှတ်လိုက်တယ်။ အကြောင်းက ကျွန်မက အိမ်ထဲကအိမ်ပြင် မထွက်ဘူး။ အိပ်ရာထဲမှာပဲ တစ်ချိန်လုံးနေတယ်။ ဖတ်ပြီးသားစာအုပ်ကိုပဲ ထပ်ခါတလဲလဲ ဖတ်တယ်။ အစားအသောက် သိပ်မစားဘူး။ ပြီးတော့ အချိန်အားရှိနေသရွေ့ သေခြင်းတရားအကြောင်းကိုပဲ တွေးနေမိလို့တဲ့လေ။

ကင်ဆာနဲ့ဆိုင်တဲ့ ပညာပေးစာအုပ်ပေါက်စနလေးတွေ၊ ဝက်ဘ်ဆိုဒ်တွေ၊ ဘာဘာညာညာတွေမှာ စိတ်ကျရောဂါကို ကင်ဆာရဲ့ ဘေးထွက်ဆိုးကျိုးလို့ အမြဲ ပြောကြတယ်။ ဒါပေမဲ့ တကယ်တော့ စိတ်ကျရောဂါဆိုတာ ကင်ဆာရဲ့ ဘေးထွက် ဆိုးကျိုး မဟုတ်ဘူး။ သေလုမျောပါး ဖြစ်ရခြင်းရဲ့ ဘေးထွက်ဆိုးကျိုးပဲ။ (ကင်ဆာ ဆိုတာကလည်း သေလုမျောပါး ဖြစ်ရခြင်းရဲ့ ဆိုးကျိုးတစ်ခုပဲလေ။ တကယ်တော့ အားလုံးနီးပါးပဲ ဆိုပါတော့။) ဒါပေမဲ့ မေမေကတော့ ကျွန်မကို ကုသမှု ခံယူဖို့ လိုနေပြီဆိုပြီး ပြနေကျဆရာဝန် ဒေါက်တာဂျင်မ်ဆီ ခေါ်သွားပါရော။ သူကလည်း ကျွန်မဟာ ကုသမှု ခံယူဖို့လိုတဲ့ စိတ်ကျရောဂါဝင်နေပါပြီဆိုပြီး သဘောတူသတဲ့။ ဒီလိုနဲ့ပဲ ကျွန်မ သောက်နေတဲ့ဆေးတွေကို ညှိရမယ်၊ ပြီးရင် ဖေးမကူညီရေးအဖွဲ့တွေဆီ အပတ်စဉ် သွားတက်ရမယ်ဆိုပြီး အမိန့်ချလိုက်ပါရောလား။

ဒီဖေးမကူအဖွဲ့ဆိုတာက ကင်ဆာကြောင့် မမာမကျန်းဖြစ်နေတဲ့ အဆင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပေါင်းစုံက လူတွေ အလှည့်ကျ သရုပ်ဆောင်ကြတာကလား။ ဘာကြောင့်များ အလှည့်ကျ သရုပ်ဆောင်နေကြရတာလဲ။ ဒါဟာလည်း သေလုမြောပါးဖြစ်ခြင်းရဲ့ ဘေးထွက်ဆိုးကျိုးတစ်ခုပဲလား။

အဲဒီ ဖေးမကူအဖွဲ့ဆိုတာ တကယ့်ကို စိတ်ပျက်စရာကြီး။ ကျောက်သားတွေနဲ့ ဆောက်ထားတဲ့ လက်ဝါးကပ်တိုင်ပုံ ဘုရားကျောင်းကြီးရဲ့ မြေအောက်ခန်းမှာ ဗုဒ္ဓဟူးနေ့တိုင်း တွေ့ကြရတာ။ ကျွန်မတို့အားလုံး လက်ဝါးကပ်တိုင်ကြီးရဲ့ အလယ်ခေါင်တည့်တည့်မှာ စက်ဝိုင်းပုံ ဝိုင်းထိုင်ကြတယ်။ ဆိုချင်တာက သစ်သားချောင်း နှစ်ချောင်း ဆုံတဲ့နေရာ၊ တစ်နည်းအားဖြင့် ယေရှုရဲ့ နှလုံးသားရှိတဲ့နေရာပေါ့။

အဲဒီအကြောင်းကို အဖွဲ့ခေါင်းဆောင် ပက်ထရစ် ပြောလွန်းလို့ ကျွန်မ သတိထားမိသွားတာပါ။ သူက အခန်းထဲမှာ ရှိသမျှလူတွေအားလုံးထဲ ဆယ့်ရှစ်နှစ်ပြည့်ပြီးတဲ့ တစ်ဦးတည်းသောသူ။ တွေ့ဆုံတဲ့ အခေါက်တိုင်းမှာ ယေရှုရဲ့နှလုံးသားအကြောင်း ပြောလေ့ရှိတဲ့သူပေါ့။ ပြီးတော့ ကျွန်မတို့လို ငယ်ငယ်ရွယ်ရွယ် ကင်ဆာရောဂါကနေ လွန်မြောက်ပြီး ရှင်သန်လာတဲ့သူတွေဟာ ခရစ်တော်ရဲ့ မြင့်မြတ်လှတဲ့ နှလုံးသားတည်ရှိရာ နေရာမှာ ထိုင်နေပါတယ် ဘာညာပေါ့လေ။

ဒါကြောင့် ဘုရားသခင်ရဲ့ နှလုံးသားရှိရာမှာ ဘယ်လိုတွေဖြစ်သလဲဆိုတာ ကြည့်လိုက်ပါဦး။ ကျွန်မတို့တွေ ခြောက်ဦး. . . ခုနစ်ဦး. . . တစ်ခါတလေလည်း တစ်ဆယ်ဦးလောက် လမ်းလျှောက်ပြီး ဝင်လာမယ်။ ဝှီးချဲတွန်းပြီး ရောက်လာမယ်။ ပြီးရင် သံပုရာရည်နဲ့ ကွတ်ကီးတွေ ထားတဲ့စားပွဲခုံကို ငေးကြည့်မယ်။ ယုံကြည်မှုစက်ဝိုင်းမှာ ထိုင်လိုက်ကြမယ်။ ပြီးရင် ပက်ထရစ်ရဲ့ အကြိမ် တစ်ထောင်မြောက် စိတ်ဓာတ်ကျစရာ ဘဝဇာတ်ကြောင်းကြီး ပြန်ပြောတာကို နားထောင်ရမယ်။ သူ့ဝှေးစေ့မှာ ကင်ဆာ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်း၊ အားလုံးက သူ့ကို လက်လွှတ်လိုက်ရပြီလို့ ထင်ခဲ့ကြကြောင်း၊ ဒါပေမဲ့ အခုတော့ သူက မသေဘဲ လူလားမြောက်ခဲ့ပြီး အမေရိကန်နိုင်ငံရဲ့ ၁၃၇ ခုမြောက် အကောင်းဆုံးမြို့ရဲ့ ဘုရားကျောင်းမြေအောက်ထပ် ကျွန်မတို့ အားလုံးအရှေ့မှာ ရပ်နေပြီဖြစ်ကြောင်း၊ အိမ်ထောင်ကွဲပြီး ဗီဒီယိုဂိမ်းတွေကို စွဲလန်းနေကြောင်း၊ သူငယ်ချင်း မိတ်ဆွေရယ်လို့ သိပ်မရှိဘဲ ကင်ဆာဖြစ်ခဲ့တဲ့ အချိန်တုန်းက အတိတ်ဖြစ်ရပ်တွေကို ကြိုးစားမေ့ဖျောက်ရင်း အလုပ်အကိုင်အခွင့်အလမ်းကိုလည်း သိပ်ပြီး အကျိုးမပြုတဲ့ ဘွဲ့လွန်မဟာတန်းအတွက် တဖြည်းဖြည်းချင်း ကြိုးစားရင်း ဘဝကို ရှေ့ဆက်လှမ်းနေကြောင်း၊ လွန်ခဲ့တဲ့ နှစ်တွေက သူ့ဝှေးစေ့ နှစ်လုံးစလုံးကို စွန့်လွှတ်လိုက်ရ

mgyoe.com

mgyoe.com SAMPLE BOOK

ပေမယ့် ဘဝလို့ ခေါ်တဲ့ သူ့ဝိညာဉ်ကို အလွတ်ပေးခဲ့တဲ့ ဒါမိုကလက်စ်ရဲ့ ဓားက ဖြတ်တောက်ပေးလိုက်တဲ့အချိန်ကို ကျွန်မတို့ အားလုံးနည်းတူ စောင့်ဆိုင်းခဲ့ရကြောင်း စတာတွေ ပြောပြတာကို နားထောင်ရမယ်။

ပြီးတော့ မင်းတို့အားလုံးလည်း အရမ်း ကံကောင်းပါတယ်။

အဲဒါပြီးရင် ကျွန်မတို့အားလုံး ကိုယ့်နာမည်၊ အသက်၊ ဘာရောဂါ ဖြစ်နေကြောင်း မိတ်ဆက်ရတယ်။ နောက် ဒီနေ့ ဘယ်လိုနေသလဲ ဆိုတာကိုရောပေါ့။ "ကျွန်မနာမည် ဟေဇယ်ပါ၊ အသက်က ၁၆ နှစ်။ ကင်ဆာက သိုင်းရွိုက်ကနေ စဖြစ်ပေမယ့် အခုတော့ အဆုတ်ထဲကိုပါ ပျံ့ကုန်ပါပြီ။ လတ်တလော ကျွန်မ နေကောင်းပါတယ်" လို့ အလှည့်ကျလာရင် ကျွန်မက ပြောတယ်။

မိတ်ဆက်စကားက စက်ဝိုင်းတစ်ပတ် ပြည့်ပြီးသွားရင် ပက်ထရစ်က ဘယ်သူကများ ဘာတွေ ပြောပြမျှဝေချင်သလဲလို့ မေးမယ်။ နောက်ပြီးရင် အဲဒီ ကြောင်တောင်တောင် ဖေးမကူအသင်းရဲ့ စက်ဝိုင်းက တစ်ပတ်လည်ပြန်ရော။ လူတိုင်းက ရုန်းကန်နေရတယ်၊ ကြိုးစားနေပါတယ်၊ ရောဂါက ဘယ်လို ကျုံ့သွားပါပြီ၊ ဘာတွေ ဖြစ်နေပါပြီဆိုတဲ့ အရည်မရ အဖတ်မရတွေ ပြောကြမယ်။ မျှမျှတတ ပြောရရင်တော့ ပက်ထရစ်က ကျွန်မတို့ကို သေခြင်းတရားနဲ့ ပတ်သက်ပြီး ထင်မြင် ယူဆထားတာတွေလည်း ပြောခွင့်ပေးတဲ့ အချက်ပါ။ ဒါပေမဲ့ သူတို့ထဲက လူအများ စုဟာ သေလုမျောပါးအခြေအနေ မဟုတ်ကြပါဘူး။ အတော်များများကလည်း ပက်ထရစ်လို လူကြီးဘဝကို ရောက်ကြမယ့်သူတွေချည်းပါပဲ။

(ကြည့်လိုက်ရင် အားလုံးက ပြိုင်ဆိုင်နေကြသလိုတွေချည်းပါပဲ။ ကင်ဆာ ကို အနိုင်တိုက်ဖို့တင် မဟုတ်ဘဲ လူတိုင်းက သူ့ထက်ငါ အပြိုင်အဆိုင် နေကောင်း နေကြပြီ ဆိုတာတွေချည်းပဲ။ ဒါပေမဲ့ အခန်းထဲမှာ တခြားလူတွေလည်း ရှိပါသေး တယ်။ သိပ်ပြီး ယုတ္တိမရှိဘူးလို့ ကျွန်မ ထင်မိပေမယ့် သူတို့ပြောစကားတွေအရ နောက် ငါးနှစ် အသက်ဆက်ရှင်နိုင်မယ့် အခွင့်အရေးက ၂၀ ရာခိုင်နှုန်းပဲ ရှိတယ် ဆိုရင် ဆိုတဲ့စကားက ခေါင်းထဲရောက်လာရင် လူငါးယောက်မှာ တစ်ယောက် ပါလား ဆိုတဲ့ကိစ္စတွေက ခေါင်းထဲဝင်လာပါရော။ ဒီလိုနဲ့ ဟိုကြည့်ဒီကြည့် တွေး နေရာက လူကောင်းတွေ လုပ်လေ့ရှိသလိုမျိုး. . . ကျွန်မက ဟောဒီအုပ်စုထဲက ငကြောင်တွေထဲက လေးယောက်ထက် ကြာရမယ် ဆိုတဲ့စိတ်ကြီးက ဖြစ်လာ ပါရော။)

ဟောဒီ ဖေးမကူအဖွဲ့ထဲမှာ မျက်နှာရှည်ရှည်၊ လူပိန်ပိန်၊ ရွှေရောင်ဆံပင်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြောင့်ဖြောင့် မျက်စိတစ်ဖက် ဖုံးနေတဲ့ အိုင်းဆက်ဆိုတဲ့ ချာတိတ်လေးကတော့ ဒီအဖွဲ့ရဲ့ ဖြေဆည်ရာပါပဲ။

နောက်ပြီး သူ့ပြဿနာက မျက်စိတွေမှာ ဖြစ်နေတာ။ ရောဂါက ထူးထူးဆန်းဆန်း မျက်လုံးမှာ ကင်ဆာဖြစ်နေတာ။ ကလေးဘဝကတည်းက မျက်လုံး တစ်ဖက် ခွဲထုတ်ပစ်လိုက်ရပြီးပြီ။ အခု သူက ပုလင်းဖင်လို မျက်မှန်အထူကြီး တတ်ထားရတော့ (ပုံမှန်မျက်လုံးဘက်ရော၊ ကျောက်မျက်လုံး ထည့်ထားတဲ့ဘက် ရော) သူ့မျက်လုံးကြီးက သဘာဝမကျဘဲ ဧရာမကြီး ဖြစ်နေပြီး ခေါင်းတစ်ခေါင်းလုံး မှာ မျက်လုံးချည်းပဲ ရှိနေရင်း ကိုယ့်ကိုပဲ ပြူးကြည့်နေသလိုလို။ ဒီအုပ်စုထဲမှာ အိုင်းဆက်ပြောပြတာတွေကနေ ကျွန်မ သိလိုက်ရတာက အကောင်းအတိုင်း ကျန် နေတဲ့ သူ့မျက်လုံးတစ်ဖက်ထဲမှာလည်း ရောဂါက ပြန်စနေပြန်တော့ ဒါက သူ့ အတွက် အသက်အန္တရာယ်ရှိတဲ့ ဒဏ်ခတ်ခြင်းတစ်မျိုး ဖြစ်နေပြန်ပါရော။

အိုင်းဆက်နဲ့ ကျွန်မ အချိတ်အဆက် မိသွားတာက သက်ပြင်းချသံတွေ ပါပဲ။ တစ်ယောက်ယောက်ကများ ကင်ဆာပျောက်တဲ့ အစားအသောက်အကြောင်း တို့၊ ကိုးကွယ်ယုံကြည်မှုအကြောင်းတို့ ပြောလာရင် သူက ကျွန်မကို လှမ်းကြည့်ပြီး သက်ပြင်းခပ်သာသာ ချတတ်တယ်။ ကျွန်မကလည်း ခေါင်းကို မသိမသာ ယမ်းပြရင်း သက်ပြင်းချပြီး တုံ့ပြန်တတ်တယ်လေ။

ဒီလိုနဲ့ ဖေးမကူအုပ်စုမှာ ရက်သတ္တပတ် အနည်းငယ်လောက် ကြာပြီး တဲ့နောက် ကျွန်မစိတ်ထဲ အဲဒီကိစ္စကြီးတစ်ခုလုံးကို သည်းမခံနိုင်လောက်အောင် ဖြစ်လာမိတယ်။ တကယ်က ဩဂုတ်စက်ပင်စ် ဝါတားစ်ကိုတွေ့တဲ့ အပတ် ဗုဒ္ဓဟူးနေ့ တစ်ရက်မှာ ကျွန်မက မေမေနဲ့ထိုင်ပြီး ကြည့်ပြီးသား ပြီးခဲ့တဲ့နှစ်ရဲ့ အမေရိကန် အနာဂတ်မော်ဒယ်လ် ဆိုတဲ့ တီဗွီရှိုးကိုကြည့်ရင်း ဖေးမကူအုပ်စုကနေ ထွက်ခွင့်ရဖို့ အသည်းအသန် ပြောနေမိတာ။

"သမီး အဲဒီအဖွဲ့ဆီ မသွားချင်တော့ဘူး"

"စိတ်ကျရောဂါရဲ့ လက္ခဏာတစ်ခုက လှုပ်ရှားမှုတွေကို စိတ်မပါခြင်းတဲ့"

"မေမေရယ်၊ သမီးကို အမေရိကန် မော်ဒယ်လ်ရှိုး ပေးကြည့်ပါနော်။ ဒါလည်း လှုပ်ရှားမှုပဲလေ"

"တီဗွီကြည့်တာက မလှုပ်ရှားမှုဘဲ"

"အာ. . . မေမေရာ လုပ်စမ်းပါ"

"ဟေဇယ်၊ သမီးက ကလေးလေး မဟုတ်တော့ဘူး။ ဆယ်ကျော်သက်

mgyoe.com

mgyoe.com

တစ်ယောက် ဖြစ်နေပြီ။ သူငယ်ချင်းတွေ ဘာတွေထား၊ အိမ်အပြင်လေး ဘာလေး ထွက်ပြီး ကိုယ့်ဘဝကို ရှင်သန်ဖို့ လိုတယ်"

"တကယ်လို့ မေမေက သမီးကို ဆယ်ကျော်သက်တစ်ယောက်အဖြစ် ရှင်သန်စေချင်တယ်ဆိုရင် အဲဒီ ဖေးမကူအသင်းဆီတော့ မပို့ပါနဲ့။ မှတ်ပုံတင် အတုလုပ်ပေး။ ဒါမှ ကလပ်တွေတက်၊ ဗော့ဒ်ကာအရက်တွေသောက်၊ ရှီရှားတွေ ရှူလို့ ရတော့မှာပေါ့"

"သမီးက အခုမှစတဲ့သူအနေနဲ့ ရှီရှား ရှူလို့ မရဘူး"

"တွေ့လား။ ဒါကိုက မေမေ သမီးကို မှတ်ပုံတင်အတု လုပ်ပေးထားမှ လုပ်လို့ ရ,မရ သိမှာပေါ့"

"ဖေးမကူညီအသင်းကို သမီး သွားကိုသွားရမယ်"

"အာ. . ."

"ဟေဇယ်၊ သမီး ဘဝတစ်ခုရှိဖို့ လိုတယ်လေ"

အဲဒီဖေးမမှုအသင်းက ကျွန်မအတွက် ဘဝအဓိပ္ပာယ် ဘယ်လိုသတ်မှတ် ပေးမလဲ မသိပေမယ့် အဲဒီစကားကြောင့် ကျွန်မ ပါးစပ်ပိတ်သွားတယ်။ သွားဖို့ သဘောတူလိုက်ပေမယ့် တီဗွီအစီအစဉ်ကို လွတ်မသွားရအောင် ကူးထားပေးဖို့ မေမေနဲ့ အပေးအယူ လုပ်လိုက်နိုင်တယ်လေ။

ဖေးမကူအဖွဲ့ဆီ သွားတယ်ဆိုတာကလည်း တစ်ခါသား ကျွန်မကို ဆယ့်ရှစ်လ ပြည့်အောင်တောင် ပညာမသင်ခဲ့ရတဲ့ သူနာပြုဆရာမကို ဆေးပေးဖို့ ခွင့်ပြုလိုက်မိရာက ဆေးမှားပေးမိပြီး အသက်သေလုမတတ်ဖြစ်ခဲ့ရတဲ့ အကြောင်း ရင်းနဲ့ အတူတူပါပဲ။ ကျွန်မ မိဘတွေကို ပျော်ရွှင်စေချင်တယ်လေ။ အသက် တစ်ဆယ့်ခြောက်နှစ်အရွယ် ကင်ဆာရောဂါသည်ဆိုတာထက် လောကကြီးမှာ ပိုဆိုးရွားတဲ့ တစ်ခုတည်းသောအရာက ကင်ဆာရှိနေတဲ့ ကလေးကို သားသမီး တော်ထားရတာပါပဲ။

❑

မေမေက စက်ဝိုင်းပုံစံ ကားလမ်းကလေးအတိုင်း ဘုရားကျောင်း အနောက်ဘက်ကိုပတ်ပြီး မောင်းဝင်လာတဲ့အချိန် နာရီကိုကြည့်တော့ ညနေ ၄ နာရီ ၅၆ မိနစ်။ ကျွန်မက အချိန်ဆွဲဖို့ သွားလေရာ သယ်သွားရတဲ့ အောက်စီဂျင်အိုး ကို မချသေးဘဲ ဟိုလိုလို ဒီလိုလို လုပ်နေမိတယ်။

"မေမေ သယ်ပေးရမလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း။ မလိုပါဘူး"

အစိမ်းရောင် ဒုလုံးရှည်ပုံ အောက်စီဂျင်အိုးကလေးက သိပ်မလေးပါဘူး။ ပြီးတော့ အဲဒီအိုးကလေးကို အနောက်ကနေ လက်နဲ့ဆွဲသွားဖို့ ဘီးတပ် စတီးလှည်းကလေးလည်း ပါတယ်။ အဲဒီ အောက်စီဂျင်အိုးကလေးနဲ့ ဆက်ထားတဲ့ ပိုက်အကြည်ကလေးက ကျွန်မနှာခေါင်းဝမှာပွင့်တဲ့ အပေါက်ကလေးကတစ်ဆင့် တစ်မိနစ်ကို နှစ်လီတာနှုန်းနဲ့ အောက်စီဂျင် လွှတ်ပေးနေတယ်။ အဲဒီပိုက်ကလေးက နားရွက်နှစ်ဖက် အနောက်ကနေ လည်ပင်းအောက် ပြန်ခွေထည့်ထားတာ။ ဒီအောက်စီဂျင်အိုးဟာ ကျွန်မအတွက်တော့ မရှိမဖြစ်ပါပဲ။ အကြောင်းက ကျွန်မရဲ့ အဆုတ်တွေဟာ အဆုတ်အဖြစ် အလုပ်သေချာ မလုပ်လို့ပါပဲ။

"သမီးကို ချစ်တယ်နော်"

မေမေက ကျွန်မ ကားပေါ်ကနေ ဆင်းတဲ့အချိန် လှမ်းပြောတယ်။

"သမီးလည်း မေမေ့ကို ချစ်ပါတယ်။ ခြောက်နာရီကျမှ ပြန်တွေ့မယ်"

ကျွန်မ လှည့်ထွက်လာတော့ သူမက ပြတင်းပေါက်ကို ချပြီး လှမ်းအော်လိုက်သေးတယ်။

"သူငယ်ချင်း ရအောင်လုပ်နော်" တဲ့။

ကျွန်မက ဓာတ်လှေကား မစီးချင်ဘူး။ ဖေးမကူအဖွဲ့မှာ ဓာတ်လှေကားစီးတာဟာ နောက်ဆုံးအချိန်မှ စီးတာလို ဖြစ်နေတာမို့ ရိုးရိုးလှေကားကနေပဲ ကျွန်မ ဆင်းလာလိုက်တယ်။ ကျွန်မက ကွတ်ကီးတစ်ခုကို ယူ၊ သံပုရာရည်ကို တစ်ခါသုံး ခွက်ကလေးထဲ ငှဲ့ထည့်ပြီး လှည့်ထွက်လာခဲ့တယ်။

ကောင်လေးတစ်ယောက် ကျွန်မကို စိုက်ကြည့်နေတယ်။

သေချာတာကတော့ ကျွန်မ သူ့ကို တစ်ခါမှ မမြင်ဖူးဘူး ဆိုတာပါပဲ။ ပိန်ရှည်ရှည်၊ ကျစ်ကျစ်လျစ်လျစ်နဲ့။ မူလတန်းကလေးတွေထိုင်တဲ့ ခုံကလေးထဲမှာ သူက ခွေခွေကလေး ထိုင်နေတယ်။ ဆံပင်က မဟော်ဂနီရောင်၊ တိုတို ဖြောင့်ဖြောင့်။ ကျွန်မနဲ့ အသက်မတိမ်းမယိမ်းလောက် ရှိမယ်။ ကြီးလှ တစ်နှစ်ပေါ့။ သူက အနက်ရောင် ဂျင်းဘောင်းဘီအိတ်ကပ်ထဲ လက်နှိုက်ပြီး ထိုင်ခုံပေါ် ဖင်လျှောထိုင်ထားတော့ သူ့ပုံစံ ကြည့်ရတာ အတော်လေး မသက်မသာ ဖြစ်နေတယ်။

သူ့ဆီက အကြည့်လွှဲလိုက်ရင်း ကျွန်မရဲ့ မရေမတွက်နိုင်တဲ့ အားနည်းချက်တွေကို ရုတ်တရက် သတိရသွားတယ်။ ခါးပေါ် ဝတ်ထားတဲ့ ဂျင်းဘောင်းဘီအဟောင်းက အရင်က တင်းတင်းရင်းရင်း ရှိပေမယ့် အခုတော့ တချို့နေရာတွေမှာ

mgyoe.com

mgyoe.com SAMPLE BOOK

လျော့တိလျော့ရဲဖြစ်နေကြပြီ။ အပေါ်က ဝတ်ထားတာက ကျွန်မ အခု မကြိုက်တော့တဲ့ တီးဝိုင်းတစ်ခုပုံပါတဲ့ အဝါရောင် တီရှပ်။ ပြီးတော့ ကျွန်မရဲ့ ဆံပင်ပုံစံက ယောက်ျားဆန်ဆန် ခပ်တိုတို ညှပ်ထားတဲ့အပြင် အရေးလုပ်ပြီး မဖြီးမသင်ထားတာ့ ပုံဆိုးပန်းဆိုး ဖြစ်နေတာပေါ့။ ပိုဆိုးတာက ကျွန်မရဲ့ ရှဉ့်ပုံစံ ပါးစုံ့ဖောင်းဖောင်းကြီးတွေ။ ကင်ဆာဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးတစ်ခုပေါ့။ ကျွန်မပုံစံက ခန္ဓာကိုယ်က ပုံမှန်၊ ခေါင်းကြီးပဲ ပူဖောင်းတစ်ခုလို ကြီးနေတာ။ အခြေအနေက ကြောင်တောင်တောင်ဆိုတာ မေးနေစရာတောင် မလိုဘူးရယ်။ နောက်တော့ ကျွန်မ သူ့ဆီက အကြည့်လွှဲလိုက်တယ်။ ဒါတောင် သူက စိုက်ကြည့်နေတုန်းပဲ။

ဒါကိုက *မျက်စိချင်းဆုံတယ်ဆိုတာ ဒီလိုပါလား* ဆိုတဲ့ အတွေး ပေါက်စေတယ်။

ကျွန်မက စက်ဝိုင်းပုံစီထားတဲ့ ထိုင်ခုံတွေကြားထဲ လျှောက်သွားပြီး အဲဒီကောင်လေးရဲ့ နှစ်ခုံကျော်မှာ ထိုင်နေတဲ့ အိုင်းဆက်ရဲ့ဘေးခုံမှာ ဝင်ထိုင်လိုက်ရင်း သူ့ကို လှမ်းကြည့်မိပြန်တယ်။ သူက ကျွန်မကို စိုက်ကြည့်နေတုန်းပဲ။

အမှန်အတိုင်း ပြောရရင် သူက အတော်လေး "ဟော့" တယ်။ မဟော့တဲ့ ကောင်လေးတစ်ယောက်က ကိုယ့်ကို မျက်နှာမလွှဲစတမ်း ငေးကြည့်နေရင်တော့ အခြေအနေကောင်းရင် အတော်လေး ကြောင်တောင်တောင်နိုင်တယ်လို့ခေါ်နိုင်ပြီး အဆိုးဆုံးအခြေအနေဆိုရင်တော့ စော်ကားတယ်ဆိုတဲ့ အဖြစ်မျိုးတောင် ဖြစ်သွားနိုင်တာပေါ့။ ဒါပေမဲ့ "ဟော့" တဲ့ ကောင်လေးဆိုရင်တော့. . . အင်း။

အိတ်ထဲကဖုန်းကို ဆွဲထုတ်ပြီး နှိပ်လိုက်တော့ စကရင်ပေါ်မှာ ပေါ်လာတဲ့ အချိန်က ၄ နာရီ ၅၉ မိနစ်။ ထိုင်ခုံတွေက အသက်ဆယ့်နှစ်နှစ်က ဆယ့်ရှစ်နှစ်အတွင်း ကံဆိုးသူ မောင်မယ်တွေနဲ့ ပြည့်သွားပြီးတဲ့နောက် ပက်ထရစ်က ကျွန်မတို့ရဲ့ စကားဝိုင်းကို တည်ငြိမ်အေးဆေးတဲ့ ဆုတောင်းစကားနဲ့ စပြီး ဖွင့်ပါတယ်။ *ဘုရားသခင်. . . ကျွန်တော်မျိုးကို မပြောင်းလဲနိုင်တဲ့ အရာတွေကို လက်ခံလိုက်ဖို့ ပြောင်းလဲနိုင်တဲ့ အရာတွေကို ပြောင်းလဲပစ်ဖို့ တည်ငြိမ်အေးချမ်းတဲ့ ကြွေနဲ့ မတူကွဲပြားမှုကို သိနားလည်နိုင်မယ့် ပညာဉာဏ်ကို ပေးသနားတော်မူပါ။* ဟိုကောင်လေးကတော့ ကျွန်မကို စိုက်ကြည့်နေဆဲပဲ။ ကျွန်မ ပါးတွေနီလာပြီလို့ ခံစားလာရတယ်။

နောက်ဆုံးတော့ အကောင်းဆုံးက သူ့ကို ပြန်စိုက်ကြည့်ဖို့ပဲလို့ ကျွန်မ ဆုံးဖြတ်လိုက်တော့တယ်။ အဆုံးသတ်မတော့ ယောက်ျားလေးတွေကချည်း စိုက်

mgyoe.com SAMPLE BOOK

ကြည့်ခြင်းဆိုတာ မူပိုင်သိမ်းထားလို့ ဘယ်ရပ့်မလဲ။ ဒီလိုနဲ့ ပက်ထရစ်တစ်ယောက် အကြိမ်တစ်ထောင်မြောက် ဘောပျောက်မှုကြီးနဲ့တကွ သူ့ဘဝဇာတ်ကြောင်း ပြောပြနေချိန် ကျွန်မက သူ့ကို ပြန်စိုက်ကြည့်နေလိုက်တယ်။ မျက်လုံးအကြည့်ပြိုင်ပွဲကြီး စတင်လာတာ ခဏကြာတော့ ကောင်လေးက ပြုံးပြီး သူ့မျက်လုံးပြာပြာတွေကို လွှဲသွားတော့တယ်။ သူ ကျွန်မကို ပြန်ကြည့်တော့ ကျွန်မက မျက်ခုံးပင့်ပြီး "ငါနိုင်တယ်" ဆိုတဲ့အထာမျိုး လုပ်ပြလိုက်တယ်။

သူက ပခုံးတွန့်တယ်။ ပက်ထရစ်ကတော့ အားပါးတရ ဆက်ပြောနေတုန်းပဲ။ နောက်ဆုံးတော့ အချင်းချင်း မိတ်ဆက်ရတဲ့ အလှည့် ရောက်လာပါပြီ။

"အိုင်းဆက်. . . ဒီနေ့ ညီလေး စပြီး ပြောလိုက်ပါလား။ မင်း အတော်လေး ရုန်းကန်နေရတာ အစ်ကို သိထားတယ်လေ"

"ဟုတ်ကဲ့။ ကျွန်တော့်နာမည် အိုင်းဆက်ပါ။ အသက်က ဆယ့်ခုနစ်နှစ်။ ကြည့်ရတာတော့ နောက်ထပ် သိပ်မကြာခင်မှာပဲ နောက်တစ်ခါထပ်ပြီး ခွဲစိတ်ခံရဦးမယ် ထင်ပါတယ်။ ဒီလိုသာဆို လုံး၀ ကန်းသွားတော့မှာပဲ။ တခြားသူတွေမှာလည်း အတော်လေး ဆိုးဆိုးဝါးဝါး အဖြစ်တွေ ရှိနေတော့ ဘယ်လိုအရာကိုမှ အပြစ်တင်တာ၊ ဝေဖန်တာမျိုး မလုပ်ချင်တော့ပါဘူး။ ဒါပေမဲ့ အင်း. . . မျက်စိကန်းတယ်ဆိုတာ အတော်လေး ဆိုးမှာပဲဗျ။ ကျွန်တော့်ရည်းစားကတော့ အတော်လေး ကူညီပါတယ်။ ပြီးတော့ ဩဂတ်စတပ်စ်လို သူငယ်ချင်းမျိုးတွေပေါ့"

သူက အဲဒီကောင်လေးဘက် ခေါင်းဆတ်ပြတယ်။ ဒီတော့မှ သူ့နာမည်ကို သိတာ။

"အင်း. . . ဒီလိုနဲ့ပဲ"

အိုင်းဆက်က တဖက်နဲ့တစ်ဖက် ဆုတ်ထားတဲ့ သူ့လက်တွေကို ငုံ့ကြည့်ရင်း ဆက်ပြောတယ်။

"ကျွန်တော်လည်း ဘာမှ မတတ်နိုင်တော့ဘူးလေ"

"အစ်ကိုတို့ မင်းအတွက် ရှိပါတယ် အိုင်းဆက်ရာ။ အိုင်းဆက်အတွက် ပြောပေးကြပါဦး သူငယ်ချင်းတို့" လို့ ပက်ထရစ်က ပြောတော့ အတက်အကျ အနိမ့်အမြင့်မရှိတဲ့ အသံတွေက ဟိန်းထွက်လာတယ်။

"ငါတို့ မင်းအတွက် ရှိပါတယ် အိုင်းဆက်"

နောက်တစ်ယောက်က မိုက်ကယ်။ အသက်က ဆယ့်နှစ်နှစ်။ သူက လူကီးမီးယား လို့ခေါ်တဲ့ သွေးကင်ဆာ ခံစားနေရသူ။ သူက အမြဲတမ်း လူကီးမီးယား

mgyoe.com

mgyoe.com SAMPLE BOOK

ရှိနေခဲ့တာ။ နေတော့ ကောင်းပါတယ်တဲ့။ (ဒါက သူ့အပြောလေ။ သူကတော့ အမြဲတမ်း ဓာတ်လှေကား စီးလာရတာ။)

လီဒါက ဆယ့်ခြောက်နှစ်။ ခပ်ဟော့ဟော့ ကောင်လေးတစ်ယောက်ရဲ့ မျက်လုံးထဲမှာတော့ အတော်လှတယ်လို့ ဆိုရမယ့် မိန်းကလေးမျိုး။ သူမ ပုံစံကတော့ ပုံမှန်ပါပဲ။ အူအတက်ကင်ဆာကနေ ပြန်ကောင်းလာတာ ကြာပါပြီတဲ့။ ကျွန်မ အတွက်တော့ အဲဒီရောဂါမျိုး ရှိလို့ရှိမှန်းတောင် မသိပါဘူး။ သူမက ဖေးမကူအဖွဲ့ကို ရောက်လာတိုင်း (ကျွန်မ တက်တဲ့အချိန်တိုင်း အတူတူရှိနေချိန်) ပိုပြီး သန်မာလာတယ်လို့ ခံစားရသလိုပဲတဲ့။ အဲဒီစကားက ကျွန်မ နှာဝမှာ တပ်ထားတဲ့ အောက်စီဂျင်ပိုက်လို ယားကျိကျိနဲ့။

သူ့အလှည့်မရောက်ခင် ကြားထဲမှာ နောက်ထပ်ငါးယောက်လောက် ရှိသေးတယ်။ သူ့အလှည့်ရောက်တော့ သူက တစ်ချက်ပြုံးတယ်။ သူ့အသံက ခပ်ညြညြနဲ့ သေလောက်အောင် ဆွဲဆောင်မှုရှိတယ်။

"ကျွန်တော့်နာမည်က ဩဂတ်စတပ်စ် ဝါးတားစ်။ အသက်က ဆယ့်ခုနစ်နှစ်။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲလောက်က ကျွန်တော့်မှာ အရိုးကင်ဆာဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဒီနေ့ရောက်လာတာက အိုင်းဆက်ရဲ့ အကူအညီတောင်းမှုကြောင့်ပါ"

"ဒီတော့ ညီလေး အခု ဘယ်လိုခံစားရသလဲ"

ပက်ထရစ်က လှမ်းမေးတယ်။

"အိုး. . . သိပ်ကောင်းတာပေါ့။ ရိုလာကိုစတာပေါ် ရောက်နေပြီး ဟိုးအပေါ်ကို တစ်ရှိန်ထိုးတက်နေသလိုပါပဲ မိတ်ဆွေကြီးရာ" လို့ ပြန်ပြောလိုက်တဲ့ အချိန် သူ့နှုတ်ခမ်းထောင့်လေးတွေက ကွေးပြီး ပြုံးသွားတယ်။

နောက်တော့ ကျွန်မအလှည့်။

"ကျွန်မနာမည် ဟေဇယ်ပါ။ အသက်က ၁၆ နှစ်။ သိုင်းရွိုက်ကနေ အဆုတ်ဆီ ကင်ဆာကြိတ်က ပျံ့သွားပါပြီ။ လတ်တလောမှာတော့ နေကောင်းနေပါတယ်"

အချိန်တွေက တရွေ့ရွေ့ သွားနေတယ်။ ရုန်းကန်ခဲ့ရတဲ့အဖြစ်တွေ ပြန်ပြောကြ၊ ကိုင်းသေပေါက် ရှုံးနိမ့်ရမယ့် တိုက်ပွဲတွေအတွက် အချင်းချင်းအားပေးကြ၊ မျှော်လင့်ချက်တွေ တွဲလွဲခိုကြနဲ့ပေါ့။ မိသားစုတွေက ပျော်ရွှင်ကြ၊ ဝမ်းနည်းကြ။ မိတ်ဆွေတွေကတော့ အဲဒီအချက်တွေကို သိရှုံသာမက မျက်ရည်တွေကျကြ၊ နှစ်သိမ့်ကြနဲ့ပေါ့။ ဩဂတ်စတပ်စ်ရော ကျွန်မပါ ပက်ထရစ်က နောက်တစ်ကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

ထပ်ပြီး စကားမပြောမချင်း ဘာတစ်ခွန်းမှ မပြောမိကြဘူး။

"သြဂစ္စတပ်စ်. . . ညီလေး ခံစားရတဲ့ အကြောက်တရားကို ဒီအုပ်စုနဲ့ မျှဝေပေးပါလား"

"ကျွန်တော့် အကြောက်တရား. . . ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်က မေ့ပျောက်သွားခံရမှာကို ကြောက်တာ။ အကန်းတစ်ယောက်က အမှောင်ကို ကြောက်သလိုမျိုးပေါ့" လို့ သူက တွေဝေခြင်း အလျဉ်းမရှိဘဲ ပြောတယ်။

"စောပါသေးတယ်ကွာ"

အိုင်းဆက်က ပြောရင်း ခပ်ယဲ့ယဲ့ ပြုံးတယ်။

"သိပ်ပြီး ခံစားနေရသလား။ ငါကတော့ တခြားသူတွေရဲ့ ခံစားချက်ကို မမြင်နိုင်အောင် ကန်းတယ်ကွာ"

သြဂစ္စတပ်စ်က မေးလိုက်တယ်။

အိုင်းဆက်စ်က ရယ်တယ်။ ဒါပေမဲ့ ပက်ထရစ်က ခပ်ရှိရှိ လက်ကလေး မြှောက်ပြီး ဝင်ပြောတယ်။

"သြဂစ္စတပ်စ်ရယ်၊ ကျေးဇူးပြုပြီး ညီလေးရဲ့ ရုန်းကန်လှုပ်ရှားခဲ့ရပုံလေး ဆီ ပြန်သွားကြရအောင်လား။ မင်းက မေ့ပျောက်သွားခံရမှာ ကြောက်တယ်လို့ ပြောလိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ပက်ထရစ်ပုံစံက လမ်းပျောက်နေသလို။

"တစ်ယောက်ယောက်ကများ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောချင်တာ ရှိလား"

ကျွန်မက ပုံမှန်ကျောင်း မတက်ရတာ သုံးနှစ်ရှိပြီ။ ကျွန်မအတွက်တော့ ကျွန်မ မိဘနှစ်ပါးကသာ အကောင်းဆုံး သူငယ်ချင်းတွေ။ တတိယမြောက် အကောင်းဆုံးသူငယ်ချင်းက ကျွန်မ ဆိုတာ ရှိနေမယ်မှန်းတောင် မသိမယ့် စာရေးဆရာတစ်ယောက်ပဲ။ ကျွန်မက အတော်လေး ရှက်တတ်တဲ့ လူစားထဲ ပါတယ်။ လက်ထောင်ပြီး စကားပြောခွင့်တောင်းမယ့် လူစားမျိုး မဟုတ်ဘူး။

ဒါပေမဲ့ ဒီတစ်ခေါက်တော့ ကျွန်မက စကားပြောဖို့ ဆုံးဖြတ်လိုက်တယ်။ လက်ကို မရဲတရဲ ထောင်လိုက်ချိန် ပက်ထရစ်က ဝမ်းသာအားရနဲ့ ကျွန်မနာမည်

mgyoe.com

mgyoe.com SAMPLE BOOK

ကို ခေါ်လိုက်တယ်။

"ဟေဇယ်"

သူက ကျွန်မ ရင်ဖွင့်တော့မယ်ထင်ပြီး ပျော်သွားပုံရပါတယ်။ ဒီအုပ်စုရဲ့ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်တော့မယ်ပေါ့လေ။

ကျွန်မက ကျွန်မကို စိုက်ကြည့်နေတဲ့ ဩဂစ္စတပ်စ် ဝါးတားစ်ကို လှမ်းကြည့်လိုက်တယ်။ သူ့မျက်လုံးတွေက ပြာလွန်းလို့ ဖောက်ထွင်းပြီး မြင်ရတော့မလား တောင် ထင်ရတယ်။

"လူတိုင်း. . . ကျွန်မတို့အားလုံးပေါ့လေ၊ သေဆုံးသွားမယ့် အချိန်တစ်ခု ဆီ မလွဲမသွေ ရောက်မှာပါ။ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ကျွန်မတို့ ရှင်သန်ခဲ့ဖူး ကြောင်း၊ ကျွန်မတို့ လူသားမျိုးနွယ်တွေ လုပ်ခဲ့ဖူးတဲ့ ဘယ်လိုအရာကိုမဆို တည်ရှိ ခဲ့ဖူးကြောင်း သတိမရတော့တဲ့ အချိန်တစ်ခုကို ရောက်လာလိမ့်မယ်။ အရစ္စတိုတယ်၊ ကလီယိုပက်ထရာဆိုတာ ဘယ်သူဘယ်ဝါမှန်း မသိတော့ဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့မယ် ဆိုပါတော့။ ကျွန်မတို့ လုပ်ခဲ့သမျှ၊ တည်ဆောက်ခဲ့သမျှ၊ ရေးသား ခဲ့သမျှ၊ တွေးတောခဲ့သမျှ၊ ရှာဖွေတွေ့ရှိခဲ့သမျှ အရာအားလုံး မေ့ပျောက်ခြင်းခံရပြီး အရာအားလုံး. . . "

ကျွန်မက ပြောရင်း လက်တွေ ဝေ့ဝဲပြလိုက်တယ်။

". . . အားလုံးဟာ အချည်းနှီးဖြစ်သွားမယ်။ အဲဒီအချိန်ဟာ မကြာမတင် မှာပဲ ရောက်လာနိုင်သလို နောက်ထပ် နှစ်သန်းပေါင်းများစွာ ကြာချင်လည်း ကြာဦးမယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ နေမင်းကြီး ပြိုလဲသွားသည့်တိုင် အသက်ရှင်ကျန် မယ်ဆိုရင် လည်း ထာဝရတော့ မရှင်သန်နိုင်ပါဘူး။ သတ္တဝါတွေ သိမှုကို သိရှိတဲ့ အချိန် မတိုင်မီကတည်းက အချိန်ဆိုတာ ရှိနေခဲ့သလို နောင်လည်း ရှိနေဦးမှာပါပဲ။ နောက်ပြီး တကယ်လို့များ လူသားတွေ မလွဲမရှောင်သာ ကြုံတွေ့ရမယ့် မေ့ပျောက် ခြင်းခံရမှုကို စိတ်ပူတယ်ဆိုရင်တော့ မသိချင်ယောင်သာ ဆောင်ထားလိုက်ပါတော့ လို့ ကျွန်မကတော့ အကြံပေးချင်တယ်။ ဒါဟာ လူတိုင်း တစ်နေ့မှာ မလွဲမသွေ ကြုံတွေ့မှာပဲလို့ ဘုရားသခင်က သိထားပြီးသားပါ"

ကျွန်မက ဒီစာသားတွေကို အစောပိုင်းတုန်းက ပြောပြခဲ့တဲ့ တတိယ မြောက် အချစ်ဆုံး သူငယ်ချင်းဖြစ်တဲ့၊ တော်ဝင်ဝေဒနာ ဆိုတဲ့စာအုပ်ကို ရေးတဲ့ စာရေးဆရာ ပီတာ ဗန်ဟူတန် ဆီကနေ ရတာပါ။ အဲဒီစာအုပ်က သမ္မာကျမ်းစာလိုပဲ ကျွန်မနဲ့ အရမ်းရင်းနှီးတဲ့အရာတစ်ခုပေါ့။ ပီတာ ဗန်ဟူတန်ဆိုတာ ကျွန်မ တွေ့ဖူး

mgyoe.com SAMPLE BOOK

သမ္ဘူတွေထဲမှာတော့ (က) သေလုမြောပါးခံစားချက်က ဘာနဲ့တူသလဲ ဆိုတာကို နားလည်တဲ့၊ (ခ) အရှင်လတ်လတ် ရှိနေသေးတဲ့ လူတစ်ယောက် လို့ပဲ ပြောရမယ်။ ကျွန်မပြောလို့ပြီးတဲ့နောက် အတော်ကြာကြာ တိတ်ဆိတ်သွားတယ်။ ဩဂစ္စတပ်စ်ရဲ့ မျက်နှာပေါ် မှာ အပြုံးတစ်ချက် ဖြတ်ပြေးသွားတာကို ကျွန်မ ငေးကြည့်နေမိတယ်။ ကျွန်မကို ငေးကြည့်နေတုန်းက ဆက်စီကျအောင် တမင်လုပ်ယူထားတဲ့အပြုံးမျိုး မဟုတ်သလို လှောင်ပြုံးလည်းမဟုတ်ဘဲ သူ့မျက်နှာနဲ့တောင် မဆန့်တော့တဲ့ တကယ့်အပြုံးစစ်စစ် တစ်ခုပေါ့။

"ဟိုက်ရှားဘား. . . မင်းက တစ်ခုခုပဲ" လို့ ဩဂစ္စတပ်စ်က ခပ်တိုးတိုး ရေရွတ်တယ်။

ကျွန်မတို့နှစ်ယောက်လုံး ကျန်တဲ့လူတွေကို ဘာစကားတစ်ခွန်းမှ မဆိုမိဘူး။ အဆုံးသတ်မှာတော့ ကျွန်မတို့အားလုံး လက်ချင်းဆုပ်ကိုင်ပြီး ပက်ထရစ်က ဆုတောင်းစကားဆိုတယ်။

"အဖဘုရားသခင်. . . ကျွန်တော်တို့ဟာ ကင်ဆာရောဂါမှ ရှင်သန် လွန်မြောက်လာသူများအနေနဲ့ အရှင့်ရဲ့နှလုံးသားမှာ စုရုံးရောက်ရှိနေကြပါတယ်။ အရှင်တစ်ဦးတည်းကသာ ကျွန်တော်တို့ ကိုယ့်ဘာသာ သိသလို သိတော်မူပါတယ်။ ကျွန်တော်တို့ကို စမ်းသပ်နေတဲ့အချိန် တစ်လျှောက်လုံး ရှင်သန်ခြင်းနဲ့ အလင်း ရောင်ကို ပေးသနားတော် မူပါတယ်။ ကျွန်တော်တို့ဟာ အိုင်းစက်ရဲ့ မျက်လုံးများ အတွက်၊ မိုက်ကယ်နဲ့ ဂျေမီ့ သွေးအတွက်၊ ဩဂစ္စတပ်စ်ရဲ့ အရိုးတွေအတွက်၊ ဟေဇယ့် အဆုတ်တွေအတွက်၊ ဂျိမ်းစ်ရဲ့ လည်ပင်းအတွက် ဆုတောင်းပါတယ်။ ကျွန်တော်တို့ကို ပျောက်ကင်းအောင် ဆောင်မပေးတော်မူပါ။ အရှင့်ရဲ့ မေတ္တာ တရားကို ခံစားမိပြီး နားလည်မှုတွေ အားလုံးကို လက်ဆင့်ကမ်းပေးမယ့် ငြိမ်းချမ်း မှုမျိုး ပေးသနားတော်မူပါ။ နောက်ပြီး ကျွန်တော်တို့နှလုံးသားထဲမှာ ကျွန်တော်တို့ သိထား၊ ချစ်ခင်နေတဲ့၊ အတူတူ အိမ်ကို ပြန်မယ့်သူကို မှတ်မိပါစေ။ မာရီရာ၊ ကိတ်၊ ဂျိုးဆက်၊ ဟေလီ၊ အဘီဂေးလ်၊ အိန်ဂျလီနာ၊ တေလာ၊ ဂေဘရီရယ်နဲ့. . ."

စာရင်းက အရှည်ကြီး။ ကမ္ဘာကြီးမှာ လူသေတွေ အများကြီးပါလား။ နောက်ပြီး ရှည်လွန်းလို့ အလွတ်မမှတ်မိနိုင်တဲ့အတွက် စာရွက်ထဲက နာမည်စာရင်း ကို ကြည့်ပြီးဖတ်ပြနေတဲ့ ပက်ထရစ်ရဲ့ စကားမဆုံးသေးခင် ကျွန်မက မျက်လုံးတွေ ကို မှိတ်ပြီး ဆုတောင်းစာထဲမှာ စျာန်ဝင်ကြည့်ဖို့ ကြိုးစားပေမယ့် ကျွန်မနာမည့် အဲဒီစာရင်းထဲမှာ ပါလာမယ့်နေ့ကို စိတ်ကူးထဲမှာ ပုံဖော်ကြည့်နေမိတယ်။ နောက်

mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးတစ်နေ့မှာ ဘယ်သူကမှ အဲဒီစာရင်းကို အရေးတယူ နားထောင်နေတော့မှာ မဟုတ်ပါဘူး။

ပက်ထရစ် ရွှတ်ဆိုလို့ ပြီးသွားတဲ့အချိန် "အကောင်းဆုံးဘဝကို ဒီနေ့က စပြီး ရှင်သန်မယ်" ဆိုတဲ့ ကြောင်တောင်တောင် ဂါထာရွတ်ပြီး အခမ်းအနားကို အဆုံးသတ်လိုက်ကြတယ်။ ဩဂစ္စတပ်စ် ဝါးတားစ်က ထိုင်ခုံကနေထပြီး ကျွန်မဆီ လျှောက်လာတယ်။ သူ့လမ်းလျှောက်ပုံက သူ့အပြုံးလိုပဲ ခပ်ဆန်းဆန်း။ ကျွန်မအပေါ် အုပ်မိုးပြီး ကြည့်နေပေမယ့် ခပ်လှမ်းလှမ်းမှာပဲ ရှိနေလေတော့ ကျွန်မကလည်း သူ့မျက်လုံးထဲကို မြင်ရအောင် လည်ပင်းဆန့်ပြီး ကြည့်နေစရာ မလိုတော့ဘူးလေ။

"နင့်နာမည်က ဘာတဲ့လဲ"

"ဟေဇယ်"

"မဟုတ်ဘူး။ နာမည်အပြည့်အစုံကို မေးတာ"

"ဟေဇယ် ဂရေ့စ် လန်ကက်စတာ"

အိုင်းဆက် အနားရောက်လာတဲ့အချိန် သူက တစ်ခုခု ပြောဖို့ လုပ်နေတုန်း ရှိသေးတယ်။

"ခဏလေးနော်"

ဩဂစ္စတပ်စ်က ပြောရင်း လက်ညှိုးကလေး ထောင်ပြီး အိုင်းဆက်ဘက်ကို လှည့်သွားတယ်။

"မင်း ပြောတာထက် အတော်လေး ဆိုးတာပဲ"

"မင်းကို ပြောသားပဲ။ စိတ်မကြည်စရာ ကောင်းပါတယ်လို့"

"ဒါများ ဘာမကြည်လင်စရာ ရှိနေလို့လဲကွာ"

"မသိဘူးလေ။ အဲဒါက ဘာများထူးသွားမှာမို့လဲ"

ဩဂစ္စတပ်စ်က သူပြောတာ ကျွန်မ မကြားအောင်လို့ ခါးကို ကိုင်းလိုက်တယ်။

"သူက အမြဲတမ်း ဒီကို လာတက်နေကျလား"

အိုင်းဆက်ပြန်ဖြေသံကို ကျွန်မ မကြားရပေမယ့် "ငါ ပြောလိုက်မယ်" ဆိုတဲ့ ဩဂစ္စတပ်စ်ရဲ့အသံကိုတော့ ကြားလိုက်တယ်။ သူက အိုင်းဆက်ရဲ့ ပခုံးနှစ်ဖက်ကို ခပ်ဆတ်ဆတ်ကလေး ပုတ်လိုက်ပြီး သူ့အနားက ခွာလာတယ်။

"ဟေဇယ့်ကို ဆေးခန်းအကြောင်း ပြောပြလိုက်စမ်းပါ"

အိုင်းဆက်က မုန့်စားပွဲပေါ် လက်တစ်ဖက်ထောက်ပြီး သူ့မျက်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

အကြီးကြီးနဲ့ ကျွန်မကို စိုက်ကြည့်နေတယ်။

"အိုကေ. . . ဒီမနက် ငါဆေးခန်းထဲကို သွားတယ်။ ပြီးတော့ ဆရာဝန်ကို ပြောပြတယ်။ မျက်လုံး မမြင်မယ့်အစား နားပဲကန်းသွားလိုက်ချင်တယ်ပေါ့။ သူက 'ဒီလိုတော့ မရဘူးလေ' ဆိုတော့ ငါက 'အင်း. . . ကျွန်တော်လည်း ဒီလိုမရဘူးဆိုတာ သိပါတယ်။ တကယ်လို့ ရွေးချယ်စရာများရှိခဲ့ရင် မျက်လုံးမမြင်တာထက် နားမကြားတာကိုပဲ ရွေးလိုက်ချင်တယ်လို့ ပြောပြတာပါ။ တကယ် မရဘူးဆိုတာလည်း သိပါတယ်' လို့ ပြောလိုက်တယ်။ အဲဒီတော့ သူက 'သတင်းကောင်းကမင်း နားမကြားစရာ မရှိဘူး' တဲ့။ အဲဒီတော့ ငါကလည်း 'ကျွန်တော့် မျက်လုံးကင်ဆာက နားကန်းသွားအောင် မလုပ်နိုင်မှန်း ရှင်းပြပေးတဲ့အတွက် ကျေးဇူးပါဆရာ။ ပညာအရာမှာ ဂုရုကြီးတစ်ဆူဖြစ်တဲ့ ဆရာ့လို လူကိုယ်တိုင်က ကျွန်တော့်ကို ခွဲစိတ်ပေးမယ်ဆိုတော့ ကျွန်တော့်အတွက် ကံကောင်းမှုကြီးတစ်ခု ဖြစ်နေပါပြီ' ပေါ့လေ"

"သူ့လေသံက အောင်နိုင်သူတစ်ယောက်လိုပဲ။ ဒီလူ့အဖော်ဖြစ်အောင် မျက်စိကင်ဆာ လိုက်ဖြစ်အောင်ပဲ လုပ်ရတော့မလိုလို" လို့ ကျွန်မက ပြောလိုက်တယ်။

"ကံကောင်းတာပေါ့။ ကဲ. . . ငါသွားဦးမှ။ မိုနီကာ စောင့်နေလိမ့်မယ်။ မျက်စိမြင်တုန်းလေး သူ့ကို တဝကြီး ကြည့်ချင်သေးတယ်"

"မနက်ဖြန် တန်ပြန်တိုက်ခိုက်မှု လုပ်ဦးမလား"

ဩဂတ်စတပ်စ်က လှမ်းမေးတယ်။

"လုပ်တာပေါ့"

အိုင်းဆက်က လှေကားကို နှစ်ထစ်ဆီ ကျော်နင်းတက်ရင်း ပြန်အော်ပြီး ဖြေသွားတယ်။

ဩဂတ်စတပ်စ် ဝါးတားစ်က ကျွန်မဘက်ကို လှည့်လာတယ်။

"သဘောပြောတာပါ"

"သဘောပြောတာ ဟုတ်လား"

"ငါတို့က ယေရှုရဲ့နှလုံးသားထဲမှာ ရောက်နေတဲ့ သဘောလေ မဟုတ်ဘူးလား။ ဘုရားကျောင်းတစ်ခုရဲ့ မြေအောက်ထပ်မှာ ရှိနေပေမယ့် တကယ်တမ်းတော့ ယေရှုရဲ့ နှလုံးသားထဲမှာ ရှိနေတဲ့သဘောလေ"

"ယေရှုကိုတော့ အသိပေးထားသင့်ပြီ ထင်တယ်။ ကင်ဆာရောဂါရှိနေတဲ့

mgyoe.com

mgyoe.com

ကလေးတွေကို သူ့နှလုံးသားထဲ ထည့်ထားတာ အန္တရာယ်ရှိတယ် မဟုတ်လား"

"အင်း. . . ငါကိုယ်တိုင် ယေရှုကို ပြောလိုက်ပါမယ်။ ဒါပေမဲ့ ကံမကောင်းတာက ငါကိုယ်တိုင်လည်း သူ့နှလုံးသားထဲမှာ ပိတ်မိနေတဲ့ သဘောဆိုတော့ ငါပြောလည်း သူက ကြားမှာ မဟုတ်ပါဘူး"

အဲဒီလို ဩဂစ္စတပ်စ်က ပြောတော့ ကျွန်မ ရယ်မိတယ်။ သူက ကျွန်မကို လှမ်းကြည့်ရင်း ခေါင်းခါတယ်။

"ဘာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"နင် ငါ့ကို ဘာလို့ အဲဒီလိုကြီး ကြည့်နေရတာလဲ"

ဩဂစ္စတပ်စ်ရဲ့ အပြုံးက မပွင့်တပွင့်။

"ဘာလို့လဲဆိုတော့ နင်က လှလို့။ ငါက လှတဲ့သူတွေကို ကြည့်နေရတာ သဘောကျတယ်။ နောက်ပြီး သိပ်မကြာသေးခင်ကပဲ တည်ရှိမှုရဲ့ ရိုးရှင်းလှပတဲ့ ကြည်နူးစရာတွေကို မငြင်းဆိုတော့ဖို့ ကိုယ့်ဘာသာ ကတိပေးထားတာ"

ကျွန်မတို့နှစ်ယောက်ကြား ထူးဆန်းတဲ့ တိတ်ဆိတ်မှုက ကြီးစိုးသွားပြန်တယ်။ ဩဂစ္စတပ်စ်ကပဲ အဲဒီတိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တယ်။

"ပြောချင်တာကကွာ၊ နင် အခုနက အားရပါးရ ထောက်ပြခဲ့သလိုပေါ့။ ဒါတွေအားလုံး မေ့ပျောက်ခံရခြင်းတွေနဲ့ အရာရာ အဆုံးသတ်သွားမှာပဲ"

ကျွန်မမှာ ချောင်းပဲ ဟန့်ရမလို၊ သက်ပြင်းပဲ ချရမလိုတွေ ဖြစ်ကုန်တယ်။ နောက်တော့ ဗလုံးဗထွေးနဲ့ ပြန်ပြောမိတယ်။

"ငါက မလှ. . ."

"နင့်ပုံစံက နတ္တာလီပို့တ်မင်း အသေးစားလေးနဲ့ တူတယ်။ ဟိုလေ. . . **V for Vendetta** ရုပ်ရှင်ကားထဲက မင်းသမီးလေဟာ"

"မကြည့်ဖူးဘူး"

"တကယ်လား။ ဆံပင်ထောင်ထောင်နဲ့ ကောင်မလေး ချောချောလေးလေ။ အုပ်ချုပ်သူ လူတန်းစားကို သဘောမကျတဲ့သူ။ ဒုက္ခပေးမယ့်ကောင်လို့ သိသိလျက်နဲ့ ကောင်လေးတစ်ယောက်ကို ချစ်မိသွားတဲ့ တစ်ယောက်လေ။ ဒါ နင့်ရဲ့ ပင်ကိုရေးအတ္ထုပ္ပတ္တိပဲ။ အခုထိတော့ ငါ သေချာပေါက် ပြောနိုင်သေးတယ်"

သူ့စကားလုံးတွေတိုင်းက ကျွန်မကို မြှူဆွယ်နေသလိုလို။ အမှန်အတိုင်း ပြောရရင် သူက ကျွန်မစိတ်ကို လှုပ်ရှားစေတဲ့သူ။ တကယ့်လက်တွေ့ဘဝမှာတော့

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ျားလေးတွေက ကျွန်မစိတ်ကို လှုပ်ရှားစေမလား သေချာမသိဘူးရယ်။

ကောင်မလေး ငယ်ငယ်တစ်ယောက် ကျွန်မတို့အနားက ဖြတ်လျှောက်သွားတော့ သူက လှမ်းနှုတ်ဆက်တယ်။

"နေကောင်းရဲ့လား အလစ်ဆာ"

သူမက ပြန်ပြုံးပြပြီး ခပ်တိုးတိုး နှုတ်ဆက်တယ်။

"ဟိုင်း. . . ဩဂစ္စတပ်စ်"

"အထိမ်းအမှတ်က လူတွေပေါ့"

အထိမ်းအမှတ် ဆေးရုံဆိုတာ သုတေသနပါ တွဲလုပ်တဲ့ ဆေးရုံကြီးတစ်ခုပါ။

"နင်က ဘယ်မှာ ပြလဲ"

"ကလေးဆေးရုံမှာ"

ပြန်ဖြေလိုက်တဲ့ ကျွန်မအသံက ထင်ထားတာထက် ပိုပြီး သေးငယ်နေသလိုလို။ သူက ခေါင်းညိတ်တယ်။ စကားဝိုင်းကတော့ အဆုံးသတ်သွားပြီထင်ပါရဲ့။

"ကဲ. . . "

ကျွန်မကလည်း သံယောင်လိုက်ပြီး မသိမသာ ခေါင်းလေးညိတ်ရင်း ယေရှုရဲ့နှလုံးသားဆိုတဲ့ နေရာကနေ လှည့်ထွက်တဲ့ဆီ ခြေဦးလှည့်လိုက်မိတယ်။ ကျွန်မရဲ့ အောက်စီဂျင်လှည်းကလေးကို ဆွဲပြီး လမ်းစလျှောက်တယ်။ သူက ကျွန်မဘေးကနေ ထော့ကျိုးထော့ကျိုးနဲ့ လိုက်လာတယ်။

"ဒါဖြင့် နောက်တစ်ခေါက် ထပ်တွေ့ရဦးမလား" ကျွန်မက မေးလိုက်တယ်။

"နင် ကြည့်သင့်တယ်။ ဟိုလေ. . . **V for Vendetta** ရုပ်ရှင်ကို ပြောတာ"

"ဟုတ်ပါပြီ။ ငါ ရှာကြည့်လိုက်ပါ့မယ်"

"မဟုတ်ဘူး။ ငါနဲ့အတူတူ ကြည့်ဖို့ ပြောတာ။ ငါ့အိမ်မှာလေ။ အခု. . . "

ကျွန်မ ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားတယ်။

"ငါ နင့်ကို သေချာတောင် မသိသေးဘူး ဩဂစ္စတပ်စ် ဝါးတားစ်ရဲ့။ နင်က စိတ္တဇလူသတ်သမားလည်း ဖြစ်နိုင်တာပဲလေ"

သူက ခေါင်းညိတ်တယ်။

"မှန်တယ် ဟေဇယ် ဂရေ့စ်"

သူက ကျွန်မကို ကျော်သွားတယ်။ သူ့ပခုံးတွေက ဝတ်ထားတဲ့ သိုးမွေးပိုလိုရှပ်အောက်မှာ ပြည့်ပြည့်တင်းတင်း။ နောက်ကျောက ခပ်ဖြောင့်ဖြောင့်။ ခြေလှမ်းတွေကတော့ ညာဘက်ကို နည်းနည်းယိုင်ချင်တယ်။ သေချာတာက

mgyoe.com

mgyee.com

အဲဒီဘက်မှာ ခြေထောက်အတု ထည့်ထားတာပဲ ဖြစ်ရမယ်။ အရိုးကင်ဆာဆိုတာ တစ်ခါတလေမှာ ခြေထောက် ထော့နင်းထော့နင်း ဖြစ်တာကစပြီး လက္ခဏာပြတတ်တာပဲလေ။ နောက်တော့ အဲဒီရောဂါက ကိုယ့်ကို သဘောကျသွားပြီဆိုရင် တစ်ကိုယ်လုံးကို သိမ်းပိုက်ပစ်လိုက်တာပေါ့။

ကျွန်မ သူ့အနောက်က လိုက်ပြီး အပေါ်ထပ်ကို တက်သွားမိတယ်။ တဖြည်းဖြည်းချင်း အပေါ်ကို တက်နေပေမယ့် ခြေထောက်တွေက မြေကြီးနဲ့ ထိတယ်ကို မထင်မိဘူး။ လှေကားထစ်ဆိုတာကလည်း ကျွန်မအဆုတ်တွေအတွက် ရှိတယ်လို့တောင် သတ်မှတ်လို့မရတဲ့ စိန်ခေါ်မှုပဲ။

နောက်တော့ ကျွန်မတို့နှစ်ယောက်သား ယေရှုရဲ့နှလုံးသားဆိုတဲ့ အထဲက နေထွက်ပြီး ကားပါကင်ဆီလျှောက်လာတဲ့အချိန် နွေဦးရာသီရဲ့ လေနုအေးလေးက နေသာတယ်ဆိုရုံ ခပ်အေးအေး တိုက်ခတ်နေတယ်။ ညနေစောင်းရဲ့ အလင်းရောင်က တောင် ဒီလှပမှုကို နာကျင်သွားမှာစိုးရိမ်နေပုံနဲ့ မှိန်ဖျော့ဖျော့လေး လင်းပေးနေတယ်။

မေမေ ရောက်မလာသေးဘူး။ ဒါက ပုံမှန်မဟုတ်ဘူး။ မေမေက အမြဲတမ်း ကျွန်မကို ထိုင်စောင့်နေတတ်တာလေ။ ဟိုဟိုသည်သည် မျက်စိကစားကြည့်တော့ အရပ်ရှည်ရှည် ကိုယ်လုံးလှလှ၊ ဆံပင်နီနီနဲ့ ကောင်မလေးတစ်ယောက်က အိုင်းဆက်ကို နံရံပေါ် တွန်းထားပြီး ခပ်ကြမ်းကြမ်း နမ်းနေတာ လှမ်းတွေ့လိုက်ရတယ်။ ကျွန်မနဲ့ သိပ်နီးနေတော့ သူတို့အချင်းချင်း နမ်းလိုက်ရာက ထွက်လာတဲ့ ထူးထူးဆန်းဆန်း အသံတွေကို ကြားနေရတဲ့အပြင် အိုင်းဆက်ပြောလိုက်တဲ့ "အမြဲတမ်းနော်" ဆိုတာကို ကောင်မလေးဘက်က ပြန်ဖြေတဲ့ "အမြဲတမ်း" ဆိုတာတွေကိုပါ ကြားနေရတယ်။

ရုတ်တရက် ကျွန်မဘေးရောက်လာတဲ့ ဩဂစ္စတပ်စ်က ခပ်တိုးတိုး လှမ်းပြောလိုက်တယ်။

"သူတို့က လူတွေအရှေ့မှာလည်း ချစ်ကြောင်းပြရတယ်လို့ ယုံကြည်ကြသူတွေလေ"

"အမြဲတမ်း. . . ဆိုတာ ဘာလဲ"

တပွတ်ပွတ် မြည်သံတွေက ပိုကျယ်လာတယ်။

"အမြဲတမ်း ဆိုတာ သူတို့အထာပေါ့ကွာ။ သူတို့အချင်းချင်း အမြဲတမ်း ချစ်နေမယ်. . . ဘာညာပေါ့။ ပြီးခဲ့တဲ့ တစ်နှစ်အတွင်း သူတို့အချင်းချင်း မက်ဆေ့ချ်

mgyoe.com SAMPLE BOOK

ပို့ရင် အမြဲတမ်း ဆိုတဲ့စကားလုံးကို အကြိမ်ရေ လေးသန်းလောက် ရေးမယ်လို့ ငါ့ဘာသာ ခန့်မှန်းကြည့်မိတာပဲ"

နောက်ထပ် အိမ်စီးကားတွေ ထပ်ရောက်လာပြီး မိုက်ကယ်နဲ့ အလစ်ဆာကို ခေါ်သွားကြတယ်။ အခုတော့ အိုင်းဆက်နဲ့ မိုနီကာ့ကို ကြည့်နေတာ ကျွန်မနဲ့ ဩဂတ်စတပ်ပဲ ကျန်တော့တယ်။ ဟိုအတွဲကတော့ အချစ်နာလန်ထပြီး ဘုရားကျောင်းကို ကိုးကွယ်ရာ အထွတ်အမြတ်နေရာလို့တောင် မသတ်မှတ်တော့လောက်အောင် အရှိန်တက်နေကြပြီ။ အိုင်းဆက်လက်တွေက ကောင်မလေးရဲ့အကျီပေါ်ကနေ တောင်ပူစာ မို့မို့ကလေးကို ဆုပ်နယ်နေပြီး လက်ချောင်းတွေက အငြိမ်မနေဘဲ တရွေ့ရွေ့ သွားနေကြတယ်။ အဲဒါ ဘယ်လို ခံစားရမလဲလို့ ကျွန်မ တွေးနေမိတယ်။ အမြင်မသင့်ပေမဲ့ *မကြာခင်မှာ မျက်စိမမြင်ဖြစ်တော့မယ့် အိုင်းဆက်ကို ခွင့်လွှတ်သင့်ပါတယ်လေ* လို့ ဖြေတွေးတွေးလိုက်မိတယ်။ ခံစားချက်အာရုံဆိုတာ ဆာလောင်မွတ်သိပ်နေချိန်မှာ ပိုပြီး ထက်မြက်တယ် မဟုတ်လား။

"ဆေးရုံကို နောက်ဆုံးတစ်ခေါက် ကားမောင်းပြီး သွားတဲ့အခိုက်အတန့်ကို ပြန်တွေးကြည့်စမ်းပါ။ နင် ဘယ်တုန်းက နောက်ဆုံးအကြိမ် ကားမောင်းခဲ့တာလဲ" လို့ ကျွန်မက ခပ်တိုးတိုး မေးလိုက်တယ်။

ဩဂတ်စတပ်စ်က ကျွန်မကို လှည့်မကြည့်ဘဲ ပြန်ပြောတယ်။

"နင်က ငါ့အာရုံကို ဖျက်ပစ်လိုက်တာပဲ ဟေဇယ်ဂရေ့စ်ရဲ့။ ငါက ငယ်ရွယ်သူတို့ရဲ့အချစ်ကို ဘယ်လိုအရာက ကြောင်တောင်တောင်နိုင်စေသလဲ စူးစမ်းနေတာကွ"

"ငါကတော့ သူ ဟိုကောင်မလေးရင်သားတွေ နာအောင် လုပ်နေတယ်လို့ပဲ ထင်တာပဲ"

"အင်း. . . ပြောရတော့ ခက်တယ်။ သူက ကောင်မလေးကို စိတ်ကြွအောင် လုပ်နေတာလား။ ရင်သား စစ်ဆေးမှု လုပ်နေသလား မသဲကွဲဘူး"

နောက်တော့ ဩဂတ်စတပ်စ် ဝါးတားစ်က အိတ်ထဲနှိုက်လိုက်ပြီး စီးကရက်ဘူးကို ဆွဲထုတ်လိုက်တယ်။ ဘူးကို ဖွင့်ပြီး စီးကရက်တစ်လိပ်ကို နှုတ်ခမ်းနှစ်ခုကြား ညှပ်လိုက်တယ်။

"တကယ်ကြီးလား။ နင်က ဒါကို မိုက်တယ်ထင်နေတာလား။ ဘုရားရေ. . . နင်က အရာအားလုံးကို ပျက်စီးအောင် လုပ်နေတာပဲ"

"ဘယ်အရာအားလုံးလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

သူက ကျွန်မဘက် လှည့်ပြီးမေးတယ်။ စီးကရက်က သူ့နှုတ်ခမ်းရဲ့အပြုံးနဲ့ လွတ်ကင်းတဲ့ နေရာလေးမှာ ပြုတ်ကျတော့မယောင် တွဲလွဲခိုလို့။

"အရာအားလုံးဆိုတာ ဆွဲဆောင်မှုမရှိတဲ့၊ သို့မဟုတ် ဉာဏ်မရှိတဲ့၊ ဒါမှမဟုတ် လက်ခံနိုင်စရာ အကြောင်းမရှိတဲ့ စူးစူးရဲရဲ အကြည့်မျိုးနဲ့ ငါ့ကို စိုက်ကြည့်နေရင်း 'သဘောပြောတာ' ဆိုတဲ့ အသုံးအနှုန်းကို ထောက်ပြပြီး ငါ့ကို မင်းသမီးနဲ့ တူတယ်ပြောလိုပြော၊ နောက်ပြီး အိမ်လိုက်ပြီး သူနဲ့အတူ ရုပ်ရှင်ကြည့်ဖို့ ခေါ်တဲ့ ကောင်လေးတစ်ယောက်နဲ့ အတူရှိနေရတဲ့ ဟောဒီကိစ္စကြီး တစ်ခုလုံးကို ပြောတာပေါ့။ ဒါပေမဲ့ သေချာတာတစ်ခုက နင်ဟာ နင့်ရဲ့ ဝမ်းနည်းစရာကောင်းတဲ့ကျရှုံးမှုနဲ့ အမြဲရှိနေမယ် ဆိုတာပဲ။ နောက်ပြီး 'ဘုရားရေ' နင့်မှာ ကင်ဆာရှိနေတာတောင်မှ နောက်ထပ်ကင်ဆာရောဂါတွေ ထပ်ပေးမယ့် ကုမ္ပဏီကို ငွေတွေပုံပေးပြီး အခွင့်အရေးတွေ ပေးနေတာပဲ။ ဘုရား. . . ဘုရား။ အသက်ရှူလို့ မရဘူးဆိုတာ ဘယ်လိုမျိုးလဲ နင့်ကို ပြောပြရမလား။ သောက်ရမ်းဆိုးတယ်ဟဲ့။ စိတ်ပျက်စရာ သိပ်ကောင်း။ အရမ်းကောင်း"

"ဝမ်းနည်းစရာ ရှုံးနိမ့်မှုတဲ့လား"

သူမေးလိုက်တဲ့အချိန် စီးကရက်က သူ့ပါးစပ်မှာ တပ်လျက်သား ရှိနေဆဲပဲ။ မေးရိုးတွေတော့ တင်းသွားတယ်။ သူ့မေးရိုးက သေသပ်လှပလိုက်တာ။

"သေလောက်တဲ့ အားနည်းချက်တစ်ခုပေါ့"

ကျွန်မက သူ့ဆီကနေ လှည့်ထွက်လာရင်း အဖြေပြန်ပေးလိုက်တယ်။ သူ့ကို ထားရစ်ခဲ့ပြီး လှည့်ထွက်လာတဲ့အချိန် လမ်းတစ်လျှောက် မောင်းဝင်လာတဲ့ ကားတစ်စီးအသံကို ကြားလိုက်ရတယ်။ မေမေ လာကြိုတာ။ ကြည့်ရတာ သူ့သမီးကို သူငယ်ချင်းအသစ်တွေ ရပါစေတော့ဆိုပြီး တမင်နောက်ကျအောင် အချိန်စောင့်နေပုံပဲ။

ကျွန်မစိတ်ထဲ စိတ်ပျက်မှုနဲ့ ဒေါသရောတဲ့ ခံစားချက်တစ်ခုက ရစ်ဝဲသိုင်းဖွဲ့လာတယ်။ အဲဒီခံစားချက်က ဘာရယ်လို့တောင် အမျိုးအမည် တပ်လို့မရဘူး။ ခံစားရတာ တနင့်တပိုးမို့ ဩဂုစ္စတပ်စ် ဝါးတားစ်ကို ရိုက်ပစ်လိုက်ပြီး အဆုတ်ရယ်လို့ ကောင်းကောင်းမွန်မွန် အလုပ်မလုပ်နိုင်တော့တဲ့ ကျွန်မအဆုတ်တွေကို ကောင်းတဲ့ အဆုတ်နဲ့ လဲပစ်လိုက်ချင်စိတ်ပဲ ရှိတော့တယ်။ ကျွန်မက အောက်စီဂျင်အိုးကလေး ဘေးမှာချလို့ မြေကွက်လပ်အစွန်းလေးမှာ ရပ်နေတုန်း မေမေ့ကား ကျွန်မအရှေ့ တည့်တည့် ထိုးရပ်လာတဲ့အချိန်မှာပဲ လက်တစ်ဖက်က ကျွန်မလက်ကို လာဆွဲတာကို

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားလိုက်ရတယ်။

ကျွန်မက လက်ကို လွတ်အောင် ရုန်းလိုက်ပေမယ့် သူ့ဘက်ကို လှည့်ပြီးသား ဖြစ်နေတယ်။

“ဒါကို မီးမညှိမချင်း သူတို့က မင်းကို သတ်လို့ မရပါဘူး”

သူ ပြောနေတုန်း မေမေ့ကားက မြေကွက်လပ်အစွန် ကျွန်မ ရပ်နေတဲ့နေရာကို ရောက်လာတယ်။

“ပြီးတော့ ငါ ဘယ်တုန်းကမှလည်း မီးမညှိခဲ့ဖူးဘူး။ ဒါက တင်စားမှုနိမိတ်ပုံ တစ်ခုပါပဲ။ ဒီမှာကြည့်။ လူသတ်လက်နက်ကို ငါ့သွားတွေကြားထဲမှာကိုက်ထားတယ်။ ဒါပေမဲ့ သတ်လို့ရအောင် အခွင့်အရေး ပါဝါ မပေးဘူး”

“အဲဒါက တင်စားမှုနိမိတ်ပုံတစ်ခု”

ကျွန်မက ယောင်တောင်ပေါင်တောင်နဲ့ လိုက်ပြောမိတော့ မေမေကကြောင်တောင်တောင် ဖြစ်လို့။

“ဟုတ်တယ်။ ဒါက တင်စားမှုနိမိတ်ပုံ တစ်ခုပဲ”

“ကိုယ့်ရဲ့ အမူအကျင့်ကို သူတို့ရဲ့ တင်စားမှု ပုံရိပ်ယောင်ပေါ်အခြေခံပြီး ရွေးချယ်တာပဲ” လို့ ကျွန်မ ပြောမိတယ်။

“အဟုတ်ပဲ။ ငါက အဲဒီတင်စားမှုကို အရူးအမူး ယုံတဲ့ကောင်ပဲ ဟေဇယ်ဂရေ့စ်ရဲ့”

ပြန်ပြောလာတဲ့ သူ့အပြုံးက အားပါးတရ။ ပြီးတော့ တကယ့်ကို ကြောင်တောင်တောင် ဂေါက်တောက်တောက် အပြုံးမျိုး။

ကျွန်မက ကားဆီ လျှောက်သွားပြီး ပြတင်းပေါက် မှန်ကို ခေါက်လိုက်တော့မေမေက ချပေးတယ်။

“သမီး ဩဂစ်စတပ်စ် ဝါးတားစ်နဲ့ ရုပ်ရှင်လိုက်ကြည့်မလို့။ အမေရိကန်မော်ဒယ်လ် ပြိုင်ပွဲရဲ့ နောက်ထပ်အပိုင်းတွေလည်း ဆက်ကူးပေးထားဦးနော်”

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ဩဂုစ္စတပ်စ် ဝါးတားစ်က ကားမောင်းတာ ကြောက်ဖို့ ကောင်းတယ်။ စပဲ ထွက်ထွက်၊ ရပ်ပဲ ရပ်ရပ် ဝုန်းဒိုင်းကြဲပဲ။ သူ ဘရိတ်နင်းလိုက်တိုင်း ကျွန်မက သူ့ကားထဲမှာ ခါးပတ်ပတ်ထားတာတောင် လွင့်ထွက်သွားတတ်ပြီး လီဗာနင်းပြီဟေ့ ဆိုရင် ကျောက ထိုင်ခုံမှာ ကပ်နေရောပဲ။ ကျွန်မ စိတ်လှုပ်ရှားနေတာ ဖြစ်ချင်လည်း ဖြစ်မယ်။ သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ အတူတူ သူ့အိမ်ကို သွားတဲ့လမ်းမှာ ကားတစ်စီးထဲ စီးနေရတာကြောင့်လည်း ဖြစ်နိုင်သလို ကျွန်မရဲ့ အလုပ်သေချာ မလုပ်တဲ့ အဆုတ်က မလိုလားအပ်တဲ့ ရှုပ်ထွေးလှတဲ့ကိစ္စတွေ ဖြစ်သွားလေမလား လို့လဲ ပူပန်နေမိတာလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ သူ့ကားမောင်းပုံက အတော်လေး ဆိုးဝါးလွန်းနေတော့ ကျွန်မစိတ်ထဲ တခြားဘာကိုမှ မတွေးမိလောက်အောင်ပါပဲ။ ဩဂုစ္စတပ်စ် စကားစမပြောခင်အထိ တစ်မိုင်ပျော့ပျော့လောက် တိတ်တဆိတ် မောင်းလာခဲ့ကြတယ်။

"ငါ ယာဉ်မောင်းစာမေးပွဲ သုံးခါတောင် ကျဖူးတယ်"

"မပြောနဲ့"

သူက ရယ်ရင်း ခေါင်းညိတ်တယ်။

"အင်း. . . ငါက ခြေထောက်အတု အဟောင်းနဲ့ဆိုရင် နင်းတဲ့အားကို ခံစားလို့ မရဘူး။ ပြီးတော့ ဘယ်ဘက်ခြေထောက်နဲ့လည်း မမောင်းတတ်ဘူးလေ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဝန်တွေကတော့ ခြေထောက်ဖြတ်ထားတဲ့ လူတွေအတော်များများလည်း ဘာပြဿနာမှမရှိဘဲ ကားမောင်းနေကြတာပဲလို့ ပြောတာပဲ။ ဒါပေမဲ့. . . ငါ့အတွက်တော့ မဟုတ်ဘူး။ ဒါနဲ့ပဲ ငါ လေးကြိမ်မြောက် ဝင်ဖြေပါရော။ အဲဒီတစ်ခေါက်တော့ ဒီလိုမောင်းလို့ ရသွားတာပဲ"

ကျွန်မတို့ရဲ့ အရှေ့ဘက် မိုင်ဝက်လောက်အကွာမှာ မီးပွိုင့်က မီးနီနေတယ်။ ဩဂစ္စတပ်စ် ဘရိတ်ဆောင့်အုပ်လိုက်လို့ ခါးပတ်ရဲ့ တြိဂံပုံစံ သိုင်းကြိုးအတိုင်းသာ ဆွဲမထားရင် ကျွန်မ ပျံထွက်သွားလောက်ပြီ။

"ဆောရီး။ အေးအေးဆေးဆေး လုပ်ပဲ့မယ်လို့ ငါ ကိုယ့်ကိုယ်ကို ပြောရပါတယ်ဟာ။ အင်း. . . ဒီလိုနဲ့ စာမေးပွဲ ပြီးသွားရော၊ ငါလည်း ကျမယ်ပဲ ထင်တာပေါ့။ ဒါပေမဲ့ နည်းပြကတော့ 'မင်းမောင်းတာ အချိုးမပြေဘူး။ ဒါပေမဲ့ စည်းကမ်းအရတော့ အန္တရာယ်မကင်းဘူးလို့လည်း ပြောလို့ မရပြန်ဘူး' လို့ ပြောတယ်"

"ငါကတော့ အဲဒီလို မထင်ဘူး။ ကင်ဆာအခွင့်အရေးလို့ ထင်တာပဲ"

ကင်ဆာအခွင့်အရေးဆိုတာ ကင်ဆာရောဂါရှင်လူနာတွေက ပုံမှန်ကလေးတွေ ရလေ့မရှိတဲ့ အရာတွေ အခွင့်ထူးခံအဖြစ် ရတာမျိုး။ ဘတ်စကက်ဘောဘောလုံးမှာ နာမည်ကျော်အားကစားသမားတွေ လက်မှတ်ထိုးထားတာ၊ အိမ်စာတွေကင်းလွတ်ခွင့်ရတာ၊ မသင့်လျော်တဲ့ ကားမောင်းလိုင်စင် ရလိုက်တာ စသဖြင့်ပေါ့။

"အေး. . . အမှန်ပဲ"

သူက ပြန်ပြောတယ်။ မီးပွိုင့်စိမ်းသွားတော့ ကျွန်မလည်း အသင့်ပြင်ထားလိုက်တယ်။ ဩဂစ္စတပ်စ်က လီဗာကို ဆောင့်နင်းတယ်။

"ခြေထောက် မသုံးနိုင်တဲ့သူတွေအတွက် လက်နဲ့ ထိန်းချုပ်လို့ရတာတွေလည်းရှိတာ နင် သိလား"

ကျွန်မက ပြောလိုက်တယ်။

"အေး. . . တစ်နေ့နေ့ပေါ့ဟာ"

သူ သက်ပြင်းချလိုက်ပုံက အဲဒီတစ်နေ့နေ့ဆိုတာကြီး အမှန်တကယ်ဖြစ်လာလိမ့်မယ်လို့ သေချာပေါက် ယုံကြည်နေသလိုမျိုး။ အရိုးကင်ဆာဆိုတာ ပျောက်ကင်းဖို့ အခွင့်အရေးများတယ် ဆိုပြီး ကျွန်မ သိထားပေမယ့်လည်း ဖြစ်နိုင်သေးတာပဲ မဟုတ်လား။

လူတစ်ယောက်ရဲ့ အသက်ရှင်ချင်တဲ့စိတ်၊ တစ်နည်းအားဖြင့် မျှော်လင့်ချက်ကို ပါးစပ်ကနေ ထုတ်မမေးဘဲ ခန့်မှန်းနိုင်တဲ့နည်းတွေ အများကြီးရှိပါတယ်။

mgyoe.com

SAMPLE BOOK

ကျွန်မကတော့ သုံးနေကျ နည်းဟောင်းကြီးအတိုင်း သုံးတာပါပဲ။

"ဒါနဲ့ နင်က ကျောင်းတက်လား"

ယေဘုယျအားဖြင့်တော့ မိဘတွေက ကျောင်းထုတ်ထားပြီ ဆိုကတည်းက သူတို့စိတ်ထဲမှာ ဆိုးဝါးတဲ့ကိစ္စ တစ်ခုခုကို လက်ခံထားလိုက်ပြီးသား ဖြစ်နေတတ်တာလေ။

"အင်း. . . တက်တယ်။ နေ့သိ စင်ထရယ်မှာ။ တစ်နှစ်လောက် ကျန်သေးတယ်။ ငါက အထက်တန်း ဒုတိယနှစ်။ နင်ရော"

ကျွန်မ လိမ်ပြောဖို့ တွေးလိုက်မိသေးတယ်။ ဘယ်သူကမှ သေခါနီးလူတစ်ယောက်ကို မကြိုက်ဘူး မဟုတ်လား။ ဒါပေမဲ့ နောက်ဆုံးတော့ အမှန်အတိုင်းပဲ ပြောဖြစ်ပါတယ်။

"ဟင့်အင်း။ ငါ့မိဘတွေက ငါ့ကို ကျောင်းထုတ်ထားတာ သုံးနှစ်လောက်ရှိပြီ"

"သုံးနှစ်တောင် ဟုတ်လား"

သူ့လေသံက အံ့ဩမှုကို ဖုံးမရ ဖိမရ။

ကျွန်မ အသက်ဆယ့်သုံးနှစ်မှာ သိုင်းရွိုက်ကင်ဆာ အဆင့် ၄ ကို ခံစားနေရကြောင်း သိလာတယ်ဆိုတဲ့ ကျွန်မရဲ့ စွန့်စားခန်း အကြမ်းဖျဉ်းကို ဩဂစ္စတပ်စ်ကို ပြောပြလိုက်တယ်။ (ကျွန်မ ရာသီစပေါ်ပြီး သုံးလနေတဲ့အချိန်မှာ ဒီရောဂါရှိနေမှန်း စသိတယ် ဆိုတဲ့အကြောင်းကိုတော့ ပြောမပြတော့ပါဘူး။ မဟုတ်ရင်- ဝမ်းသာဂုဏ်ယူပါတယ်။ မင်း မိန်းမကြီးအဖြစ် အရွယ်ရောက်ပါပြီ။ သေလို့ရပြီနော် ဆိုတာလို ဖြစ်နေမှာပေါ့။) အဲဒီကတည်းက ကျွန်မတို့ကို ဒါဟာ ကုလို့ မရဘူးလို့ ပြောပြီးသား။

ကျွန်မက သိုင်းရွိုက်ကို အမြစ်ဖြတ်တဲ့ ခွဲစိတ်မှုကို ခံယူခဲ့ပြီးပြီ။ နာမည်အတိုင်း သာတောင့်သာယာ ပါပဲ။ နောက်တော့ ဓာတ်ကင်တယ်။ ပြီးတော့ ကျွန်မအဆုတ်ထဲက အကြိတ်တွေအတွက် ခီမို (ကင်ဆာဆေး) သွင်းတာတွေလည်း လုပ်တယ်။ အကြိတ်တွေက ရှုံ့သွားတယ်။ နောက်တော့ ပြန်ကြီးလာ၊ ပွားလာပြန်တယ်။ အဲဒီအချိန် ကျွန်မအသက်က ဆယ့်လေးနှစ်။ အဆုတ်တွေထဲ ရေတွေပြည့်လာတယ်။ အဲဒီတုန်းက ကျွန်မရုပ်က လူသေကောင်လိုပဲ။ လက်တွေ ခြေထောက်တွေဆိုတာ ပူဖောင်းလိုမျိုး ဖောင်းကားလို့။ အရေပြားတွေက ကွဲအက်နေပြီး နှုတ်ခမ်းတွေက အပြာရောင်သန်းနေတယ်။ သူတို့က ဆေးတွေသုံးပြီး အသက်ရှူလို့

m gyobe.com

mgyoe.com SAMPLE BOOK

မရတဲ့အဖြစ်ကြီးဟာ သိပ်ကြောက်စရာ မကောင်းတော့အောင် လုပ်ပေးလိုက်ကြတယ်။ ပြီးတော့ သွေးပြန်ကြောကြီးကြီးတွေနဲ့ ဆက်ထားတဲ့ PICC ဆေးသွင်းပိုက်က တစ်ဆင့် အဲဒီဆေးတွေကို ဆက်တိုက်သွင်းကြတယ်။ အဲဒီဆေးအပြင် နောက်ထပ် ဆေးအမည်ပေါင်း ဒါဇင်နဲ့ချီပြီးတော့ပေါ့။ အဲဒီလို ဆေးတွေသွင်းပေးပေမယ့်လည်း ရေနစ်နေသလို နေရထိုင်ရခက်တာကြီးကတော့ ရှိနေဆဲပဲ။ ဆေးတွေစသွင်းပြီး လပေါင်းများစွာကြာတဲ့အချိန်အထိ အဲဒီခံစားချက်ကြီးက ရှိနေတာ။ နောက်ဆုံး နမိုးနီးယားလို့ခေါ်တဲ့ အဆုတ်ယောင်ရောဂါနဲ့ အထူးကြပ်မတ်ကုသဆောင်ထဲ ရောက်သွားတော့ မေမေက ကျွန်မဘေး ဒူးထောက်ပြီး မေးတယ်။ "သမီးလေး အဆင်သင့်ဖြစ်ပြီလား" တဲ့။ ကျွန်မကလည်း "အဆင်သင့်ဖြစ်ပြီ" လို့ ပြောလိုက်တယ်။ ဖေဖေက ကျွန်မကို ချစ်ကြောင်း အဆက်မပြတ် ပြောတယ်။ သူ့အသံက ကျိုးကြေစရာ မကျန်တော့လောက်အောင် ကြေကွဲဆို့နင့်နေတဲ့ အသံကြီးနဲ့ ပြောနေရှာတာ။ ကျွန်မလည်း သူ့ကို ချစ်ကြောင်း ပြန်ပြောပြီး တစ်ယောက်နဲ့တစ်ယောက် လက်တွေ ဆုပ်ကိုင်ထားကြတာပေါ့။ အဲဒီအချိန် ကျွန်မ လုံးဝအသက်ရှုလို့ မရတော့ဘူး။ ကျွန်မအဆုတ်တွေက ကျွန်မကို အိပ်ရာကနေကုန်းထပြီး လေကိုဘယ်လိုပုံစံရှူနိုင်မလဲလို့ အငမ်းမရ အသည်းအသန် ရှာခိုင်းနေပြီ။ ကျွန်မကိုယ်တိုင်ကလည်း အဲဒီလို အငမ်းမရဖြစ်နေရတာ ရှက်လှပြီ။ လက်လွှတ်မပေးသေးတာအတွက်လည်း အတော်လေး စိတ်ပျက်နေပြီ။ "သမီးလေး နေကောင်းသွားမှာပါ။ ဘာမှ မဖြစ်တော့ဘူး" လို့ မေမေ ပြောနေတဲ့အသံ၊ ဖေဖေက မရှိုက်မိအောင် အတင်းထိန်းနေတဲ့ အသံတွေကို ကြားနေရတယ်။ ပုံမှန်ဆိုရင် ဖေဖေ ရှိုက်တဲ့အသံက ငလျင်လှုပ်တဲ့ တော်လဲသံကြီးလား အောက်မေ့ရတယ်။ နောက်ပြီး ကျွန်မကိုယ်တိုင်ကလည်း ပြန်နိုးမထလာချင်တော့တာတွေကိုလည်း မှတ်မိနေသေးတယ်။

လူတိုင်းက ကျွန်မတော့ သွားပြီပဲ ထင်နေကြတာ။ ဒါပေမဲ့ ကျွန်မရဲ့ ကင်ဆာဆရာဝန်မ ဒေါက်တာ မာရီယာက အဆုတ်ထဲက အရည်တွေ ဖောက်ထုတ်ပစ်လိုက်ပြီး သိပ်မကြာခင်မှာပဲ နမိုးနီးယားအတွက် ပိုးသတ်ဆေးတွေ ပေးကြပြန်ရော။

ကျွန်မ နိုးလာပြီး သိပ်မကြာခင်မှာပဲ ကင်ဆာသမ္မတနိုင်ငံတော်ကြီးမှာ အလုပ်မဖြစ်လှတဲ့ နာမည်ကျော် စမ်းသပ်မှုတစ်ခုထဲ ပါသွားမှန်း သိလိုက်ရတော့တယ်။ အဲဒီဆေးက Phalanxifor တဲ့။ အဲဒီ မော်လီကျူး တည်ဆောက်ပုံက ကင်ဆာဆဲလ်တွေမှာ သွားချိတ်ပြီး ကြီးထွားမှုကို နှေးကွေးသွားစေတဲ့ဆေး။ အဲဒီဆေးက

mgyoe.com

mgyoe.com
SAMPLE BOOK


လူနာတွေရဲ့ ၇၀ ရာခိုင်နှုန်းလောက်မှာ အလုပ်မဖြစ်ဘူး။ ဒါပေမဲ့ ကျွန်မနဲ့ကျတော့ တည့်သွားသား။ ကင်ဆာကြိတ်တွေ ရှုံ့သွားသတဲ့လေ။

ပြီးတော့ ဒီအတိုင်းလေးပဲ နေသတဲ့လေ။ ဟောဒီက Phalanxifor ကယ်တော်မူလိုက်တာပေါ့။ လွန်ခဲ့တဲ့ တစ်ဆယ့်ရှစ်လကတည်းက ပျံ့နေတဲ့ ကင်ဆာဆဲလ်တွေ ထပ်လည်း ကြီးမလာတော့ဘူး။ အဆုတ်တွေကတော့ သိပ်ပြီးအလုပ်မလုပ်နိုင်တော့ပေမယ့် အဆက်မပြတ် ထည့်ပေးနေရတဲ့ အောက်စီဂျင်ရယ် နေ့စဉ်သောက်နေရတဲ့ Phalanxifor အပေါ် မှီခိုပြီး ရှန်းကန်နေရတယ် ဆိုပါတော့။

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျွန်မရဲ့ ကင်ဆာပုံပြင်က အချိန်အတိုင်းအတာတစ်ခုအထိပဲ ခံမယ်ဆိုတာပါ။ (အခုအချိန်အထိ ကျွန်မရဲ့ အခြေအနေ ဘယ်အဆင့်ရောက်နေသလဲဆိုတာ မသိသေးဘူး။) ဒါပေမဲ့ ဒီအကြောင်းသြဂုစ္စတပ်စ်ကို ပြောပြတဲ့အချိန်မှာ ကျွန်မက အဲဒီပုံပြင်ကို အရောင်အသွေး စုံလင်နေအောင်၊ အံ့ဖွယ်ပုံပြင်တစ်ပုဒ်လို အံ့သြစရာ အကောင်းဆုံးဖြစ်အောင် ပြောပြဖြစ်ခဲ့တယ်။

"ဒါဖြင့် နင် အခုဆို ကျောင်းပြန်တက်လို့ ရနေပြီပေါ့"

"တကယ်တော့ ငါ မတက်နိုင်ဘူး။ ဘာလို့ဆို ငါ့အတွက် အထွေထွေပညာရေးဖွံ့ဖြိုးမှုလက်မှတ် ရထားပြီးသားလေ။ ဒါကြောင့် ငါက MCC မှာ အတန်းတက်နေပြီလေ"

MCC ဆိုတာ ကျွန်မတို့ရဲ့ ဒေသကောလိပ်ပါ။

"ကောလိပ်ကျောင်းသူကြီးပေါ့"

သူက ပြောရင်း ခေါင်းညိတ်တယ်။

"ဒါက လုံးဝအထင်ကြီးစရာ အလန်းစား အရှိန်အဝါကြီးပဲ"

သူက ငေါ့တော့တော့ပြောတော့ ကျွန်မက သူ့လက်မောင်းကို မနာအောင် လှမ်းထိုးလိုက်တယ်။ အကျီအောက်က ကြွက်သားတွေက တင်းရင်းပြီး အံ့သြစရာကောင်းလိုက်တာ။

ရှစ်ပေလောက်မြင့်တဲ့ အုတ်နံရံဝင်းတွေနဲ့ ပိုင်းထားတဲ့ လမ်းချိုးကလေးကို ရောက်တော့ သူက ကားကို ကျွီခနဲမြည်အောင် ကွေ့ချလိုက်တယ်။ သူ့အိမ်က ဘယ်ဘက်ခြမ်းက ပထမဆုံးအိမ်ကလေးပဲ။ နှစ်ထပ်တိုက် ကိုလိုနီခေတ်ပုံစံအိမ်ကလေး။ ခြံဝင်းထဲက ကားလမ်းပေါ် မောင်းဝင်လိုက်တော့ ကားက ခုန်ပေါက်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မက သူ့အနောက်ကလိုက်ပြီး အိမ်ထဲဝင်လိုက်တယ်။ ဝင်ပေါက်ဝက သစ်သားဆိုင်းဘုတ်ကလေး တစ်ခုမှာ *အိမ်ဆိုတာ နှလုံးသားရဲ့ ကွန်းခိုရာ* ဆိုတဲ့ စာသားကို စာလုံးအလှတွေနဲ့ ထွင်းထားတာလေးတစ်ခု ရှိတယ်။ တစ်အိမ်လုံး မြင်မြင်လေရာမှာလည်း အဲဒီလို အဆိုအမိန့်မျိုးတွေနဲ့ချည်းပဲ အလှဆင်ထားတယ်။ ကုတ်အင်္ကျီချိတ်တဲ့ ချိတ်ရဲ့အပေါ် နားမှာလည်း *မိတ်ဆွေကောင်းဆိုတာ ရှာရခက်သလို မေ့ရလည်း ခက်တယ်* ဆိုတဲ့စာသား။ ခေတ်ဟောင်းပုံစံ ပြင်ဆင်ထားတဲ့ ဧည့်ခန်းထဲက ပင်အပ်ထိုးတဲ့ ခေါင်းအုံးကလေး အပေါ် နားမှာက *အချစ်စစ်ဆိုတာ အခက်ခဲဆုံးအချိန်မှာ ပေါက်ဖွားလာတယ်* ဆိုတဲ့ စကား။ ကျွန်မ အဲဒီစာသားတွေ လိုက်ဖတ်နေတာမြင်တော့ ဩဂစ္စတပ်စ်က ရှင်းပြတယ်။

"ငါ့မိဘတွေက အဲဒါကို အားပေးစကားတွေလို့ ခေါ် တယ်။ နေရာတိုင်းမှာ ရှိတယ်"

❑

သူ့မိဘတွေက သူ့ကို ဂတ်စ်လို့ ခေါ်ကြတယ်။ သူတို့က မီးဖိုချောင်ထဲမှာ မက်စီကန်ဟင်းလျာတစ်မျိုး ချက်နေကြတာ။ (အဲဒီမှာလည်း စဉ့်အိုးနားက မှန်ခပ်နောက်နောက် အပေါ် နားလေးမှာ မိသားစုသည် ထာဝရ ဆိုတဲ့စာသား ရှိနေပြန်တယ်။) သူ့အမေက ကြက်သားတွေကို တော်တီလာရွက်ပေါ် တင်တယ်။ သူ့အဖေက လိပ်ပြီး ဒယ်ပြားပေါ် တင်ပေးတယ်။ ကျွန်မပါလာလို့လည်း သူတို့အတွက် သိပ်ပြီး အံ့ဩဟန် မပြဘူး။ ဒါကိုက ဩဂစ္စတပ်စ်က ကျွန်မကို 'အထူးဧည့်သည်' လို ပြုမူဆက်ဆံတာမှန်ပေမယ့် ကျွန်မက သူတို့အတွက်တော့ 'အထူး'ဟုတ်ဟန်မတူဘူး ဆိုတာ ပြနေတာပါလားပေါ့။ ကြည့်ရတာ သူက ရုပ်ရှင်ပြပြီး စိတ်အားတက်ကြွအောင် လုပ်ပေးရမယ့် ကောင်မလေးတွေ တစ်ညကိုတစ်ယောက် အိမ် ခေါ် လာတတ်တယ် ထင်ရဲ့။

"ဒါက ဟေဇယ်ဂရေ့စ်တဲ့"

သူက မိတ်ဆက်ပေးတဲ့ ပုံစံမျိုးနဲ့ လှမ်းပြောလိုက်တယ်။

"ဟေဇယ်ပါပဲ"

"နေကောင်းလား ဟေဇယ်"

ဂတ်စ် အဖေက လှမ်းနှုတ်ဆက်တယ်။ သူက အရပ်ရှည်တယ်။ ဂတ်စ်လောက်နီးပါး ရှည်တယ် ဆိုပါတော့။ ပြီးတော့ မိဘအရွယ်ရောက်နေတဲ့လူတွေမှာ မရှိတော့တဲ့ ပိန်သွယ်ကျစ်လျစ်ခြင်းမျိုး ရှိနေသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းပါတယ်"

"အိုင်းဆက်ရဲ့ ဖေးမကူအဖွဲ့က ဘယ်လိုနေလဲ"

"မယုံကြည်နိုင်စရာဘဲ"

"သားကတော့ အဆိုးမြင်သမားပဲကွ။ ဟေဇယ်. . . သမီးရော ပျော်ရဲ့လား"

သူ့အမေက လှမ်းမေးတယ်။

ဒီလိုမေးခံလိုက်ရတော့ ကျွန်မ တွန့်သွားတယ်။ ဩဂစ္စတပ်စ်ကို စိတ်ကျေနပ်အောင် လိုက်လျောညီထွေ ပြောရမလား၊ သူ့မိဘတွေ စိတ်ကျေနပ်အောင် ပြောရမလား တွေးရပြီလေ။

နောက်ဆုံးတော့ "လူအများစုက ကောင်းကြပါတယ်" လို့ပဲ ဖြေလိုက်တော့တယ်။

"ဒါမျိုးက အန်ကယ်တို့ ဂတ်စ်ကို သွားပြနေကျ အထိမ်းအမှတ်ဆေးရုံမှာ တွေ့နေရတဲ့ မိသားစုတွေနဲ့ တွေ့ရစဉ်အတိုင်းပဲပေါ့"

သူ့အဖေက ပြောတယ်။

"လူတိုင်းက အရမ်းကို ကြင်နာတတ်ပြီး သိပ်သန်မာကြတာပဲ။ အမှောင်ဆုံးနေ့ရက်တွေမှာတောင် ဘုရားသခင်က အကောင်းဆုံး လူသားတွေကို ဘဝထဲ ထည့်ပေးတတ်ကြတာလေ"

"မြန်မြန်လေး. . . သားကို မှီလုံးလေးနဲ့ အပ်ချည်ကြိုးလေး ပေးစမ်းပါ။ အဲဒါလည်း စိတ်ခွန်အားပေး စာသားအဖြစ် ပြောင်းရမယ်လေ"

ဩဂစ္စတပ်စ်က နောက်လိုက်တော့ သူ့အဖေပုံစံက နည်းနည်း မကြည်မလင် ဖြစ်သွားပုံပဲ။ ဒါပေမဲ့ နောက်တော့ ဂတ်စ်က သူ့လက်တံရှည်ရှည်နဲ့ ဖအေ့လည်ပင်းကို လှမ်းဖက်ပြီး-

"သားက စတာပါ ဖေဖေရဲ့။ စိတ်ခွန်အားဖြည့် စာသားတွေကို သား အရမ်းသဘောကျပါတယ်။ တကယ်ပါ။ ဆယ်ကျော်သက်မို့ သားက ဝန်မခံတာဘဲ ရှိတာပါ" လို့ ပြောလိုက်တယ်။ သူ့အဖေက မျက်ဖြူလန်ပြပါရော။

"သမီးရော. . . အန်တီတို့နဲ့အတူ ညစာစားပါလား"

သူ့အမေက လှမ်းမေးတယ်။ သူမက သေးသေးသွယ်သွယ်၊ ဆံပင်နီနီနဲ့ ကြွက်ကလေးလို ပုံစံမျိုး။

"ဟုတ်. . . သမီးက အိမ်ကို ဆယ်နာရီ အရောက်ပြန်ရမယ်။ နောက်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

တော့ ဟိုလေ. . . အသားမစားဘူး”

“ပြဿနာ မရှိဘူး။ အန်တီတို့ဆီမှာ အသားမထည့်ရသေးတာတွေ ရှိသေးတယ်”

“တိရစ္ဆာန်လေးတွေက ချစ်စရာကောင်းလွန်းနေလို့လား”

ဂတ်စ်က လှမ်းမေးတယ်။

“ငါ့ကြောင့် သူတစ်ပါး အသက်သေရတာ တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင်လို့ပါ”

ဂတ်စ်က ပြန်ပြောဖို့ ပါးစပ်ပြင်နေပေမယ့် ကိုယ်ရှိန်သတ်လိုက်တယ်။

သူ့အမေက အဲဒီတိတ်ဆိတ်မှုကို ဝင်ဖြည့်ပေးတယ်။

“ဟုတ်တာပေ့ါ။ အဲဒါ အကြံကောင်းပဲ”

သူတို့က ကျွန်မကို သူတို့လုပ်နေတဲ့ဟင်းက သာမန်ဟင်းမဟုတ်ဘဲ ဝါးတားစ်မိသားစုရဲ့ စပါယ်ရှယ်ဟင်းလျာဖြစ်ကြောင်း၊ မစားဘဲ မနေသင့်ကြောင်းနဲ့ ဂတ်စ်ရဲ့ ကာဖျူးကလည်း ဆယ်နာရီဖြစ်ကြောင်း၊ ကလေးတွေကို ဆယ်နာရီထက်ကျော်ပြီး ပေးနေထားတဲ့ မိသားစုတွေကို သူတို့ ယုံကြည်ရခက်ခဲကြောင်း ထွေရာလေးပါးတွေ ပြောပြီး ကျွန်မကို ကျောင်းတက်နေသလား မေးပါတယ်။

“သူက ကောလိပ်ကျောင်းသူကြီးဗျ”

ဩဂစ္စတပ်စ်က ဝင်ဖြေတယ်။

နောက်တော့ ရာသီဥတုက မတ်လမှာ လုံးဝအမှန်အကန် ထူးဆန်းနေကြောင်း၊ နွေဦးရာသီမှာ အရာအားလုံးက ဘယ်လိုဘယ်ပုံ အသစ်ဖြစ်လာကြောင်းတွေ ပြောကြပြန်တယ်။ ကျွန်မရဲ့ ရောဂါအကြောင်း မမေးသလို၊ အောက်စီဂျင်အိုးအကြောင်းလည်း စကားမစကြပါဘူး။ အံ့ဩစရာကောင်းသလို သိပ်ပြီး သဘောကျဖို့လည်း ကောင်းတာပါ။ နောက်တော့ ဩဂစ္စတပ်စ်က ဖြတ်ပြောရတော့တယ်။

“ဟေဇယ်နဲ့ သားက **V for Vendetta** ကြည့်မလို့။ ဒါမှလည်း နှစ်ထောင်ခုနှစ်အလွန်က နတ္တလီ ပို့တ်မင်းက သူ့ရဲ့ ရုပ်တူတဲ့ အမြွာကို တွေ့ဖူးမှာ”

“ဧည့်ခန်းထဲက တီဗွီက မင်းအပိုင်ပဲ။ ကြိုက်သလိုသာ ကြည့်ပေရော့”

သူ့အဖေက ပြောတယ်။

“မြေအောက်ခန်းထဲမှာ ကြည့်မှာ”

သူ့အဖေက ရယ်တယ်။

“ဉာဏ်မများနဲ့ ဟေ့ကောင်။ ဧည့်ခန်းထဲမှာ ကြည့်”

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါပေမဲ့ သားက ဟေဇယ်ဂရေ့စ်ကို မြေအောက်ခန်းထဲ လိုက်ပြချင်တာလေ"

"ဟေဇယ်ပါ"

"ဒါဖြင့်လည်း ဟေဇယ်ကို မြေအောက်ခန်း လိုက်ပြလိုက်။ ပြီးရင် အပေါ်ထပ် ပြန်တက်လာပြီး အခွေယူလာခဲ့။ ဧည့်ခန်းထဲမှာပဲကြည့်"

ဩဂတ်စတပ်စ်က ပါးနှစ်ဖက်ကို ဖောင်းရင်း ခြေထောက်တွေကို ချိန်သားညီအောင် ရပ်ပြီး သူ့ခါးကို လိမ်၊ ခြေတုတပ်ထားတဲ့ဘက်ကို အရှေ့ကို ဆန့်ထုတ်လိုက်တယ်။

"ကောင်းပါပြီ"

သူက ဆူပုတ်ပုတ် ရေရွတ်တယ်။

ကျွန်မက သူ့အနောက်ကနေ ကော်ဇောခင်းထားတဲ့ လှေကားတွေကတစ်ဆင့် မြေအောက်ခန်းထဲကို လိုက်ဆင်းသွားတယ်။ ကျွန်မ မျက်လုံးနဲ့ တစ်တန်းထဲလောက်မှာ စင်တွေ အခန်းပတ်လည် အပြည့်ပဲ။ အထဲမှာ ဘတ်စကက်ဘောအမှတ်တရတွေချည်း ထည့်ထားတာ။ လေထဲကို ခုန်ပြီး ဂိုးသွင်းနေတဲ့ ရွှေရောင်လူရုပ်ပါတဲ့ ဖလား၊ မမြင်ရတဲ့ ခြင်းကြီးထဲကို လက်လှမ်းနေတဲ့ လူ၊ ဖျက်ထုတ်နေတဲ့ ပုံစံတွေပါတဲ့ ရွှေဒိုင်းဆုတွေ ဒါဇင်နဲ့ချီ အပြည့်ပဲ။ လက်မှတ်ထိုးထားတဲ့ ဘောလုံးတွေ၊ ဖိနပ်တွေလည်း တပုံတပင်။

"ငါ ဘတ်စကက်ဘော ကစားတုန်းက ရထားတာ"

"နင်ကစားတာ အတော်လေး တော်တယ် ထင်တယ်"

"မဆိုးပါဘူး။ ဒါပေမဲ့ ရှူးဖိနပ်တွေနဲ့ ဘောလုံးတွေအားလုံးက ကင်ဆာအခွင့်အရေးအနေနဲ့ ရထားတာချည်းပဲ"

သူက တီဗွီဆီ လျှောက်သွားတယ်။ ဘေးမှာ ဒီဗီဒီတွေနဲ့ ဗီဒီယိုဂိမ်းအခွေတွေကို ပိရမစ်ပုံစံ ထူးထူးခြားခြား ပုံထားတယ်။ သူက ခါးကိုင်းပြီး **V for Vendetta** အခွေကို ရွေးထုတ်လိုက်တယ်။

"ငါက နမူနာပြဖို့ထားတဲ့ ခပ်ကြောင်ကြောင် လူဖြူကလေးတစ်ယောက်ပဲ ဖြစ်ခဲ့တာ။ သာမန်ခုန်နိုင်တဲ့သူ အဖြစ်ကနေ ပျောက်ဆုံးသွားတာကို ပြန်ပြီး အသက်သွင်းဖို့ ကြိုးစားနေပေမယ့် တစ်ရက်ကျတော့ ငါ အလွတ်တန်း ဂိုးသွင်းနေတုန်း 'နေ့ဘသ် စင်ထရယ်က ကွင်းထဲမှာ ဘောလုံးတွေ တပုံကြီးနဲ့ ရပ်နေတာပေါ့' ရုတ်တရက်ကြီး ငါဟာ စက်လုံးပုံစံ ပစ္စည်းတစ်ခုကို ထောင်မတ်ထားတဲ့ အရာတစ်ခုစီ

mgyoe.com SAMPLE BOOK
လှမ်းပစ်ထည့်နေတယ်လို့ မြင်ကြည့်လို့ မရတော့ဘူး။ ငါလုပ်သမျှထဲမှာ ရှုံးကြောင်ကြောင် အနိုင်ဆုံးကိစ္စတစ်ခုကို လုပ်နေတယ်လို့ ထင်လာတယ်။

ငါ့စိတ်ထဲ စက်လုံးပုံပစ္စည်းလေးတွေကို စက်ဝိုင်းပုံ အပေါက်ကလေးထဲ ထည့်ရကြောင်း သဘောပေါက်အောင် လပေါင်းများစွာ အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်နေရတဲ့ ကလေးလေးတွေအကြောင်း တွေးနေမိတယ်။ ဘတ်စကက်ဘော ဆိုတာ နည်းနည်းလောက် ပိုပြီး လှုပ်လှုပ်ရှားရှား လုပ်ရတဲ့ လေ့ကျင့်ခန်းတစ်ခုပဲလို့ ထင်လာမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါက အဲဒီအလွတ်တန်း ဂိုးသွင်းချက်တွေကို အချိန်အကြာဆုံးအဖြစ် လေ့ကျင့်ဖြစ်တယ်။ အကြိမ်ရှစ်ဆယ် ဆက်တိုက် ဂိုးဝင်အောင် ပစ်နိုင်တယ်။ ငါ့အတွက် အကောင်းဆုံးပစ်ချက်ပဲ။ ဒါပေမဲ့ ဆက်လုပ်လေလေ၊ စိတ်ထဲမှာ နှစ်နှစ်သားလေးနဲ့ ပိုပြီး တူလာတယ်လို့ ထင်လေလေပဲ။ နောက်တော့ ငါက ဒီအကြောင်းကြောင့်ပဲ တန်းကျော်ပြေးနည်းကို တွေးမိပြန်ရော။ နင် အဆင်ပြေရဲ့လား"

ကျွန်မက သူ့ရဲ့ မသိမ်းမဆည်းရသေးတဲ့ ခုတင်စွန်းမှာ ဝင်ထိုင်လိုက်တယ်။ ဘယ်အရာကိုမှ အကြံပေးတာ ဝေဖန်တာမျိုး မလုပ်မိအောင် ကျွန်မ ကြိုးစားနေရတယ်။ အကြာကြီး ရပ်လိုက်ရင် ပင်ပန်းသလို ခံစားလာရတယ်။ ဧည့်ခန်းထဲမှာ မတ်တတ်။ နောက်တော့ လှေကားထစ်တွေ ဆင်းတယ်။ နောက်တော့ ထပ်ရပ်ရတယ်။ ဆိုတော့. . . ကျွန်မအတွက် အချိန်အတော်ကြာသွားတယ်လို့ ဆိုရမယ်။ အဲဒီတော့ သူများအရှေ့မှာ မူးလဲတာမျိုး ဘာညာ မဖြစ်ချင်ဘူးလေ။ ကျွန်မက ဝိတိုရိယခေတ်က အမျိုးသမီးတစ်ယောက်လို ဖြူဆုတ်ဆုတ် ဖြစ်နေတာကလား။

"နေကောင်းပါတယ်။ တန်းကျော်ပြေးတဲ့အကြောင်း မဟုတ်လား။ ငါ နားထောင်နေပါတယ်"

"အင်း. . . တန်းကျော်ပြေးပွဲ။ ဘာလို့လဲဆိုတာတော့ ငါမသိဘူး။ ငါ အဲဒီကစားနည်းကိုလည်း တွေးမိလာတယ်။ ရေပြင်ညီအတိုင်း ထားတဲ့ပစ္စည်းကို ခုန်ကျော်ခဲ့ပြီးပြီ။ ပြီးတော့ သတ်မှတ်ထားတဲ့နေရာမှာ ပြန်ကျရတယ်။ နောက်တော့ တကယ်လို့များ တန်းကျော်ပြေးသမားတွေက ဒီတန်းတွေကို ဖယ်ပစ်လိုက်ရင် ပိုပြီး မမြန်နိုင်ဘူးလားလို့ တွေးနေလေမလားလို့ ငါတွေးမိလာတယ်။ သိတယ် မဟုတ်လား"

"အဲဒါတွေက နင့်ရောဂါ မသိခင်ကလား"

"အင်း။ ဟုတ်တယ်။ အဲဒါလည်း ပါတယ်" သူက မပွင့်တပွင့် ပြုံးတယ်။
mgyoe.com

mgyoe.com

"အလိမ်အညာ ကင်းကင်းနဲ့ အဆက်မပြတ် ဂိုးသွင်းခဲ့တဲ့နေ့က ငါ့မှာ ခြေထောက်နှစ်ချောင်း အစုံအလင်ရှိနေခဲ့တဲ့ နောက်ဆုံးနေ့လည်း ဖြစ်နေခဲ့တယ်။ ခြေထောက်မဖြတ်ခင် ငါ့မှာ ပိတ်ရက်တစ်ပတ် ရတယ်။ ခွဲစိတ်ဖို့စီစဉ်တဲ့နေ့နဲ့ တကယ် လုပ်တဲ့နေ့ကြားမှာ တစ်ပတ်လောက် အချိန်ရတယ်။ အခု အိုင်းဆက်ဖြစ်နေတဲ့ပုံနဲ့ တစ်ထေရာတည်း တူတာပေါ့"

ကျွန်မ ခေါင်းညိတ်မိတယ်။ ကျွန်မ ဩဂစ္စတပ်စ် ဝါးတားစ်ကို သဘောကျတယ်။ အမှန်တကယ်ကို သဘောကျမိတာ။ သူ့ဇာတ်လမ်းကို တခြားသူအကြောင်းနဲ့ အဆုံးသတ်လိုက်ပုံကို သဘောကျတယ်။ သူ့အသံကို သဘောကျတယ်။ အဂတိကင်းကင်း ဂိုးသွင်းနေတယ်ဆိုတဲ့ပုံကို သဘောကျတယ်။ မပွင့်တပွင့် ပြုံးလိုက်တဲ့ အပြုံး၊ ကြက်သီးတဖြန်းဖြန်း ထစေတဲ့ အသံ။ တပြိုင်နက်တည်းမှာပဲ လက်ချာပေးနေတဲ့ ပါမောက္ခတစ်ယောက်လိုမျိုး သူ့ကို သဘောကျမိပြန်တယ်။ နောက်ပြီး သူ့မှာ နာမည်နှစ်မျိုးရှိတာကိုလည်း သဘောကျတယ်။ နာမည်နှစ်မျိုးရှိတဲ့လူတွေကို ကျွန်မ အမြဲတမ်း သဘောကျခဲ့တာပါ။ ဘာလို့လဲဆိုတော့ ဂတ်စ်လို့ ခေါ်မလား ဩဂစ္စတပ်စ်လို့ ခေါ်မလား ဆုံးဖြတ်ရမယ်လေ။ ကျွန်မကတော့ မပြောင်းမလဲ ဟေဇယ်ပဲ။

"နင့်မှာ မောင်နှမ ရှိလား"

"ဟမ် . . ."

သူပြန်ဖြေတဲ့ပုံစံက စိတ်အာရုံလွင့်ပျံ့သွားသလိုမျိုး။

"ကလေးတွေ ကစားနေတာကို စောင့်ကြည့်နေခဲ့တယ်လို့ နင်ပဲ ပြောခဲ့တာလေ"

"သြော် . . . ဟင့်အင်း။ ငါ့မှာ တူတွေရှိတယ်။ ဝမ်းကွဲအစ်မတွေရဲ့ ကလေးတွေလေ။ ဒါပေမဲ့ သူတို့က ငါ့ထက် အများကြီး ကြီးပါတယ်။ သူတို့ပုံစံက ဖေဖေရေ . . . ဂျူလီနဲ့ မာသာက အသက်ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ့်ရှစ်နှစ်"

"သူတို့က နှစ်ဆယ့်ရှစ်နှစ်ရှိပြီ။ ရှီကာဂိုမှာနေတယ်။ နှစ်ယောက်လုံးက ဒိတ်ဒိတ်ကြဲ ရှေ့နေတွေ၊ ဘဏ်သမားတွေနဲ့ ယူထားကြတာ။ သေချာတော့ မမှတ်မိတော့ဘူး။ နင့်မှာရော မောင်နှမရှိလား"

ကျွန်မက ခေါင်းခါပြလိုက်တယ်။

"နင့်အကြောင်းကရော ဘယ်လိုတုန်း"

mgyoe.com

mgyoe.com SAMPLE BOOK

သူက ကျွန်မဘေး ခပ်ခွာခွာမှာ ထိုင်ချလိုက်တယ်။

"ငါ့အကြောင်း ပြောပြပြီးပြီလေ။ ငါ့ကို ရောဂါရှိမှန်း. . ."

"မဟုတ်ဘူး။ နင့်ရောဂါအကြောင်း မေးနေတာ မဟုတ်ဘူး။ နင့်အကြောင်း မေးတာ။ ဘာတွေ စိတ်ဝင်စားသလဲ။ ဝါသနာက ဘာလဲ။ ဘာတွေကို ချစ်သလဲ။ ထူးထူးခြားခြား အကြိုက်တွေက ဘာလဲ စသဖြင့်ပေါ့။

အင်း. . . ရောဂါအဖြစ်ကို ပြောင်းသွားတဲ့ ဟိုလူတွေထဲက တစ်ယောက်လို့တော့ ငါ့ကို လာမပြောနဲ့။ အဲဒီလို လူစားမျိုးတွေ ငါအများကြီး တွေ့ဖူးတယ်။ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ။ ပြောပုံက ကင်ဆာဆိုတာ ကြီးထွားနေတဲ့ စီးပွားရေးကြီးလိုမျိုး။ ငါပြောတာ ဟုတ်တယ်ဟုတ်။ လူတွေကို စားသုံးပစ်တဲ့ စီးပွားရေးကြီးပေါ့။ ဒါပေမဲ့ အချိန်မတိုင်ခင်တော့ သူတို့ကို အနိုင်မပေးသင့်ဘူးလေ။ မဟုတ်ဘူးလား"

ကျွန်မကိုယ်တိုင်လည်း ဒီလိုပဲ ဖြစ်ခဲ့တာပါပဲ။ ဩဂတ်စ်တပ်စ် ဝါးတားစ်ပြောတာကို လိုက်မီဖို့ ကျွန်မမှာ မနည်း ကြိုးစားနေရတယ်။ စိတ်အားထက်သန်မှုကနေ အမြတ်တနိုးအားထားဖို့ အထိပေါ့။ ပြီးတော့ ကျွန်မက သိပ်ပြီး စိတ်ဝင်စားစရာ မကောင်းပါဘူးဆိုတဲ့အတွေးက အဲဒီ တိတ်ဆိတ်မှုနောက်မှာ လိုက်ပါလာတယ်။

"ငါက သိပ်စိတ်ဝင်စားစရာ မကောင်းပါဘူး"

"ငါကတော့ ဒါကို သဘောမတူဘူး။ နင် သဘောကျတာ တစ်ခုခုကို တွေးကြည့်စမ်းပါ။ ပထမဆုံး စိတ်ထဲ ပေါ်လာတဲ့ တစ်ခုခုပေါ့"

"အင်း. . . စာဖတ်တာ"

"ဘာတွေ ဖတ်သလဲ"

"အားလုံးပဲ။ အခွဲ့အနွဲ့ အချစ်ဇာတ်လမ်းကစလို့ အပစ်အခတ် စိတ်ကူးယဉ် ဇာတ်လမ်းကနေ ကဗျာတွေအထိ။ အစုံပဲ"

"ကဗျာရော ရေးသလား"

"မရေးပါဘူး"

"တွေ့လား"

ဩဂတ်စ်တပ်စ်က ထအော်တယ်။

"ဟေဇယ်ဂရေ့စ်။ နင်ဟာ အမေရိကန်မှာ ရှိရှိသမျှ ကဗျာရေးတာထက် ကဗျာဖတ်ရတာကို ပိုကြိုက်တဲ့ တစ်ဦးတည်းသော ဆယ်ကျော်သက်ပဲ။ ဒါ ငါ့ကို နင့်အကြောင်းတွေ အများကြီး ပြောပြလိုက်တာပဲ။ နင် Capital- G ရဲ့ စာအုပ်တွေ

mgyoe.com

mgyee.com

အများကြီး ဖတ်ဖူးတယ် မဟုတ်လား"

"ထင်တာပဲ"

"ဘယ်ဟာ နင့်အကြိုက်ဆုံးလဲ"

"အမ်. . . "

ကျွန်မအကြိုက်ဆုံး စာအုပ်ဆိုတဲ့ခေါင်းစဉ်က အတော်လေးကျယ်ပြန့်တယ်လို့ ဆိုရမယ်။ အကြိုက်ဆုံးကတော့ တော်ဝင်ဝေဒနာ ဆိုတဲ့စာအုပ်။ ဒါပေမဲ့ ကျွန်မက လူတွေကို အဲဒီအကြောင်း မပြောပြဖူးဘူး။ တစ်ခါတစ်ရံ စာအုပ်တစ်အုပ်ကို ဖတ်ပြီးရင် အဲဒီစာအုပ်က ထူးဆန်းတဲ့ အတွေးအမြင်တွေ ထည့်ပေးလိုက်တတ်တော့ ဒီ တစ်စစီကွဲကြေနေတဲ့ လောကကြီးမှာ ရှိသမျှ လူသားတိုင်းက အဲဒီစာအုပ်ကို မဖတ်မချင်း ပြန်ဆက်လို့ မရတော့ဘူးလို့ ထင်နေတတ်တာမျိုး။ နောက်ပြီး တော်ဝင်ဝေဒနာ လို အရမ်းထူးခြားပြီး ရှားပါးလှတဲ့ စာအုပ်တွေအကြောင်း လူတွေကို ပြောပြလို့ မဖြစ်ဘူး။ အဲဒီလိုသာဆိုရင် ကိုယ်ချစ်တဲ့ အရာကို သစ္စာဖောက်ရာရောက်တယ်လို့ ခံစားရလို့ပဲ။

အဲဒီစာအုပ်က အရမ်းကောင်းနေလို့ရယ်တော့ မဟုတ်ဘူး။ ကျွန်မကို ထူးဆန်းပြီး မဖြစ်နိုင်တဲ့ နည်းလမ်းတွေနဲ့ နားလည်ပေးနေသလိုရှိတဲ့ စာရေးဆရာ ပီတာဗန်ဟူတန်ကြောင့်ပဲ။ အဲဒီ တော်ဝင်ဝေဒနာ ဆိုတာ ကျွန်မရဲ့စာအုပ်။ ကျွန်မ ခန္ဓာကိုယ်ကို ကျွန်မပိုင်သလို၊ ကျွန်မအတွေးတွေကို ကျွန်မပဲ ပိုင်တယ်ဆိုတဲ့ ပုံစံမျိုး ခံစားရစေတဲ့ စာအုပ်။

ဒါပေမဲ့ ကျွန်မက ဩဂတ္စတပ်စ်ကို ပြောပြဖြစ်ပါတယ်။

"ငါ့အကြိုက်ဆုံးစာအုပ်က တော်ဝင်ဝေဒနာ ဆိုတာ ဖြစ်လိမ့်မယ် ထင်တယ်"

"အဲဒီထဲမှာ ဇွန်ဘီတွေ ပါလား"

"မပါဘူး"

"မုန်တိုင်းစစ်သည်တွေရော ပါလား"

ကျွန်မ ခေါင်းခါပြလိုက်တယ်။

"အဲဒါက အဲဒီလို စာအုပ်မျိုး မဟုတ်ဘူး"

သူက ပြုံးတယ်။

"ငါကတော့ ပျင်းစရာကောင်းတဲ့ နာမည်နဲ့ မုန်တိုင်းစစ်သည်တွေမပါတဲ့ ဆိုးဝါးလှတဲ့ စာအုပ်ကြီးကို ဖတ်ရတော့မှာပဲ"

mgyee.com

mgyoe.com

သူက အဲဒီလိုပြောတော့ ကျွန်မက သူ့ကို ဖွင့်ပြောပြလိုက်မိတာ မှားသွားပြီလို့ တွေးမိတယ်။ ဩဂုတ်စ္စတပ်စ်က ခုတင်ဘေး စားပွဲပုလေးအောက်က စာအုပ်စင်ဘက်ကို လှည့်လိုက်ပြီး အဖုံးပျော့ စာအုပ်တစ်အုပ်နဲ့ ဘောပင်တစ်ချောင်း လှမ်းယူလိုက်တယ်။ စာအုပ်ရဲ့ ပထမဆုံး စာမျက်နှာပေါ်မှာ ခပ်သော့သော့ ရေးခြစ်လိုက်ပြီးတဲ့နောက် သူက-

"နင့်ကို အပြန်အလှန်အနေနဲ့ တစ်ခုလေးပဲ တောင်းဆိုချင်တယ်။ ငါ့အကြိုက်ဆုံး ဗီဒီယိုဂိမ်းအကြောင်း ရေးထားတဲ့ အရမ်းမိုက်တဲ့ ဟောဒီစာအုပ်ကို ဖတ်ကြည့်ဖို့ပဲ" လို့ ပြောပြီး စာအုပ်ကို မြှောက်ပြတယ်။ ကျွန်မက ရယ်ရင်း လှမ်းယူလိုက်တော့ စာအုပ်ကို အပေးအယူမှာ လက်ချင်းထိမိသွားကြတယ်။ နောက်တော့ သူက ကျွန်မလက်ကို လှမ်းကိုင်လိုက်တယ်။

"အေးစက်နေတာပဲ"

သူက ပြောပြောဆိုဆို ဖြူဖျော့နေတဲ့ ကျွန်မရဲ့ လက်ကောက်ဝတ်ကို လက်ညှိုးနဲ့ စမ်းလိုက်တယ်။

"အောက်စီဂျင် မရတုန်းကလောက်တော့ မအေးသေးပါဘူး"

"နင် ဆေးပညာစကားလုံးတွေ ညှပ်ညှပ်ပြီး ပြောတာကို ငါ သိပ်သဘောကျတာပဲ"

သူက မတ်တတ်ရပ်ပြီး ကျွန်မကို ဆွဲထူတယ်။ နောက်တော့ လှေကားထစ်တွေဆီ မရောက်မချင်း ကျွန်မလက်ကို မလွှတ်တော့ဘူး။

❑

ကျွန်မတို့နှစ်ယောက်ထိုင်ခုံရဲ့ အလယ်ခေါင်မှာ လက်မအနည်းငယ်စီခြားပြီးထိုင်ရင်း ရုပ်ရှင်အတူတူ ကြည့်ကြတယ်။ ကျွန်မက ခုံရဲ့အလယ်ခေါင်၊ နှစ်ယောက်သားရဲ့ အလယ်တည့်တည့်လောက်မှာ လက်ကလေး ထားထားတယ်။ ကိုင်ချင်လည်း ပြဿနာမရှိပါဘူးဆိုတဲ့ ကလေးကွက်တွေပေ့ါ။ ဒါပေမဲ့ သူကောင်းသားက တုတ်တုတ်မှ မလှုပ်ဘူး။ ရုပ်ရှင်ကြည့်ရင်း တစ်နာရီလောက် ကြာတော့ သူ့မိဘတွေရောက်လာပြီး သူတို့လုပ်ထားတဲ့ စားစရာတွေ လာကျွေးကြတယ်။ ထိုင်ခုံပေါ်မှာပဲ စားကြသောက်ကြပေ့ါ။ အတော်လေး စားကောင်းပါတယ်။

ရုပ်ရှင်က မျက်နှာဖုံးစွပ်ထားတဲ့ ဟီးရိုးတစ်ယောက် နတ္တလီပို့တ်မင်းအတွက် သူရဲကောင်းဆန်ဆန် အသေခံသွားတဲ့အကြောင်း။ စတီးရွိုက်(အရောင်ကျွဲဆေး)ကြောင့် ဖောသွပ်သွပ်ဖြစ်နေတဲ့ ကျွန်မနဲ့ လားလားမျှ မတူတဲ့ ခပ်ချောချော

mgyoe.com

SAMPLE BOOK

ဗီလိန်မလေးတစ်ယောက်အကြောင်းပေါ့။

ရုပ်ရှင်ပြီးလို့ စာတန်းလည်းထိုးရော သူက "ကောင်းတယ် မဟုတ်လား" လို့ မေးတယ်။

"အတော်လေး ကောင်းတယ်"

သိပ်မဟုတ်လှပေမယ့် ကျွန်မက သဘောတူလိုက်ပါတယ်။ ယောကျ်ားလေးတွေအကြိုက် ရုပ်ရှင်မျိုးပါ။ ဘာကြောင့်များ ယောကျ်ားလေးတွေက သူတို့ကြိုက်တဲ့ ရုပ်ရှင်ကို ကျွန်မတို့ မိန်းကလေးတွေလည်း ကြိုက်လိမ့်မယ်လို့ ထင်နေကြလဲ မသိပါဘူး။ ကျွန်မတို့ကတော့ မိန်းကလေးကြိုက် ရုပ်ရှင်တွေ သူတို့ကြိုက်ဖို့ မမျှော်လင့်ထားမိပါဘူး။

"ငါ ပြန်တော့မယ်။ မနက်ကျရင် အတန်းရှိသေးတယ်"

ဩဂုစ္စတပ်စ်က ကားသော့ရှာနေတုန်း ကျွန်မက ထိုင်ခုံပေါ်မှာ ခဏထိုင်နေသေးတယ်။ သူ့အမေက ကျွန်မဘေး ဝင်ထိုင်ပြီး လှမ်းမေးတယ်။

"အန်တီကတော့ သဘောကျတယ်။ သမီးကရော"

ကျွန်မစိတ်ထဲ တီဗွီအပေါ်မှာ ချိတ်ထားတဲ့ စာသားကို ပြောတယ် မှတ်တာပဲ။ အိန်ဂျယ်လေးတစ်ယောက်ရဲ့ ပုံနဲ့ဘေးမှာ *နာကျင်မှုဆိုတာ မရှိရင် ပျော်ရွှင်မှုကို ဘယ်လိုသိရပါ့မလဲ* ဆိုတဲ့ စာသား။

(အဲဒါက ဝေဒနာအကြောင်း ရှုမှတ်ရာဆိုတဲ့ နယ်ပယ်ထဲက အငြင်းပွားစရာ အဆိုအမိန့်တစ်ခုပဲ။ နောက်ပြီး အဲဒီရှူးကြောင်ကြောင် ခပ်တုံးတုံးနိုင်မှုက ရာစုနှစ်များစွာ စွဲမြဲနေနိုင်ပေမယ့် ဒီစကားကို ကိုးကားပြီး ပြောရမယ်ဆိုရင်တော့ ဘရိုကိုလီလို့ခေါ်တဲ့ ပန်းဂေါ်ဖီအစိမ်းက ဘယ်တော့မှ ချောကလက်ရဲ့ အရသာနဲ့ မတူဘူးလို့ ဆိုလိုရာရောက်တယ်လေ။)

"ဟုတ်. . . ချစ်စရာကောင်းတဲ့ အတွေးလေးပါပဲ" လို့ပဲ ကျွန်မ စကားပြန်ဖြစ်တယ်။

ကျွန်မက ဩဂုစ္စတပ်စ် ကားနဲ့ပဲ အိမ်ပြန်ရောက်တယ်။ ကားပေါ်မှာ သူကြိုက်တဲ့ ဟက်တစ်ဂလိုးဆိုတဲ့ တီးဝိုင်းရဲ့ သီချင်းသုံးလေးပုဒ် ဖွင့်ပြသေးတယ်။ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မက အဲဒီတီးဝိုင်းကို မသိလို့လားတော့ မပြောတတ်ဘူး။ သူပြောသလောက်တော့ မကြိုက်မိဘူးရယ်။ သူ့ခြေထောက်ကိုပဲ ငေးကြည့်နေမိတယ်။ သို့မဟုတ် သူ့ခြေထောက် ရှိခဲ့ဖူးတဲ့နေရာလို့ ပြောရမလား မသိဘူး။ ခြေတုဆိုတာ ဘယ်လိုကြီးလဲလို့ စိတ်ကူးထဲမှာ ပုံဖော်ကြည့်နေမိတာလေ။ အဲဒါကြီး

m.gyoe.com

mgyoe.com SAMPLE BOOK

ကို ဂရုမစိုက်ချင်ပေမယ့် နည်းနည်းတော့ စိုက်နေမိတယ် ဆိုပါတော့။ သူလည်း ကျွန်မရဲ့ အောက်စီဂျင်အိုးကို ဂရုစိုက်ချင် စိုက်မိနေမှာပဲလေ။ ရောဂါရဲ့ သက်ရောက်မှုတွေပေါ့။ ဒါကို ဟိုးအရင်ကတည်းက ကျွန်မ သိခဲ့တာ။ ဩဂစ္စတပ်စ်လည်း သိမယ်လို့ ထင်တာပဲ။

ကျွန်မအိမ်နားရောက်တော့ ဩဂစ္စတပ်စ်က ရေဒီယိုကို ပိတ်လိုက်တယ်။ လေထုက သိပ်သည်းနေတယ်။ သူ ကျွန်မကို နမ်းဖို့တွေးနေမလား မသိပေမယ့် ကျွန်မကတော့ သူ့ကို နမ်းလိုက်ဖို့ တွေးနေမိတာ အသေအချာပေါ့ရှင်။ တကယ်ရော နမ်းချင်ရဲ့လားလို့လည်း တွေးနေမိတာ။ ကျွန်မ ကောင်လေးတွေနဲ့ နမ်းဖူးပါတယ်။ ဒါပေမဲ့ ကြာခဲ့ပါပြီ။ ရောဂါမဖြစ်ခင်က ဆိုပါတော့။

ခြံထဲ ကားရပ်လိုက်တော့ ကျွန်မက သူ့ကို လှည့်ကြည့်လိုက်တယ်။ သူက ကျွန်မမျက်စိထဲ ယောကျ်ားလေးမဆန်စွာ လှပလွန်းနေတယ်။

"ဟေဇယ်ဂရေ့စ်"

ကျွန်မနာမည်က သူ့အသံနဲ့မှ ပိုသစ်လွင်ပြီး လှပသွားသလိုလို။

"မင်းနဲ့ အဖော်ပြုရတာဟာ တကယ့်ကို စိတ်ချမ်းသာစရာ ကောင်းလှပါတယ်"

"အလားတူပါပဲ မစ္စတာ ဝါးတားစ်"

ကျွန်မကလည်း ပြန်ပြောလိုက်တယ်။ ကျွန်မသူ့ကို ကြည့်ဖို့ ရှက်နေမိသလိုပဲ။ ရေပြင်ကျယ်လို ပြာလဲ့လဲ့ သူ့မျက်လုံးတွေကို ရင်ဆိုင်ဖို့ ကျွန်မမှာ အားမရှိသလို ဖြစ်နေမိတယ်။

"ထပ်တွေ့ခွင့် ရနိုင်ဦးမလား"

မေးလာတဲ့ သူ့အသံမှာ စိတ်လှုပ်ရှားနေတဲ့အသံက အတိုင်းသား ကြားနေရတယ်။

"ရတာပေါ့"

ကျွန်မက ပြုံးရင်း ပြန်ပြောလိုက်တယ်။

"မနက်ဖြန်လား"

"ဟိုးထား. . . ဆရာကြီး။ သိပ် မလောနဲ့လေ"

"အေးလေ. . . ဒါကြောင့်မို့ မနက်ဖြန်လို့ ပြောတာပေါ့။ မဟုတ်ရင် ဒီညတောင် တွေ့ချင်သေးတာ။ ဒါပေမဲ့ ဒီတစ်ညလုံးနဲ့ မနက်ဖြန်ရဲ့ အချိန်တော်တော်များများကို စောင့်လိုက်ပါ့မယ်လေ"

mgyoe.com

mgyoe.com

သူက အဲဒီလိုပြောတော့ ကျွန်မက မျက်ဖြူလန်ပြလိုက်တယ်။

"ငါ တကယ်ပြောနေတာ"

"နင်ငါ့ကို သေချာတောင် မသိသေးဘူး"

ကျွန်မက ပြောရင်း ဒက်ရှ်ဘုတ်ပေါ် တင်ထားတဲ့ စာအုပ်ကို ဆွဲယူလိုက်တယ်။

"ဒီစာအုပ်ပြီးမှ နင့်ဆီ ဖုန်းဆက်လိုက်မယ်ဆိုရင်ရော"

"ဒါပေမဲ့ နင့်ဆီမှာ ငါ့ဖုန်းနံပါတ်မှ မရှိတာလေ"

"နင် ဒီစာအုပ်ထဲမှာ ရေးထားပြီးသား မဟုတ်ဘူးလား"

သူ့မျက်နှာပေါ်မှာ အားပါးတရ ပြုံးလိုက်တဲ့ အပြုံးတစ်ခု ဖြတ်ပြေးသွားတယ်။

"နင်ပဲ ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သေချာ မသိသေးဘူးဆို"

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ကျွန်မ အဲဒီညက အာရုံဦးတန်ဖိုး ဆိုတဲ့စာအုပ် ဖတ်ရင်း အတော်လေး ညဥ့်နက်သွားတယ်။ အဲဒီစာအုပ်က တော်ဝင်ဝေဒနာ နဲ့တော့ မတူဘူး။ ဒါပေမဲ့ ဇာတ်ကြောင်းပြောသူ ဗိုလ်ကြီး မက်စ်မေဟမ် ဆိုတာက သတ်ဖို့ဖြတ်ဖို့လောက် ကလွဲ ဘာမှ မသိတဲ့သူ။ ကျွန်မစိတ်ထဲက လိုက်တွက်ထားကြည့်မိတာတော့ စာမျက်နှာပေါင်း ၂၈၄ မျက်နှာမှာ လူအယောက် ၁၁၈ ယောက်ကို သတ်ပစ်ခဲ့တာ။

ဒါကြောင့် နောက်တစ်နေ့ ကြာသပတေးနေ့ မနက်ကျတော့ နောက်ကျမှ အိပ်ရာနိုးတယ်။ မေမေ့စည်းကမ်းက ကျွန်မကို ဘယ်တော့မှ မနှိုးဘူး။ ဘာလို့လဲ ဆိုတော့ ပရော်ဖက်ရှင်နယ် လူနာတစ်ယောက်ရဲ့ အဓိကလိုအပ်ချက်က အိပ်ရေးဝဝ အိပ်ဖို့ပဲလေ။ ဒါကြောင့် သူမလက်တွေ ကျွန်မပခုံးပေါ် ရောက်ပြီး လာနှိုးနေတော့ ပထမပိုင်းမှာ အတော်လေး စိတ်ရှုပ်သွားတယ်။

"၁၀ နာရီထိုးတော့မယ် သမီးရဲ့"

"အိပ်စက်ခြင်းက ကင်ဆာရောဂါကို ခုခံနိုင်တယ်ဆို။ သမီးညက စာဖတ်ရင်း အိပ်တာ နောက်ကျသွားလို့ပါ"

"ဒီစာအုပ်ကလေးလား"

သူမက အိပ်ရာဘေးမှာ ဒူးထောက်လိုက်ပြီး ဖိလစ်လို့ခေါ်တဲ့ လေးထောင့်ပုံ အောက်စီဂျင်အိုး အကြီးစားကနေ ကျွန်မကို ဖြုတ်ပေးတယ်။ သူ့ပုံစံကလည်း

mgyoe.com

mgyae.com SAMPLE BOOK

ဖိလစ်နဲ့ တူတာကိုး။

မေမေက လက်ဆွဲအောက်စီဂျင်အိုးနဲ့ ချိတ်ပေးပြီး အတန်းတက်ဖို့ ရှိနေသေးကြောင်း သတိပေးတယ်။

"အဲဒါ ဟိုကောင်လေး ပေးလိုက်တာလား"

သူမက ကောက်ခါငင်ခါ မေးလိုက်တယ်။

"အဲဒါ ဆိုတော့ 'ရေယုံ'ကို ပြောတာလား"

"ပေါက်ကရတွေ။ စာအုပ်ကို ပြောတာ ဟေဇယ်ရဲ့။ စာအုပ်"

"အင်းလေ. . . သူ ပေးလိုက်တာပေါ့"

"သမီး သူ့ကို သဘောကျနေတယ် မဟုတ်လား"

မျက်ခုံးလေးချီပြီး မေးလိုက်ပုံက အမေတစ်ယောက်ရဲ့ ဗီဇရှိမှန်း ပြနေသလိုလို။ ကျွန်မက ပခုံးတွန့်ပြလိုက်တယ်။

"မေမေ ပြောသားပဲ။ ဖေးမကူအသင်းက သမီးအတွက် တန်ဖိုးရှိမှာပါလို့"

"မနေ့က တစ်ချိန်လုံး မေမေ အပြင်မှာ စောင့်နေတာလား"

"အင်း။ အလုပ်ထဲက စာရွက်စာတမ်းတွေတော့ ယူလာရတာပေါ့။ ကဲပါ။ နေ့တစ်နေ့ကို ရင်ဆိုင်ဖို့ အချိန်ရောက်ပြီ ကလေးမ"

"မေမေရာ. . . အိပ်စက်ခြင်းကသာ ကင်ဆာကို ခုခံနိုင်တာလေ"

"မေမေ သိပါတယ် သမီးလေးရယ်။ ဒါပေမဲ့ အတန်းတက်ဖို့ ရှိသေးတယ်လေ။ နောက်ပြီးတော့. . . ဒီနေ့က. . . "

မေမေ့အသံမှာ မြူးကြွမှုတွေက အတိုင်းသား ကြားနေရတယ်။

"ကြာသပတေး မဟုတ်လား"

"သမီး တကယ်မေ့နေတာလား"

"ဘာလဲ"

"ကြာသပတေး။ မတ်လ ၂၉"

မေမေ့မျက်နှာပေါ်မှာ အပြုံးအကြီးကြီးတစ်ခုက တွဲလွဲခိုလို့။ အသံကလည်း စူးရှရှ။

"နေ့စွဲလေးသိရုံနဲ့ ဒီလောက်အထိ စိတ်လှုပ်ရှားစရာ ရှိလို့လား မေမေရဲ့"

"ဟေဇယ်. . . ဒီနေ့က သမီးရဲ့ သုံးဆယ့်သုံးနှစ်ကို တစ်ဝက်ကျိုးတဲ့ မွေးနေ့လေ"

mgyae.com

mgyoe.com SAMPLE BOOK

"အိုး. . ."

မေမေဆိုတာ ပွဲတစ်ခုခုဆို အကြီးကြီး လုပ်ချင်တတ်တဲ့သူ။

ဒီနေ့ သစ်ပင်များနေ့။ သစ်ပင်တွေ သွားဖက်ပြီး ကိတ်မုန့်စားကြစို့ ဆိုတာမျိုး၊ ကိုလံဘတ်စ်က ကျောက်ကြီးရောဂါကို ဒေသခံတွေဆီ သယ်လာတဲ့နေ့။ မေမေတို့က ဒီအထိမ်းအမှတ်အနေနဲ့ ပျော်ပွဲစား ထွက်ကြမယ် ဆိုတာမျိုး. . . စသဖြင့် စုံစိနေတာပဲ။

"ဩော်. . . ဒါဖြင့်လည်း သုံးဆယ့်သုံးနှစ် တစ်ဝက်ကျိုး သွားပြီဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် ဟက်ပီးဘတ်ဒေးပါပေါ့" လို့ ကျွန်မက ပြောလိုက်တယ်။

"ဒီနေ့လို စပါယ်ရှယ်နေ့မျိုးမှာ သမီး ဘာလုပ်ချင်သလဲ"

"အတန်းတက်ပြီးရင် နာမည်ကျော်စားဖိုမှူး ဆိုတဲ့ အစီအစဉ်ကို အပိုင်းဆက်တွေ အများကြီး တဆက်တည်း ကြည့်ပစ်လိုက်ဖို့လား"

မေမေက ကျွန်မအိပ်ရာ အပေါ် နားမှာရှိတဲ့ စင်ပေါ် ကနေ ဘလူး လို့ ခေါ်တဲ့ မွေးပွဝက်ဝံရုပ် အပြာရောင်ကလေးကို ဆွဲယူလိုက်တယ်။ အဲဒီအရုပ်ကလေး က ကျွန်မအသက် တစ်နှစ်လောက်ကတည်းက ရထားတာ။ အဲဒီတုန်းကတည်းက အရောင်အဆင်းနဲ့ လိုက်အောင်လို့ ဘလူးလို့ နာမည်ပေးခဲ့တာ။

"ကိတ်တလင်းတို့၊ မက်တို့နဲ့ ရုပ်ရှင်လေးဘာလေး မသွားချင်ဘူးလား"

သူတို့က ကျွန်မသူငယ်ချင်းတွေလေ။ ဒါက မေမေပေးတဲ့ အကြံ။

"အင်း. . . သမီး ကိတ်တလင်းကို မက်ဆေ့ချ် ပို့ကြည့်လိုက်ဦးမယ်။ ကျောင်းချိန်ပြီးသွားရင် ရှော့ပင်ထွက်ချင်မလားပေါ့"

မေမေက ဝက်ဝံရုပ်ကလေးကို ခပ်တင်းတင်းဖက်ထားရင်း ပြုံးလိုက်တယ်။

"ရှော့ပင်ထွက်ရတာ ပျော်စရာကောင်းတုန်းပဲလား သမီးလေးရယ်"

"ဘယ်ဟာက ပျော်စရာကောင်းမှန်းတောင် မသိတာ အတော်လေး ကြာပေါ့"

❑

ကျွန်မက ကိတ်တလင်းကို စာပို့တယ်။ ရေချိုး အဝတ်အစားလဲတယ်။ နောက်တော့ မေမေက ကျောင်းလိုက်ပို့တယ်။ အတန်းက အမေရိကန် စာပေပညာ အတန်း။ ဖရက်ဒရစ် ဒေါက်ဂလတ်စ်အကြောင်း လူမရှိသလောက် နည်းပါးနေတဲ့ ခန်းမကျယ်ကြီးထဲမှာ တက်ရတာ။ ကျွန်မက အတန်းတက်နေရင်း အိပ်မပျော်သွားအောင် မနည်းကြိုးစားနေရတယ်။ မိနစ်ကိုးဆယ်ကြာ၊ အတန်းချိန်စပြီး မိနစ်

mgyoe.com SAMPLE BOOK

လေးဆယ်ကြာသွားတဲ့အချိန်မှာ ကိတ်တလင်းဆီက ပြန်စာ ရောက်လာတယ်။

"မိုက်တယ်။ ပျော်စရာ မွေးနေ့ပါဟယ်။ ကာဆဲလ်တန်မှာ ညနေ ၃ နာရီ ၃၂ မိနစ်မှာ တွေ့မလား"

ကိတ်တလင်းက အပေါင်းအသင်းများတော့ မိနစ်ပိုင်း အတိအကျအထိ ကြိုတင်စီစဉ်ထားမှ အဆင်ပြေတာ။

"ကောင်းတယ်။ စားသောက်တန်းမှာ စောင့်နေမယ်"

မေမေက ကျောင်းကအပြန် ရှော့ပင်းမောလ်နဲ့ဆက်နေတဲ့ စာအုပ်ဆိုင်ဆီ တန်းပြီး မောင်းပို့တယ်။ အဲဒီမှာ ကျွန်မက သန်းခေါင်ယံ အာရုံတက် နဲ့ ပျက်စီးခြင်းရဲ့ တေးတစ်ပုဒ် ဆိုတဲ့ စာအုပ်နှစ်အုပ် ဝယ်လိုက်တယ်။ အာရုံတက်တန်ဖိုး စာအုပ်ရဲ့ နောက်ဆက်တွဲ နှစ်အုပ်လေ။ နောက်တော့ ကျွန်မက စားသောက်တန်းဆီ လျှောက်သွားပြီး ဒိုင်းယက်ကိုလာ တစ်ဘူး ဝယ်လိုက်တယ်။ အချိန်က ၃ နာရီ ၂၀ မိနစ်။

ကျွန်မက စာဖတ်ရင်း ပင်လယ်ဓားပြ မိုးလုံလေလုံကစားကွင်းထဲမှာ ကလေးတွေ ကစားနေတာ ထိုင်ကြည့်နေမိတယ်။ အဲဒီမှာ ကလေးနှစ်ကောင် ပိုက်လုံးကြီးထဲ ဝမ်းလျားထိုးပြီး ဝင်လိုက်ထွက်လိုက် လုပ်နေပုံက ဘယ်တော့မှ ငြီးငွေ့စရာ မဟုတ်တော့တဲ့အတိုင်း။ အဲဒီအဖြစ်ကို ကြည့်ပြီး ဩဂစ္စတပ်စ် ဝါးတားစ် ပြောပြတဲ့ အလွတ်တန်း ဘောလုံးပစ်တဲ့ကိစ္စဆီ စိတ်က ရောက်သွားပြန်ရော။

မေမေကလည်း ကျွန်မ မမြင်နိုင်လောက်ဘူးလို့ထင်တဲ့ စားသောက်တန်းက ထောင့်ချိုးကလေးမှာ တစ်ယောက်တည်းထိုင်ပြီး စင်းဒဝစ်ထိုင်စားရင်း စာရွက်စာတမ်းတချို့ ထိုင်ဖတ်နေတယ်။ ဆေးပညာနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ အဲဒီစာရွက်စာတမ်းတွေက မဆုံးတမ်းပဲ။

၃ နာရီ ၃၂ မိနစ် အတိအကျမှာပဲ ကိတ်တလင်းက ဝုခ်ဟောက်စ် ဆိုတဲ့ဆိုင်ကလေးကို ယုံကြည်ချက်ရှိရှိနဲ့ လမ်းလျှောက်ပြီး ဖြတ်ကျော်လာပါပြီ။ ကျွန်မ သူမကို မြင်လိုက်တဲ့အချိန် လက်လှမ်းပြလိုက်တော့ သူမက အလွန်တရာ ဖြူဖွေးပြီး ညီညာဖြောင့်တန်းနေတဲ့သွားတွေကို လက်ခနဲ မြင်ရအောင် လှမ်းပြုံးပြပြီး လျှောက်လာတယ်။

သူမနဲ့ လိုက်ဖက်တဲ့ ဒူးအနားအထိရှည်တဲ့ မီးခိုးရောင်ကုတ်အကျႌနဲ့ မျက်နှာတစ်ခုလုံးနီးပါးဖုံးနေတဲ့ နေကာမျက်မှန်ကို ဝတ်ဆင်ထားတယ်။ ကျွန်မကို ကိုင်းပြီး ဖက်လိုက်တဲ့အချိန် နေကာမျက်မှန်ကို ခေါင်းပေါ် တွန်းတင်လိုက်တယ်။

"အချစ်ရေ. . . နေကောင်းရဲ့လား"

mgyoe.com

mgyoe.com SAMPLE BOOK

ကိတ်တလင်းအသံက ပြိတ္တာလေသံ ခပ်ဝဲဝဲ။ လူတွေက ဒါကို တမင်လုပ်ယူထားတာ၊ သို့တည်းမဟုတ် ပဲများနေတာလို့ ထင်ပုံမရဘူး။ သူမပုံစံက အလွန်တရာ ရင့်ကျက်တည်ငြိမ်နေတဲ့ အသက်အစိတ်အရွယ် ပြိတ္တာဆယ်လီတစ်ယောက်က အင်ဒီယာနာပိုလစ်နယ်သူ ဆယ့်ခြောက်နှစ်သမီးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ ပိတ်မိနေတဲ့ပုံမျိုး။ လူတိုင်းကလည်း ဒါကို လက်ခံထားကြတယ်။

"နေကောင်းပါတယ်။ နင်ရော"

"မသိတော့ပါဘူးဟယ်။ အဲဒါ ဒိုင်းယက်ကိုလာလား"

ကျွန်မက ခေါင်းညိတ်ပြီး သူမကို ကမ်းပေးလိုက်တယ်။ သူမက ပိုက်ကနေ စုတ်ပြီး သောက်တယ်။

"ဒီရက်ပိုင်း နင့်ကို ကျောင်းပြန်တက်စေချင်လိုက်တာဟယ်။ အခုတလော ကောင်လေးတွေက အတော် အဆင်လေးတွေ ဖြစ်လာတယ်"

"ဟုတ်လား။ ဘယ်သူတွေလဲ"

မူလတန်းကနေ အလယ်တန်းအထိ ကျောင်းအတူတူတက်လာတဲ့ ကောင်လေးတွေရဲ့ နာမည် ငါးခုလောက် သူမက ရွတ်ပြပေမယ့် ကျွန်မကတော့ သူတို့ကို ပုံဖော်ကြည့်ဖို့ ခက်ခဲနေဆဲပဲ။

"ငါတောင် ဒဲရစ်ဝယ်လင်တန်နဲ့ တွဲနေတာ။ ဒါပေမဲ့ သိပ်တော့ ကြာရှည်ခံမယ် မထင်ပါဘူး။ သူက ကလေးဆန်တယ်။ ဒါပေမဲ့ ငါ့အတွက်တော့ လုံလောက်ပါတယ်။ နင့်အတွက်ရော ဘာတွေ ထူးသလဲ"

"ဘာမှ မထူးပါဘူးဟယ်"

"ကျန်းမာရေးရော ကောင်းသလား"

"ဒီအတိုင်းပါပဲ"

"Phalanxifor မဟုတ်လား"

သူမအသံက စိတ်တက်ကြွစွာနဲ့ ခပ်ပြုံးပြုံး ပြောတယ်။

"ဒါဖြင့် နင် ထာဝရ အသက်ရှင်သွားလို့ ရပြီမဟုတ်လား"

"ထာဝရရယ်လို့တော့ မဟုတ်ပါဘူး"

"ဒါပေမဲ့ အခြေခံအားဖြင့်တော့ ဟုတ်တယ် မဟုတ်လား။ ဘာတွေရှိသေးလဲ"

ကျွန်မလည်း ကောင်လေးတစ်ယောက်နဲ့ တွေ့နေတယ်ဆိုတာကို ပြောပြရင်ကောင်းမလား တွေးလိုက်မိသေးတယ်။ သို့တည်းမဟုတ် အနည်းဆုံးတော့

mgyoe.com

mgyoe.com
SAMPLE BOOK

ရုပ်ရှင်အတူတူ ကြည့်ဖြစ်တယ်ဆိုတာကိုပေါ့။ ဘာလို့လဲဆိုတော့ ကျွန်မလို ကြောင်တောင်တောင်၊ ဂေါက်တောက်တောက်၊ ရှုနာရှိုက်ကုန်း တစ်ယောက်က ကောင်လေးတစ်ယောက် "ကျ" လောက်အောင် ဖြစ်သွားရတယ်ဆိုတာက သူမကို အံ့သြဝမ်းသာသွားစေမလား ထင်မိလို့ပါပဲ။ ဒါပေမဲ့ သိပ်ပြီးတော့ မမျှော်လင့်ထားပါဘူး။ ဒီလိုနဲ့ပဲ ပခုံးတွန့်ပြလိုက်မိတယ်။

"အဲဒါ ဘာအကြောင်းလဲဟ"

ကိတ်တလင်းက ကျွန်မလက်ထဲက စာအုပ်ကို လက်ညှိုးထိုးပြပြီး မေးတယ်။

"ဩော်. . . သိပ်ပွဲဝတ္ထုလေ။ နည်းနည်း စိတ်ဝင်စားနေတာနဲ့ ဖတ်နေတာ။ စီးရီးတွဲကြီးပေါ့"

"ဩော်. . . သိပြီ။ ရှော့ပင် ထွက်ကြမလား"

❑

ကျွန်မတို့နှစ်ယောက်သား ဖိနပ်ဆိုင်ထဲ သွားကြတယ်။ ကြည့်နေရင်းက ကိတ်တလင်းက ထိပ်ပွင့် ပြင်ညီဖိနပ်တစ်ရံ ကျွန်မကို လှမ်းပြတယ်။

"ဒါလေးက နင်နဲ့ဆို လိုက်မှာ"

အဲဒီလိုပြောတော့ ကိတ်တလင်းက သူ့ခြေညှိုးက ရှည်လွန်းလို့ ရုပ်ဆိုးတယ်ဆိုလား၊ အဲဒီ ခြေညှိုးက ဝိညာဉ်အတွက် ပြတင်းပေါက်သာဆိုရင် ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ဘယ်တော့မှ ထိပ်ပွင့်ဖိနပ် မစီးတာကို ကျွန်မ သတိရမိတယ်။ ဒါနဲ့ ကျွန်မက သူ့အသားအရောင်နဲ့ လိုက်ဖက်တဲ့ ခြေညှပ်ဖိနပ်တစ်ရံကို ပြတော့ "အင်း. . . ဒါပေမဲ့" ဆိုပြီး လုပ်နေရော။ အဲဒီ "ဒါပေမဲ့" ဆိုတာ *ဒါပေမဲ့ အဲဒီဖိနပ်က ငါ့ရဲ့ ခြေညှိုးကို လူတကာ ထုတ်ပြနေမှာစိုးလို့* ဆိုတော့ ကျွန်မက "ကိတ်တလင်း. . . ငါသိသမျှ လူတွေထဲမှာ ခြေချောင်းမလှလို့ ဆိုတာကို သိတဲ့ တစ်ဦးတည်းသောသူက နင်ပဲ" လို့ပြောတော့ "သူမက အဲဒါ ဘာလဲ" လို့ မေးလာတယ်။

"မှန်ထဲမှာ ကြည့်လိုက်လို့ နင်မြင်ရတဲ့အရာတွေက အမှန်တကယ်တော့ အဲဒီလို မဟုတ်ပါဘူးဟယ်"

"ဩော်. . . ဩော်. . . ဒါလေးဆို ဘယ်လိုနေမလဲ"

သူမက ချစ်စရာကောင်းပေမယ့် သိပ်ပြီး မထူးခြားလှတဲ့ ရှူးဖိနပ်တစ်ရံကို လှမ်းပြတော့ ကျွန်မက ခေါင်းညိတ်ပြလိုက်တယ်။ နောက်တော့ သူမရဲ့ဆိုဒ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ရှာတွေ့သွားပြီး စီးကြည့်ရင်း လမ်းကလေးတစ်လျှောက် လျှောက်ကြည့်နေရင်း ခြေမျက်စိလောက်အထိ မြင်ရတဲ့ မှန်ထဲမှာ ပေါ်နေတဲ့ ပုံရိပ်ကို ကြည့်နေတယ်။ နောက်တော့ ကြိုးတွေနဲ့ ရှုပ်နေတဲ့ ဖိနပ်တစ်ရံကို ဆွဲယူပြီး "ဒီဖိနပ်တွေက လမ်းလျှောက်လို့ရော ရရဲ့လား မသိပါဘူးဟယ်။ ဟိုလေ. . . တကယ်လို့ ငါသာဆို သေမှာပဲ" လို့ ပြောပြီးကာမှ မှားသွားသလို ရုတ်တရက် ရပ်လိုက်ရင်း ကျွန်မကို လှမ်းကြည့်တယ်။ သဘောကတော့ သေလုမြောပါးလူအရှေ့မှာ သေခြင်းတရားကို ပြောမိတာဟာ ရာဇဝတ်မှု ကျူးလွန်မိသလို ခံစားသွားရတဲ့ ပုံစံမျိုးနဲ့ ဆောရီးပါဟာ ဆိုတဲ့အကြည့်မျိုးနဲ့ လှမ်းကြည့်တယ်။

"နင်ဝတ်ကြည့်ပါလား" လို့ ကိတ်တလင်းက ပြောရင်း ခပ်အမ်းအမ်း ဖြစ်သွားတာကို ဖုံးတယ်။

"မဝတ်ခင် သေချင်သွားတယ်" လို့ ကျွန်မကလည်း သူမကို အားပေးသလို ပြန်ပြောလိုက်တယ်။

ကျွန်မလည်း ဝယ်စရာရယ်လို့ ရှိအောင် ကွင်းထိုးဖိနပ်တွေထဲက ရွေးလိုက်တယ်။ နောက်တော့ အနားမှာရှိတဲ့ ခုံတန်းကလေးပေါ် ထိုင်ချလိုက်ရင်း ကိတ်တလင်း ဖိနပ်စင်တွေကြား လမ်းကလေးအပေါ်မှာ စုန်ချီဆန်ချီ လျှောက်နေတာကို ငေးကြည့်နေမိတယ်။ သူမပုံစံက စစ်တုရင် ကစားနေတဲ့အတိုင်း အာရုံတွေ အကြီးအကျယ်စိုက်ပြီး ရွေးနေတဲ့ပုံမျိုး။ ကျွန်မက သန်းခေါင်ယံအာရုံဦး စာအုပ်ကို ထုတ်ပြီးဖတ်ချင်ပေမယ့် ရိုင်းတယ်ဖြစ်မှာစိုးလို့ ဒီအတိုင်းပဲ ကိတ်တလင်းကို ကြည့်နေလိုက်တယ်။ ခဏကြာတော့ သူမက ကျွန်မဆီ ပြန်လှည့်လာပြီး ထိပ်ပိတ်ထားတဲ့ ဖိနပ်တစ်ရံ ယူလာပြီး မေးတယ်။

"ဒါလေးရော"

ဆိုလိုတာက ကျွန်မအနေနဲ့ အဲဒီရှူးဖိနပ်အပေါ် ဉာဏ်ရှိတဲ့ ထောက်ခံချက် တစ်ခုခု ပေးလေမလားပေါ့။ နောက်ဆုံးတော့ သူမက ဖိနပ်သုံးရံ၊ ကျွန်မက ကွင်းထိုးဖိနပ်တစ်ရံ ဝယ်ပြီး ဆိုင်ထဲကနေ ထွက်လာခဲ့ကြတယ်။

"တခြား ဘယ်သွားဦးမလဲ"

"တကယ်က ငါ အိမ်ပြန်သင့်နေပြီ။ နည်းနည်းမောနေပြီလေ"

"ဟုတ်တာပေါ့။ ပြန်ပြန်။ နင်နဲ့ မကြာခဏ တွေ့ချင်သေးတယ် အချစ်ရယ်"

သူမက ကျွန်မပခုံးကနေဆွဲပြီး ပါးနှစ်ဖက်လုံးကို နမ်းရင်း နှုတ်ဆက်တယ်။ နောက်တော့ ခါးသေးသေးကျဉ်းကျဉ်းလေးကို ခါယမ်းရင်း လှည့်ထွက်သွား

mgyoe.com

mgyoe.com SAMPLE BOOK

တော့တယ်။

တကယ်တော့ ကျွန်မ အိမ်မပြန်ပါဘူး။ မေမေ့ကို ညနေခြောက်နာရီမှ လာကြိုဖို့ ပြောထားပြီးသား။ မေမေကိုယ်တိုင်ကလည်း မောလ်ထဲမှာလား၊ ကားပါကင်မှာလား တစ်နေရာရာမှာ ရှိနေမှာ သေချာပါတယ်။ နောက်ထပ်နှစ်နာရီကို ကျွန်မတစ်ယောက်တည်း နေချင်လို့လေ။

မေမေ့ကို ကျွန်မ ချစ်ပါတယ်။ ဒါပေမဲ့ သားအမိချင်း စိတ်ချင်းနီးစပ်ဖို့ အတင်းကြိုးလုပ်ယူနေတာ ကျွန်မအတွက် အနေရခက်စေတာတော့ အမှန်ပဲ။ နောက်ပြီး ကိတ်တလင်းကိုလည်း ကျွန်မ သဘောကျပါတယ်။ တကယ်ပါ။ ဒါပေမဲ့ သုံးနှစ်လောက် အချိန်ပြည့်တက်ရတဲ့ ကျောင်းကနေ၊ သူငယ်ချင်းတွေဆီကနေ ခွဲထုတ်ခံထားလိုက်ရတော့ ကျွန်မတို့ကြားမှာ မမြင်ရတဲ့တံတိုင်းတစ်ခု ခြားသွားသလို ခံစားရတယ်။ ကျောင်းက သူငယ်ချင်းတွေ ကျွန်မ ကင်ဆာရောဂါဝေဒနာ ခံစားနေရပြီး ရှုန်းကန်နေရချိန်မှာ သိပ်ကူညီချင်ကြပေမယ့် ဘာမှ မကူညီနိုင်ဘူးဆိုတာ သဘောပေါက်သွားကြပြီလို့ ကျွန်မ ထင်တယ်လေ။ သေချာတာကတော့ ဒီတောင်ကို ကျွန်မ ကျော်ဖြတ်နိုင်လိမ့်မယ်လို့ သူတို့ မထင်ထားခဲ့ကြတာပဲ။

ဒါကြောင့်မို့ ကျွန်မကလည်း နာကျင်တယ်၊ နုံးခွေနေတယ်ဆိုတဲ့ ဆင်ခြေတွေနဲ့ အကြောင်းပြပြီး ကိတ်တလင်းအပါအဝင် ဘယ်သူငယ်ချင်းကိုမှ မတွေ့ရအောင် ရှောင်နေနိုင်ခဲ့ပါတယ်။ အမှန်အတိုင်း ပြောရရင် ဒါဟာ အမြဲတမ်း ရင်နာရပါတယ်။ ပုံမှန်လူတစ်ယောက်လို အသက်ရှုလို့ မရတဲ့အခါ၊ ကိုယ့်ရဲ့အဆုတ်ကို အဆုတ်ဖြစ်နေသေးမှန်း တစ်ချိန်လုံး သတိပေးနေရတဲ့အခါ၊ အောက်စီဂျင် မပြည့်တဲ့အခါ အတွင်းဘက်ကနေ လက်သည်းချွန်တွေနဲ့ ဆွဲဆုတ်ထားသလို ဖြစ်နေတာကို လက်ခံလိုက်ဖို့ အားတင်းကြိုးစားနေရတာတွေကလည်း တကယ်ကို နာကျင်ခံစားရပါတယ်။ ဒါကြောင့်မို့ ကျွန်မက လိမ်ညာပြောနေတာတော့ မဟုတ်ပါဘူး။ အမှန်တရားတွေထဲက တစ်ခုကို ရွေးချယ်လိုက်တယ် ဆိုရုံပါ။

ကိတ်တလင်း ဘယ်တော့မှ သွားမကြည့်တတ်တဲ့ ရှေ့ပင်းမောထောင့်ချိုးနားက အိုင်းရစ်ရှ် လက်ဆောင်စတိုးဆိုင်၊ ဖောင်တိန်အရောင်းပြခန်းနဲ့ ဘေ့စ်ဘောဦးထုပ် အရောင်းဆိုင်တွေနား ချထားတဲ့ ခုံတန်းကလေးတစ်ခုတွေ့တော့ ထိုင်ပြီး သန်းခေါင်ယံ အာရုံဦး ဆိုတဲ့စာအုပ်ကို ဖတ်တော့တာပဲ။

ဒီစာအုပ်ထဲမှာ ဝါကျတစ်ကြောင်း အလောင်းတစ်လောင်းနှုန်းနဲ့များများ ရေးနေသလား ထင်ရတယ်။ ကျွန်မက စာအုပ်ကို ခေါင်းမဖော်စတမ်း ဖတ်ပစ်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ဗိုလ်ကြီး မက်စ်မေဟမ်မှာ စရိုက်လက္ခဏာရယ်လို့ တိတိကျကျ မရှိပေမယ့် ဖတ်ရင်း သူ့ကို သဘောကျမိသလိုတော့ ရှိသား။ ဒါပေမဲ့ အကြိုက်ဆုံးကတော့ သူ့စွန့်စားခန်းတွေက ဆက်တိုက် ဖြစ်နေတာ။ ရှင်းပစ်စရာ လူဆိုးတွေ၊ ကယ်တင်စရာ လူကောင်းတွေကလည်း ကုန်ပဲ မကုန်နိုင်တော့ဘူး။ စစ်ပွဲအဟောင်းတစ်ခုက မပြီးသေးဘူး၊ အသစ်တစ်ခုက ထပ်ဖြစ်ပြန်ရော။ ကလေးဘဝကတည်းကစလို့ အဲဒီလို စာအုပ်စီးရီးတွဲတွေ ကျွန်မ မဖတ်ဖြစ်တော့ဘူး။ အခုတော့ မဆုံးနိုင်တဲ့ စိတ်ကူးယဉ်ဇာတ်လမ်းထဲ ပြန်ပြီးတော့ ရင်ခုန်ရင်း မျောပါသွားရပြန်ရော။

စာအုပ်မဆုံးခင် စာမျက်နှာ နှစ်ဆယ်လောက်ကစပြီး မေဟမ့်အတွက် အတော်လေး ဆိုးဆိုးဝါးဝါး ကိစ္စတွေ စဖြစ်လာပါတော့တယ်။ ရန်သူ့စခန်းထဲမှာ ဖမ်းမိထားတဲ့ (ရွှေရောင်ဆံပင်နဲ့ အမေရိကန်သူ) တစ်ယောက်ကို သွားကယ်ဖို့ ကြိုးစားရင်း သေနတ်နဲ့ တစ်ဆယ့်ခုနစ်ကြိမ်တောင် အပစ်ခံရတယ်။ ဒါပေမဲ့ စာဖတ်သူတစ်ယောက်အနေနဲ့ ကျွန်မကတော့ အဲဒါကို စိတ်မပျက်မိဘူး။ စစ်ပွဲက သူ မရှိတော့ရင်လည်း ဆက်ဖြစ်နေဦးမှာပဲ။ သူ့ကိုယ်စား သူ့နေရာကို ဆက်ခံတဲ့သူတွေ ရှိနေသရွေ့တော့ နောက်ဆက်တွဲတွေက ဆက်ထွက်နေဦးမှာ။ ဥပမာ စပါယ်ရှယ်လစ် မန်နီလိုကို၊ ဂျက်စပါ ဂျက်တို့လို လူစားမျိုးတွေ ရှိနေသရွေ့ပေါ့။

"နှာခေါင်းနားကဟာက ဘာကြီးလဲ" လို့ မေးလာတဲ့ ကျစ်ဆံမြီးလေးနဲ့ ကလေးမလေးတစ်ယောက် ကျွန်မအရှေ့မှာ ပေါ်လာချိန်မှာ ကျွန်မက စာအုပ်ကို လက်စသတ်လုနီး။

"အင်း. . . အဲဒါ နှာခေါင်းပိုက်လို့ ခေါ်တယ်။ ဒီပိုက်က မမကို အောက်စီဂျင်ပေးပြီး အသက်ရှုလို့ရအောင် လုပ်ပေးတာ" လို့ ကျွန်မက ပြန်ဖြေလိုက်တယ်။

အဲဒီအချိန်မှာပဲ သူမရဲ့အမေ ရောက်လာပြီး ကလေးကို ဟန့်တယ်။

"ဂျက်ကီ. . ."

"ရပါတယ်။ ဘာမှ မဖြစ်ပါဘူး" လို့ ကျွန်မ ပြောလိုက်မိတယ်။ တကယ်လည်း ကျွန်မအတွက်တော့ ဘာမှ မဖြစ်ပါဘူး။ နောက်တော့ ကလေးက ထပ်မေးပြန်တယ်။

"အဲဒါက သမီးကိုရော အသက်ရှုလို့ရအောင် လုပ်ပေးမှာလားဟင်"

"မသိဘူးလေ။ စမ်းကြည့်ပါလား"

ကျွန်မက ပိုက်ကိုဖြုတ်ပြီး ဂျက်ကီ့နှာခေါင်းနား တေ့ပေးလိုက်ရင်း အသက်ရှူခိုင်းကြည့်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ယားကျိကျိနဲ့"

"ဟုတ်တယ်နော်"

"နည်းနည်းတော့ အသက်ရှူလို့ ပိုကောင်းလာသလိုပဲ"

"ဟုတ်လား"

"ဟုတ်တယ်"

"အင်း. . . မမလည်း သမီးကို မမရဲ့ပိုက်ကလေး ပေးလိုက်ချင်ပါတယ်။ ဒါပေမဲ့ အဲဒီဟာက မမအတွက် မရှိလို့ မဖြစ်ဘူးလေ"

ကျွန်မအတွက် လမ်းပျောက်သလို ခံစားလိုက်ရတယ်။ ဂျက်ကီ ပိုက်ကလေး ပြန်ပေးတဲ့အချိန်အထိ ကျွန်မဟာ အသက်ရှူခြင်းကိုပဲ အာရုံစိုက်နေမိတော့တယ်။ ကျွန်မက ပိုက်ကို ခပ်မြန်မြန်လှမ်းယူပြီး တီရှပ်ပေါ်ကနေ ဖြတ်၊ နားရွက်အနောက်ဘက်ကို ထည့်ရင်း ပိုက်အပွင့်ကလေးကို နှာခေါင်းဝနဲ့ တည့်အောင် ပြန်ချိန်ယူလိုက်တယ်။

"သမီးကို ပေးစမ်းကြည့်တာ ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ"

"ဂျက်ကီ. . . "

သူမ အမေက ထပ်ခေါ်တော့ ကျွန်မက ကလေးကို လွှတ်ပေးလိုက်တယ်။ နောက်တော့ စာအုပ်ထဲကို ကျွန်မ စိတ်ပြန်ရောက်သွားတယ်။ ဗိုလ်ကြီး မက်မေဟမ်က သူ့နိုင်ငံအတွက် ပေးဆပ်စရာ အသက်တစ်ချောင်းပဲ ရှိနေတာကြောင့် အတော်လေး နောင်တရနေတဲ့နေရာကို ရောက်လာပြီ။ ဒါပေမဲ့ ကျွန်မက အဲဒီကလေးလေးအကြောင်းပဲ တွေးမိနေပြီး ဘယ်လောက်အထိ သဘောကျကြောင်း စဉ်းစားနေမိတယ်။

ကိတ်တလင်းနဲ့ပတ်သက်တဲ့ နောက်ထပ်ကိစ္စတစ်ခုက သူမနဲ့ စကားပြောဖို့ ကြိုးစားတိုင်း ဘယ်တော့မှ သဘာဝကျကျ ပြန်ဖြစ်နိုင်တော့မယ် မထင်ဘူး။ ပုံမှန်ဆက်ဆံရေးတစ်ခုလို ဟန်ဆောင်ဖို့ ကြိုးစားလိုက်တိုင်း စိတ်ဓာတ်ကျစရာတွေချည်း ကြုံနေရတယ်။ အကြောင်းက ကျွန်မဘဝတစ်လျှောက်လုံး စကားပြောမိတဲ့လူတိုင်း ကျွန်မအကြောင်း သိနေတာကြောင့် ကြောင်တောင်တောင် ခံစားနေရမယ်ဆိုတာ သိပ်ကို သိသာတဲ့အချက်ပဲ။ ဂျက်ကီလို ဘာမှ မသိသေးတဲ့ ကလေးလေးတစ်ယောက်နဲ့ ဆက်ဆံတာမျိုးကလွဲလို့ပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်တည်းနေရတာကို ကျွန်မ တကယ်

mgyoe.com

mgyoe.com SAMPLE BOOK

သဘောကျပါတယ်။ သနားစရာ ဗိုလ်ကြီး မေဟမ်နဲ့ ကျွန်မနှစ်ယောက်တည်း ကျန်နေရစ်ခဲ့တယ်လို့ ပြောချင်တာပါ။ တစ်ဆယ့်ခုနစ်ချက်တောင် အပစ်ခံရမှတော့ သူ ဘယ်လိုလုပ်ပြီး အသက်ရှင်ပါ့မလဲနော်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

အဲဒီညက ကျွန်မ အိပ်ရာဝင်တာ နည်းနည်းစောတယ်။ ကမ္ဘာပေါ်က ရှိသမျှတွေထဲ ကျွန်မ အကြိုက်ဆုံးနေရာဖြစ်တဲ့ ကွင်းဆိုဒ်ခုတင်နဲ့ ခေါင်းအုံးတွေ ထပ်ထားတဲ့ ခုတင်ပေါ် မတက်ခင် ယောကျ်ားလေးတွေ ဝတ်လေ့ရှိတဲ့ ဘောင်းဘီ အတိုအပွနဲ့ တီရှပ်ကို လဲလိုက်တယ်။ နောက်တော့ အကြိမ်ရေ တစ်သန်းမြောက် တော်ဝင်ဝေဒနာ စာအုပ်ကို စဖတ်ပြန်တယ်။

အဲဒီစာအုပ်ကကျ ဇာတ်ကြောင်းပြောပြနေတဲ့ အန်နာဆိုတဲ့ ကောင်မလေး နဲ့ မျက်လုံးတစ်ဖက်ပဲရှိတဲ့ သူမ အမေအကြောင်း။ အမေလုပ်သူက ပရော်ဖက်ရှင်နယ် ဥယျာဉ်မှူး။ ကျူးလစ်ပန်းတွေကိုပဲ စွဲလန်းနေတဲ့သူ။ အန်နာက ရှားပါးလှတဲ့ သွေး ကင်ဆာတစ်မျိုး မခံစားရခင်အထိ သူတို့သားအမိနှစ်ယောက် ကယ်လီဖိုးနီးယား ပြည်နယ်အလယ်ပိုင်းက မြို့ကလေးတစ်ခုမှာနေတဲ့ အလယ်အလတ်တန်းစား မိသားစုကလေး တစ်ခုပေါ့။

ဒါပေမဲ့ ဒါဟာ ကင်ဆာနဲ့ ပတ်သက်တဲ့ ပညာပေးစာအုပ်တစ်အုပ်တော့ မဟုတ်ပါဘူး။ ဘာလို့ဆို ကင်ဆာစာအုပ်တွေက သိပ်စိတ်ပျက်ဖို့ ကောင်းတာ။ ကင်ဆာစာအုပ်တွေထဲမှာဆိုရင် အဲဒီ လူနာက ကယ်ဆယ်ရေး ဖောင်ဒေးရှင်းတွေ ထောင်မယ်။ ကင်ဆာကို ပြန်ချဖို့ ပိုက်ဆံတွေရှာမယ်။ အဲဒီလိုတွေပဲ မဟုတ်လား။ နောက်ပြီး အဲဒီဖောင်ဒေးရှင်းတွေ၊ လူမှုရေးအသင်းအဖွဲ့တွေကလည်း လူသား

mgyoe.com

mgyoe.com SAMPLE BOOK

မျိုးနွယ်ရဲ့ ကောင်းခြင်းတွေအရ မဖြစ်မနေ လူနာကိုကူညီဖို့ ချစ်ခြင်းမေတ္တာနဲ့ အားပေးမှုကို ခံစားရစေဖို့ စွဲမြဲစွာ အသိပညာပေးနေသလိုကြီး။ ဒီလိုမှသာ အဲဒီ လူနာကလည်း "ကင်ဆာရောဂါကုသခြင်း" ဆိုတဲ့ ဂုဏ်သိက္ခာတစ်ခု ကျန်ရစ် မယ်ပေါ့။ ဒါပေမဲ့ တော်ဝင်ဝေဒနာ ထဲမှာတော့ အန်နာက ကင်ဆာဝေဒနာသည် ဖြစ်ပြီး ကင်ဆာဖောင်ဒေးရှင်း ထောင်ရတာဟာ နည်းနည်းတော့ ကိုယ့်ဘက် ကိုယ်ယက်တယ်လို့ ခံစားရလို့ သူမက ကာလဝမ်းရောဂါကို ကုသချင်တဲ့ ကင်ဆာ ဝေဒနာရှင်များအတွက် အန်နာ ဖောင်ဒေးရှင်း ဆိုပြီး တည်ထောင်လိုက်တယ်။

နောက်ပြီး ဒီနည်းအားဖြင့် ဘယ်သူမှ မတွေးမိတဲ့ကိစ္စကို ရိုးရိုးလေး ထောက်ပြသွားတယ်။ စာအုပ်တစ်အုပ်လုံးမှာ သူမကိုယ်သူမ "ဘေးထွက်ဆိုးကျိုး" လို့ပဲ သုံးနှုန်းသွားတယ်။ ဒါလည်း လုံးဝမှန်တဲ့ အချက်ပဲ။ ကင်ဆာရောဂါရှင် ကလေးတွေဟာ ဖြေရှင်းလို့မရတဲ့ မျိုးဗီဇ ပြောင်းလဲခြင်းတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်တာကြောင့် ကမ္ဘာပေါ်က မျိုးကွဲတွေဖြစ်လာဖို့ အတတ်နိုင်ဆုံး ကြိုးစားထား ပုံပါပဲ။ ဒီလိုနဲ့ ဇာတ်လမ်းဆက်လာလိုက်တာ. . . သူမ ပိုပြီး နေမကောင်း ဖြစ်လာ တယ်။ ဆေးဝါးတွေနဲ့ ရောဂါက သူမကို အပြိုင်နှိပ်စက်လာကြတယ်။ အမေဖြစ်သူက ဒတ်ချ်လူမျိုး ကျူးလစ်ပန်းကုန်သည်နဲ့ ကြိုက်သွားကြတယ်။ အန်နာက အဲဒီလူကို ဒတ်ချ်ကျူးလစ်လူကြီးလို့ ခေါ်တယ်။ အဲဒီ ဒတ်ချ်ကျူးလစ်လူကြီးက ပိုက်ဆံ သိပ်ချမ်းသာတယ်။ နောက်ပြီး ကင်ဆာရောဂါကို ဘယ်လိုကုရမလဲဆိုတဲ့ အကြံကောင်း၊ ဉာဏ်ကောင်းတွေ အများကြီးရှိတယ်။ ဒါပေမဲ့ အန်နာကတော့ အဲဒီလူကြီးကို လူဆိုးလို့ ထင်နေပြီး ဒတ်ချ်လူမျိုးမဟုတ်ဘူးတောင် ထင်နေတာ။ နောက်တော့ အဲဒီဒတ်ချ်လူကြီးနဲ့ သူမအမေတို့ လက်ထပ်တော့မယ့်အချိန် အန်နာ့ မှာလည်း ဂျုံမြက်နဲ့ အာဆင်းနစ်လို့ခေါ်တဲ့ စိန်အဆိပ် နည်းနည်းပါတဲ့ ရှူးကြောင် ကြောင် ကုသမှု နည်းစနစ်အသစ်ကြီးထဲ ပါဝင်ရပါတော့တယ်။ နောက်တော့ စာအုပ်က ဝါကျတစ်ကြောင်းရဲ့ အလယ်မှာ ရုတ်တရက်ကြီး အဆုံးသတ်သွား ပါရော။

ဒါဟာ လုံးဝ စာပေဆုံးဖြတ်ချက် ဆန်တယ်၊ အရာရာဖြစ်နိုင်တယ်လို့ ဆိုလိုချင်မှန်း ကျွန်မ သဘောပေါက်ပါတယ်။ ဒါကြောင့်လည်း ဒီစာအုပ်ကို အရမ်း သဘောကျမိတာပေါ့။ ဒါပေမဲ့ ဇာတ်လမ်းကို ဘယ်လိုအဆုံးသတ်သင့်တယ်ဆိုတဲ့ ဝေဖန်ချက်တချို့လည်း ရှိနေသေးတယ်။ တကယ်လို့များ ဒီဇာတ်လမ်း အဆုံးမသတ် နိုင်ဘူးဆိုရင်တောင် အနည်းဆုံးတော့ ဗိုလ်ကြီး မက်စ်မေဟမ်တို့လို စွန့်စားခန်းတွေနဲ့

mgyoe.com

ဇာတ်လမ်းဆက်သင့်တာပေါ့။

ဝါကျတန်းလန်းနဲ့ ဇာတ်လမ်းအဆုံးသတ်သွားတာဟာ အန်နာ သေသွားလို့သော်လည်းကောင်း၊ ဆက်မရေးနိုင်တော့လောက်အောင် နေမကောင်းဖြစ်လို့သော်လည်းကောင်း၊ ရုတ်တရက် သေဆုံးသွားတာ၊ သို့မဟုတ် တစ်ခုခုဖြစ်သွားတာ စတဲ့ ဖြစ်နိုင်ခြေတွေဖြစ်မှန်း ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဒီဇာတ်လမ်းထဲ တခြားဇာတ်ကောင်တွေလည်း ရှိနေသေးတာပဲ။ သူတို့ ဘာဆက်ဖြစ်သွားသလဲ ဆက်မသိရတော့တာ နည်းနည်းတော့ မတရားရာရောက်တယ်လို့ ခံစားရပါတယ်။ ကျွန်မက ထုတ်ဝေတဲ့ တိုက်ကိုရော၊ စာရေးဆရာ ပီတာဗန်ဟူတန်ဆီကိုရော စာတွေ ရေးပို့တယ်။ စာအုပ်ထဲမှာ ဇာတ်လမ်းအဆုံးသတ်သွားပြီးတဲ့နောက် ဘာတွေဆက်ဖြစ်ကုန်သလဲ မေးတာပေါ့။ ဥပမာ - ဒတ်ချ်ကျူးလစ်လူကြီးက တကယ်ပဲ လူဆိုးကြီးလား၊ အန်နာ့အမေက တကယ်ပဲ အဲဒီလူနဲ့ လက်ထပ်ဖြစ်ခဲ့သလား၊ အန်နာ့ရဲ့ ခပ်ကြောင်ကြောင် ဟန်းစတားကြီး စီစီဖတ် (သူမအမေ မုန်းတီးတဲ့ အကောင်ကြီး)ရော ဘာဖြစ်သွားသလဲ၊ အန်နာ့သူငယ်ချင်းတွေကရော အထက်တန်းကျောင်း ပြီးသွားရဲ့လား စသဖြင့်ပေါ့။ ဒါပေမဲ့ သူတို့ဘက်က ကျွန်မစာကို လုံးဝ မပြန်ခဲ့ပါဘူး။

တော်ဝင်ဝေဒနာ ဆိုတာ ပီတာ ဗန်ဟူတန် ရေးခဲ့တဲ့ တစ်အုပ်တည်းသော စာအုပ်ပါ။ အဲဒီစာအုပ် ရေးသားထုတ်ဝေပြီးတဲ့နောက် အမေရိကန်ကနေ နယ်သာလန်ကို ပြောင်းသွားပြီး လူမြင်ကွင်းထဲ လုံးဝ ထွက်မလာတော့မှသာ လူတွေက သူ့ကို စပြီး သတိထားမိတာ။ ကျွန်မစိတ်ထဲမတော့ သူက နယ်သာလန်နိုင်ငံမှာ အခြေတည်ပြီး နောက်ဆက်တွဲစာအုပ်တစ်အုပ်ကို ရေးနေတယ်လို့ ထင်နေမိတုန်းပဲ။ အန်နာ့အမေနဲ့ ဒတ်ကျူးလစ်လူကြီးတို့က အဲဒီကို ပြောင်းသွားပြီး ဘဝသစ်စနေတဲ့ အကြောင်းများလားပေါ့။ ဒါပေမဲ့ တော်ဝင်ဝေဒနာ ထွက်ပြီးလို့ ဆယ်နှစ်ကျော်သာ ကြာလာတယ်။ ဗန်ဟူတန်က စာအုပ်အကြောင်း ဘာမှ ပို့စ်မတင်သလို ကျွန်မလည်း စောင့်ရတာ စိတ်မရှည်တော့ဘူးရယ်။

အဲဒီညက စာအုပ်ကို ပြန်ဖတ်မိတော့ ဩဂတ်စ္စတပ်စ်သာဆိုရင် ဒီစကားလုံးတွေကိုပဲ ဘယ်လိုအတွေးမျိုးနဲ့ ဖတ်နေမှာပါလိမ့်ဆိုတဲ့ အတွေးက ထိန်းမရနိုင်ဘူး။ ဒီစာအုပ်ကို သူ ကြိုက်ပါ့မလား၊ အပိုတွေ လျှောက်ရေးထားတယ်လို့ ထင်နေလေမလား စသဖြင့် တွေးနေမိတာ။ နောက်တော့ သူ့ဆီက ငှားလားတဲ့ အာရုံဦး တန်ဖိုး ဖတ်လို့ပြီးရင် ဖုန်းဆက်ပါ့မယ်လို့ ကတိပေးထားတာကို သတိရသွားတယ်။

mgyoe.com SAMPLE BOOK

ဒါနဲ့ စာအုပ်အရှေ့ဆုံးစာမျက်နှာကို လှန်ကြည့်လိုက်တော့ သူ့ဖုန်းနံပါတ် တွေ့တာနဲ့ သူ့ဆီ မက်ဆေ့ချ်ပို့လိုက်တယ်။

*အာရုံဦးရဲ့ တန်ဖိုး သုံးသပ်ချက် - လူသေတွေ သိပ်များတယ်။ ဘာပြော ချင်မှန်း မသိဘူး။ တော်ဝင်ဝေဒနာ ဘယ်လိုလဲ။*

တစ်မိနစ်ကြာပြီးတဲ့နောက် သူ့ဆီက စာပြန်လာတယ်။

*ငါမှတ်မိသလောက်ဆို- စာအုပ်ဖတ်လို့ပြီးသွားရင် ဖုန်းဆက်မယ်လို့ နင် ကတိပေးထားသလားလို့။ စာပို့မယ်ဆိုတာ မပါဘူးလေ။*

ဒီလိုနဲ့ ကျွန်မ ဖုန်းဆက်လိုက်ရတယ်။

"ဟေဇယ်ဂရေ့စ် . . . "

သူက ကျွန်မဖုန်း ဝင်တာနဲ့ နာမည်တန်းခေါ်တာပဲ။

"ဒါဖြင့် နင်ဖတ်လို့ ပြီးသွားပြီပေါ့"

"ပြီးတော့ မပြီးသေးဘူး။ အဲဒါက ခြောက်ရာ ငါးဆယ့်တစ်မျက်နှာ ရှိတယ်လေ။ ငါ့မှာတော့ နှစ်ဆယ့်လေးနာရီပဲ ရှိတာ"

"ဘယ်လောက် ပြီးသွားပြီလဲ"

"လေးရာ ငါးဆယ့်သုံးမျက်နှာ"

"အဲဒီတော့"

"မပြီးမချင်း ဝေဖန်ခြင်း မပြုဆိုပြီး အောင့်ထားရတာပေါ့။ ဒါပေမဲ့ အာရုံဦး တန်ဖိုး ဆိုတဲ့စာအုပ် နင့်ကို ညွှန်းမိတဲ့အတွက် နည်းနည်းတော့ ရှက်မိတယ်ဆိုတာ ဝန်ခံရမှာပဲ"

"မဖြစ်ပါနဲ့။ ငါအခု ပျက်စီးခြင်းရဲ့ တေးတစ်ပုဒ်တောင် ရောက်နေပြီ"

"ဒီစီးရီးကို စွဲသွားပြီပေါ့။ ဒါဖြင့်လည်း ဟုတ်ပြီ။ အဲဒီ ကျူးလစ်ပန်းဘဲကြီး က လူဆိုးကြီးလား။ ငါ့စိတ်ထဲ သိပ်ပြီး မသေတီဘူးလားလို့"

"ကြိုမမေးနဲ့လေဟာ"

"တကယ်လို့ သူက လူကြီးလူကောင်းဆိုတာထက် လူဆိုးသူခိုးသာ ဖြစ်လို့ ကတော့ သူ့မျက်လုံးတွေကို နှိုက်ထုတ်ပစ်မိမှာ"

"နင်လည်း အတော်လေး စျာန်ဝင်သွားတာပေါ့"

"မဝေဖန်သေးဘူး။ နင့်ကို ဘယ်တော့ တွေ့ရမလဲ"

"နင် အဲဒီ တော်ဝင်ဝေဒနာကို ဖတ်လို့ မပြီးမချင်းပေါ့"

ကျွန်မ စိတ်ထဲ ညစ်တွန်းတွန်းချင်လာလို့ ခပ်ရွှတ်ရွှတ်ကလေး ပြေလိုက်

mgyoe.com

mgyoe.com

တယ်။

"ဒါဖြင့် ငါဖုန်း မြန်မြန်ချပြီး စာဆက်ဖတ်ဦးမှပဲ"

"အဲဒီလိုပဲ လုပ်တော့လေ"

နောက်တော့ စကားတစ်ခွန်းမှ မပြောတော့ဘဲ လိုင်းကျသွားသံ ကြားလိုက်ရတယ်။ ကြူတယ်ဆိုတာ ကျွန်မအတွက် အတွေ့အကြုံ အသစ်အဆန်း ဆိုပေမယ့် သဘောတော့ ကျစရာ အကောင်းသား။

နောက်တစ်နေ့မနက်ခင်း ကျောင်းမှာ နှစ်ဆယ်ရာစု အမေရိကန်ကဗျာများ ဆိုတဲ့ အတန်းတက်ရတယ်။ သင်ပေးတဲ့ ဆရာမကြီးက ဆီလ်ဗီးယားပလပ်သ် အကြောင်း မိနစ်ကိုးဆယ်စာ ပြောသွားပေမယ့် ကဗျာဆရာမအကြောင်း ညွှန်းဆိုထားတဲ့စာသားရယ်လို့ ဘာတစ်ခွန်းမှ မကိုးကားပြသွားဘူး။

ကျွန်မ အတန်းထဲက ထွက်လာတော့ မေမေက အဆောက်အဦးရှေ့မှာ ကားထိုးရပ်ထားပြီး ငိုင်နေတာ တွေ့လိုက်ရတယ်။

"မေမေက တစ်ချိန်လုံး ဒီမှာ ငုတ်တုတ်ကြီး ထိုင်နေတာလား"

မေမေက ကျွန်မကိုမြင်တော့ ကားပေါ်ကနေ အလောသုံးဆယ် ဆင်းလာပြီး အောက်စီဂျင်လှည်းကလေးကို ကားပေါ်တင်ဖို့ လာကူညီတုန်း ကျွန်မက မေးလိုက်တယ်။

"ဟင့်အင်း။ အဝတ်တွေ အခြောက်လျှော် အပ်ထားတာတွေ သွားရွေးတယ်။ စာတိုက်လည်း သွားလိုက်သေးတယ်"

"နောက်တော့ရော"

"စာအုပ်ဖတ်နေတာပေါ့"

"သမီးကသာ ရှင်သန်ဖို့ ဘဝတစ်ခု လိုနေတာပါနော်"

ကျွန်မက ပြုံးပြီးပြောလိုက်ပေမယ့် မေမေ ကျွန်မကို ပြန်ပြုံးပြတဲ့ အပြုံးကတော့ အသက်မပါသလို။ တစ်စက္ကန့်လောက်ကြာတော့ ကျွန်မက မေးလိုက်တယ်။

"ရုပ်ရှင်သွားကြည့်ကြမလားဟင်"

"ကောင်းသားပဲ။ သမီး ဘာကြည့်ချင်တာရှိလဲ"

"ရုပ်ရှင်ရုံကို သွားပြီး ဘာတွေပြနေသလဲ ကြည့်ပြီးမှ ထုံးစံအတိုင်း ဆုံးဖြတ်ကြတာပေါ့"

မေမေက တံခါးပိတ်ပေးလိုက်ပြီး ယာဉ်မောင်းဘက်အခြမ်းကို ဝင်ထိုင်လိုက်တယ်။ ကာဆဲလ်တန်ရုံကို ကားမောင်းသွားကြပြီး မြေအောင်းကြွက်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်း ပြတဲ့ 3D ရုပ်ကြွရုပ်ရှင်တစ်ကား ဝင်ကြည့်ဖြစ်ကြတယ်။ တကယ်လည်း အရမ်းကို ရယ်ရပါတယ်။

ရုပ်ရှင်ရုံထဲက ထွက်လာတော့ ကျွန်မ ဖုန်းထဲမှာ ဩဂစ္စတပ်စ်ဆီက မက်ဆေ့ချ် လေးစောင်တောင် ဝင်ထားပြီးပြီ။

*စာအုပ်က အနောက်ဆုံး စာမျက်နှာ နှစ်ဆယ်လောက် ပျောက်နေတာလား၊ ဘာလားပဲ။*

*ဟေဇယ်ဂရေ့စ်ရေ. . . ငါ စာအုပ်ရဲ့ အဆုံးသတ်ကို မရောက်သေးဘူး လား ပြောစမ်းပါဦး။*

*ဘုရားရေ. . . သူတို့ လက်မထပ်ဖြစ်ဘူးလား၊ ဒါမှမဟုတ် ဒါဘာကြီး လဲကွာ။*

*ငါ့အထင်တော့ အန်နာ သေသွားတယ်။ ဒါနဲ့ပဲ ဇာတ်သိမ်းသွားရောလား။ ရက်စက်ပါပေ့ကွာ။ ဖုန်းခေါ် လို့ရရင် ငါ့ဆီ ဖုန်းဆက်ပါဦး။ အားလုံး အဆင်ပြေပါ စေနော်။*

ဒီလိုနဲ့ ကျွန်မ အိမ်ပြန်ရောက်တော့ ခြံအနောက်ဘက်မှာ ချထားတဲ့ သံချေးတက်နေတဲ့ ခုံတန်းကလေးမှာထိုင်ရင်း သူ့ဆီကို ဖုန်းခေါ် လိုက်တယ်။ အင်ဒီ ယားနားနယ်ရဲ့ ထုံးစံအတိုင်း မိုးကအုံ့နေတယ်။ စိတ်တွေ ထိုင်းမှိုင်းလေးလံသွား စေမယ့် ရာသီဥတုမျိုးပေ့ါ။ ကျွန်မတို့ အိမ်အနောက်ဘက် ခြံဝင်းကလေးထဲမှာ ကလေးဘဝတုန်းကစီးခဲ့ပြီး အခုတော့ဖြင့် ရာသီဥတုဒဏ်ကြောင့် သနားစရာ ရုပ်ပေါက်နေတဲ့ ဒန်းကလေးက နေရာယူထားတယ်။

ဖုန်းသံ သုံးချက်မြည်ပြီးတာနဲ့ ဩဂစ္စတပ်စ်က ကောက်ကိုင်လိုက်တယ်။

"ဟေဇယ်ဂရေ့စ်"

"ဒါဖြင့်လည်း တော်ဝင်ဝေဒနာ စာဖတ်ခြင်းရဲ့ ဝေဒနာဆီမှ ကြိုဆို. . ."

ကျွန်မစကားက တစ်ဖက်က ရှိုက်သံခပ်ကျယ်ကျယ်ကြောင့် တစ်ဝက် တစ်ပျက်မှာတင် ရပ်သွားတယ်။

"နင် အဆင်ပြေရဲ့လား"

"ပြေပါတယ်" လို့ ဩဂစ္စတပ်စ်က ပြန်ဖြေတယ်။

"ငါ အခု အိုင်းဆက်နဲ့အတူတူ ရှိနေတာ။ သူက အရမ်းကို ဝမ်းနည်းနေ တာလေ"

ငိုသံတွေ ထပ်ကြားရတယ်။ ဒဏ်ရာရထားတဲ့ တိရစ္ဆာန်လေး သေသွားလို့

mgyoe.com

mgyoe.com SAMPLE BOOK

ဝမ်းပန်းတနည်း ငိုနေသလိုမျိုး။ ဂျတ်စ်က အိုင်းဆက်ဘက်ကို လှည့်ပြီး အာရုံစိုက်နေတယ်။

"ဟော့ကောင်. . . သူငယ်ချင်း။ ဖေးမကူအဖွဲ့က ဟေဇယ်ရောက်လာရင် မင်းအတွက် ပိုကောင်းမလား၊ ဆိုးမလား။ အိုင်းဆက်၊ ဒီမယ်. . . ငါ့ကို အာရုံစိုက်စမ်း"

ခဏကြာတော့ ဂျတ်စ် အသံပြန်ထွက်လာတယ်။

"နင် ငါတို့ကို ငါ့အိမ်မှာ လာတွေ့ပေးလို့ ရမလား။ နောက်ထပ် မိနစ်နှစ်ဆယ်လောက် အတွင်းပေါ့"

"အေး. . . ရတာပေါ့"

ကျွန်မက ပြောပြီး ဖုန်းချလိုက်တယ်။

❑

မျဉ်းတစ်ဖြောင့်တည်း မောင်းလို့ရရင် ကျွန်မ အိမ်ကနေ ဩဂစ္စတပ်စ်တို့အိမ်ကို ငါးမိနစ်တောင် မကြာဘူး။ ဒါပေမဲ့ ဟောလီဒေးပန်းခြံက ကြားမှာခံနေတော့ အဖြောင့်အတိုင်းက မောင်းလို့မရပြန်ဘူးလေ။

ပထဝီဝင် အနေအထားအရ သိပ်အဆင်မပြေတာတွေ ရှိပေမယ့် ကျွန်မတစ်ကိုယ်စာ အမြင်အရတော့ ဟောလီဒေးပန်းခြံကို သဘောကျပါတယ်။ ကလေးတုန်းက ဖေဖေနဲ့အတူ မြစ်ဖြူထဲမှာ ရေဆော့ကြတယ်။ ကျွန်မကို လေထဲမြှောက်တင်လိုက်တဲ့ အခိုက်အတန့်တွေ၊ သူ့ဆီကနေ မြောက်တက်သွားတဲ့အချိန်တွေ၊ ကျွန်မက ပျံသန်းသွားတဲ့အချိန် လက်တွေကို ဆန့်တန်းလို့။ သူကလည်း လက်တွေကို ဆန့်ပြီး ကျွန်မကို ပြန်ဖမ်း။ လက်ချောင်းကလေးတွေ အချင်းချင်း ထိသွားတဲ့အချိန်ဆို ပျော်စရာ။ မထိတော့ဘဲ လွဲသွားပြီဟော့ဆိုရင် ကြောက်လိုက်သမှ သေးထွက်ကျမတတ်ဘဲ။ ပြီးရင်တော့ ရေထဲကို ဝုန်းခနဲ စိုက်ဆင်းသွားပြီးရင် ဘာဒဏ်ရာအနာတရမှ မဖြစ်လိုက်ဘဲ ရေမျက်နှာပြင်ပေါ် ပြန်ပေါ်လာ။ ပြီးရင် ဖေဖေ့ဆီသွားပြီး နောက်တစ်ခေါက်လောက် လို့ တောင်းဆိုတာပဲ။

ကျွန်မက သူတို့အိမ်ရှေ့လမ်းမပေါ် ထိုးထားတဲ့ အနက်ရောင် တိုရိုတာစလွန်းကားလေး ဘေးဝင်ရပ်လိုက်တယ်။ အိုင်းဆက်ရဲ့ကား ထင်ပါရဲ့။ အောက်စီဂျင်လှည်းကလေးကို ဆွဲပြီး တံခါးဆီ လျှောက်သွားရင်း ခေါက်လိုက်တော့ ဂျတ်စ်ရဲ့အဖေက တံခါးလာဖွင့်တယ်။

"ဟေဇယ်. . . တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

mgyoe.com

mgyoe.com

"ဩဂစ္စတပ်စ်က လာခဲ့ပါဦးဆိုလို့"

"အေး. . . ဟုတ်တယ်။ သူနဲ့ အိုင်းဆက်တို့ မြေအောက်ခန်းထဲမှာ ရှိတယ်"

အဲဒီအချိန်မှာပဲ ငိုသံက စီခနဲ ထွက်လာပြန်တယ်။

"အိုင်းဆက်အသံ ထင်ပါရဲ့ကွယ်"

ဂတ်စ်ရဲ့အဖေက ပြောရင်း ခေါင်းကို ခပ်ဖြည်းဖြည်း ခါတယ်။

"စင်ဒီကတော့ အပြင်သွားတယ်။ အဲဒါ. . ."

သူက ပြောနေရင်း အသံပျောက်သွားပြန်တယ်။

"ဒါပေမဲ့ သမီးလည်း သူတို့ဆီ ဆင်းချင်နေတာ မဟုတ်လား။ ဟိုဒင်း. . . အဲဒီ အိုး၊ အန်ကယ် သယ်ပေးရမလား"

သူက အောက်စီဂျင်အိုးကို လက်ညှိုး ထိုးပြရင်း မေးလိုက်တယ်။

"ရပါတယ်။ ကျေးဇူးတင်ပါတယ် အန်ကယ်"

"မတ်ခ် လို့ ခေါ်ပါ"

အောက်ထပ်ဆင်းဖို့ ကျွန်မ နည်းနည်းတော့ လန့်မိတာ အမှန်ပဲ။ ဝမ်းပန်းတနည်း ငိုကြွေးနေတဲ့ လူတွေရဲ့အသံကို နားထောင်ရတာ သာယာနာပျော်ဖွယ်မှ မဟုတ်တာပဲလေ။ ဒါပေမဲ့ ကျွန်မ ဆင်းသွားလိုက်တယ်။ ကျွန်မခြေသံ ကြားလိုက်တာနဲ့ ဩဂစ္စတပ်စ်က ပြောတယ်။

"ဟေဇယ်ဂရေ့စ်ပဲ။ အိုင်းဆက်ရေ. . . ဖေးမကူအဖွဲ့က ဟေဇယ် ရောက်လာပြီကွ။ ဟေဇယ်. . . တစ်ခုတော့ သတိပေးထားမယ်နော်။ အိုင်းဆက်က အခုလောလောဆယ် စိတ်ဖောက်နေတဲ့ အချိန်ပဲ"

ဩဂစ္စတပ်စ်နဲ့ အိုင်းဆက်တို့က အပိုင်းဆက်ထားတဲ့ တီဗွီဆီကို မျက်နှာမူထားတဲ့ ဂိမ်းဆော့ထိုင်ခုံတွေပေါ်မှာ ထိုင်နေကြတယ်။ တီဗွီစကရင်ကြီးက အလယ်တည့်တည့်မှာ ခွဲထားပြီး အိုင်းဆက်နေရာကနေ ဘယ်ဘက်ခြမ်းကို မြင်ရတယ်။ ဩဂစ္စတပ်စ်ဆီကနေဆိုရင် ညာဘက်ကို မြင်ရတယ်။ ဗုံးဒဏ်သင့်ထားတဲ့ ခေတ်မီမြို့တစ်ခုထဲက စစ်သားဇာတ်ကောင်တွေအဖြစ် ကစားနေကြတာ။ အဲဒီမြင်ကွင်းကို မြင်လိုက်တာနဲ့ ဒါဟာ အာရုံဦးတန်ဖိုး ဆိုတဲ့ထဲက နေရာမှန်း တန်းသိလိုက်တယ်။ အနားတိုးသွားတဲ့အချိန် သာမန်ကောင်လေးနှစ်ယောက်က တီဗွီအကြီးကြီးပေါ်မှာ တိုက်ခိုက်နေတာကလွဲပြီး ဘာမှ မူမမှန်တာ မတွေ့ရဘူး။

ဘေးတိုက်နေရာ ရောက်တော့မှ အိုင်းဆက်ရဲ့ မျက်နှာကို မြင်လိုက်ရ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ နီမြန်းနေတဲ့ သူ့မျက်နှာပေါ် မှာ မျက်ရည်တွေက အဆက်မပြတ် စီးကျနေပြီး အမှန်တကယ် နာကျင်ခံစားနေရပုံ ပေါက်နေတယ်။ သူက ကျွန်မဘက်ကို လှည့်မကြည့်ဘဲ စကရင်ကိုပဲ တွေတွေကြီး ငေးကြည့်နေရင်း ဂိမ်းကွန်ထရိုလာ ခလုတ်တွေကို အဆက်မပြတ် နှိပ်နေတယ်။

ဩဂစ္စတပ်စ်က လှမ်းမေးတယ်။

"နေကောင်းရဲ့လား ဟေဇယ်"

"ကောင်းပါတယ်။ အိုင်းဆက်ရော. . . နေကောင်းရဲ့လား"

ဘာအဖြေမှ ပြန်မလာဘူး။ ကျွန်မ ရှိနေတယ်ဆိုတာကိုတောင် သိတယ်ဆိုတဲ့ ပုံမပေါက်ဘူး။ မျက်ရည်တွေက သူဝတ်ထားတဲ့ အနက်ရောင် တီရှပ်ပေါ်ကို တစ်ပေါက်ပေါက် ကျနေတယ်။

ဩဂစ္စတပ်စ်က စကရင်ကို ကြည့်နေရင်းက ကျွန်မဘက်ကို ဖြတ်ခနဲ လှမ်းကြည့်တယ်။

"နင် ကြည့်ကောင်းနေတယ်"

ကျွန်မ ဝတ်ထားတာ ဘယ်တုန်းကတည်းက ရှိနေမှန်း မသိတဲ့ ဒူးအကျော် ဂါဝန်လေး။

"မိန်းကလေးဆိုတာ ပွဲလမ်းသဘင်ရယ်လို့ရှိမှ ဂါဝန်ဝတ်ရတာလို့ ထင်နေကြပေမယ့် ငါကတော့ စိတ်ပိုင်းဆိုင်ရာ ပြိုကွဲနေတဲ့၊ အမြင်အာရုံဆိုတာ သူ့အတွက် မခိုင်မာတော့ဘဲ မကြာခင်မှာ စွန့်လွှတ်ရတော့မယ့် ကောင်ကလေးတစ်ယောက်ကို သွားတွေ့ဖို့ ကျွန်မက ဂါဝန်ဝတ်သွားမှာပဲ ဆိုတဲ့ မိန်းကလေးမျိုးကို သဘောကျတယ်"

"အေး. . . ဒါပေမဲ့ အိုင်းဆက်ကတော့ ငါ့ကို တစ်ချက်ကလေးတောင်မှ လှည့်မကြည့်သေးဘူးလေ။ မိုနီကာ့ကိုပဲ သိပ်ချစ်နေတယ် ထင်ပါ့"

အဲဒီစကားက ကမ္ဘာပျက်မတတ် ငိုကြွေးသံကို အစပြုပေးလိုက်သလို ဖြစ်သွားပြန်ရော။

"ထိခိုက်လွယ်တဲ့ ကိစ္စပါလားကွယ်" လို့ ဩဂစ္စတပ်စ်က ညည်းတယ်။

"အိုင်းဆက်. . . ငါ မင်းဘာလုပ်နေမှန်း မသိပေမယ့် ရန်သူ့ဆီ ပန်းပြီး ချီတက်နေတယ်ဆိုတဲ့ ခပ်ဝါးဝါး ခံစားချက်မျိုး ရနေတယ်"

နောက်တော့ သူက ကျွန်မဘက် လှည့်ပြီး-

"အိုင်းဆက်နဲ့ မိုနီကာတို့ ပြတ်သွားကြပြီ။ ဒါပေမဲ့ သူက အဲဒီအကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မပြောချင်ဘူး ဖြစ်နေတယ်။ သူက ငိုပြီး ဂိမ်းပဲ ကစားချင်နေတာ။ အာရုံဦး တန်ဖိုး ဂိမ်းလေ" လို့ လှမ်းပြောတယ်။

"ပြီးတာပဲ"

"အိုင်းဆက်. . . ငါတို့ လက်ရှိအနေအထားကို အတော်လေး စိတ်ပူလာပြီ။ တကယ်လို့ မင်း သဘောတူရင် အဲဒီပါဝါစတေရှင်ဆီကို ရောက်အောင်သွား။ ငါ မင်းကို ကာဗာလုပ်ပေးထားမယ်"

အိုင်းဆက်က အမှတ်အသား မလုပ်ထားတဲ့ အဆောက်အဦးဆီ ဦးတည်ပြီး ပြေးတယ်။ ဩဂစ္စတပ်စ်က စက်သေနတ်နဲ့ ခပ်ရမ်းရမ်း အတွဲလိုက်ဆွဲပြီး သူ့အနောက်က ပြေးလိုက်တယ်။

"ဘာပဲဖြစ်ဖြစ်. . . "

ဩဂစ္စတပ်စ်က ဂိမ်းကစားနေရင်း ကျွန်မဘက်ကို လှမ်းပြောတယ်။

"သူ့ကို စကားပြောလို့ အဆင်ပြေပါတယ်။ တကယ်လို့ နင်က မိန်းကလေးဆန်ဆန် အကြံလေးဘာလေး ပေးနိုင်ရင်ပေ့ါလေ"

"ငါကတော့ သူ့အပြုအမူက သင့်တော်တယ်လို့ ထင်နေမိတာပဲ"

ပစ်ကပ်ကားကလေးအပေါ်က မီးကျွမ်းနေတဲ့ ကောက်ရိုးပုံကလေးအနောက် ခေါင်းပြူပြီး ချောင်းကြည့်တဲ့ ရန်သူတစ်ယောက်ကို တဒိုင်းဒိုင်းနဲ့ ပစ်ချလိုက်တဲ့ အိုင်းဆက်ရဲ့ သေနတ်သံအပြီးမှာ ကျွန်မ လှမ်းပြောလိုက်တယ်။

ဩဂစ္စတပ်စ်က စကရင်ကနေ အကြည့်မလွှဲဘဲ ခေါင်းညိတ်ပြတယ်။

"နာကျင်မှုဆိုတာ ခံစားဖို့ပဲ"

သူ ရွတ်လိုက်တဲ့စာသားက တော်ဝင်ဝေဒနာ ထဲက စာသား။

"ငါတို့အနောက်ကို ဘယ်သူမှ ပါမလာတာ သေချာရဲ့လား"

သူက အိုင်းဆက်ကို လှမ်းမေးတယ်။ ခဏကြာတော့ တဝီဝီပျံလာတဲ့ ကျည်ဆံတွေက သူတို့ခေါင်းပေါ်ကနေ ကျော်ထွက်သွားကြတယ်။

"လွမ်းပဲ အိုင်းဆက်ရာ။ ဒီလို အားနည်းနေတဲ့အချိန် ငါမင်းကို မဝေဖန်ချင်ပါဘူး။ ဒါပေမဲ့ မင်းက ငါတို့ကို ပန်းတက်ခိုင်းလိုက်ပြီး အခုတော့ ကျောင်းနဲ့ အကြမ်းဖက်သမားတွေကြားမှာ ပုန်းစရာ ဘာမှ မရှိဘူးဟ" လို့ ဩဂစ္စတပ်စ်က လှမ်းပြောလိုက်တယ်။ အိုင်းဆက်ရဲ့ ဇာတ်ကောင်က သေနတ်ကျည်ဆံ လာရာ အရပ်ဆီကို ဘယ်ညာယိမ်းထိုးပြီး လမ်းကျဉ်းကလေးအတိုင်း ပြေးဝင်သွားတယ်။

"ဟဲ့ ကားဆီကိုပြေး။ အဲဒီအကိုင်းအတိုင်း ပတ်ပြေးတော့"

mgyoe.com

mgyoe.com SAMPLE BOOK

အာရုံဦးတန်ဖိုး စာအုပ်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မ သိလိုက်ရတဲ့ နည်းလမ်းတစ်ခုအတိုင်း အော်ပြောလိုက်မိတယ်။

ဩဂစ္စတပ်စ်က သက်ပြင်းချတယ်။

"ဝမ်းနည်းစရာကောင်းတာတစ်ခုက ငါ လက်လွတ်စပယ် လုပ်လိုက်တဲ့ကိစ္စ တစ်ခုကြောင့် အဲဒီတံတားက ရန်သူ့လက်အောက်မှာ ထိန်းသိမ်းခံထားရတယ်"

"ငါကရော"

အိုင်းဆက်က လေသံလေးနဲ့ မေးတယ်။

"ငါကရော ဘာဆက်လုပ်ရမလဲလို့။ မင်းပဲ ငါတို့က အဲဒီ ပါဝါစတေရှင် ကို ဖောက်ခွဲပစ်ကြမယ်ဆိုပြီး အကြံပေးတာလေ"

ဂတ်စ်က စကရင်ကနေ မျက်လုံးအကြည့်ကိုခွာပြီး အိုင်းဆက်ဘက်ကို လှည့်ကြည့်တယ်။ သူ့မျက်နှာပေါ်မှာ ထုံးစံအတိုင်း ခပ်ရွှတ်ရွှတ် အပြုံးတစ်ခုက တွဲလွဲခိုလို့။

"မင်းစကားပြောနိုင်မှန်း ငါသိသားပဲ သူငယ်ချင်းရာ။ ကဲ. . . စိတ်ကူးယဉ် ကျောင်းသားလေးတွေကို သွားကယ်ကြစို့"

သူတို့နှစ်ယောက်သား လမ်းကျဉ်းကလေးထဲ ပြေးဝင်သွားကြရင်း သေနတ် နဲ့ ပစ်လိုက်၊ ပြေးပုန်းလိုက် ဆက်သွားနေရင်းက တစ်ထပ်တိုက်၊ အခန်းတစ်ခန်း တည်းရှိတဲ့ ကျောင်းအဆောက်အအုံလေးထဲ ရောက်သွားကြတယ်။ သူတို့က နံရံရဲ့ အနောက်ဘက်မှာ ပုန်းနေရင်း ရန်သူတွေကို တစ်ယောက်ပြီးတစ်ယောက် ခြွေပစ် နေကြတယ်။

"သူတို့က ဘာလို့ ကျောင်းထဲ ဝင်ချင်နေကြတာလဲ" လို့ ကျွန်မက မေးတော့-

"ကလေးတွေကို ဓားစာခံအဖြစ် ဖမ်းခေါ်ထားချင်လို့လေ" လို့ ဩဂစ္စ တပ်စ်က ပြန်ဖြေတယ်။ လက်တွေက ဂိမ်းလက်ကိုင်က ခလုတ်တွေကို တဖျပ်ဖျပ် နှိပ်နေရလို့ သူ့ပခုံးကကျုံ့ပြီး လုံးနေတယ်။ လက်ဖျံတွေက တင်းရင်းပြီး အကြောတွေ ထောင်ထနေတယ်။ အိုင်းဆက်ကလည်း စကရင်ဆီကို ကိုင်းထားပြီး သူ့ရဲ့ လက် ချောင်းရှည်သွယ်သွယ်လေးတွေက ဂိမ်းလက်ကိုင်ပေါ် ပြေးနေတယ်။

"ရပြီ ရပြီ ရပြီ"

အကြမ်းဖက်သမားတွေ တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြတယ်။ သူတို့ကလည်း အယောက်တိုင်းကို ပစ်ချနိုင်တယ်။ ပစ်ချပုံက တိကျသေသပ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးတော့ သူတို့တွေ ကျောင်းထဲကို ဝင်လိုက်နိုင်ပြီ။

"လက်ပစ်ဗုံးဟ"

တံခါးဆီမှန်ပြီး ကန်ထွက်လာရင်း လိမ့်လာတဲ့ အရာတစ်ခုကို စကရင်ရဲ့ ထောင့်ချိုးကနေ ဩဂစ္စတပ်စ်က လှမ်းမြင်လိုက်ရလို့ အော်တယ်။

အိုင်းစက်က ဂိမ်းလက်ကိုင်ကို စိတ်ပျက်လက်ပျက် ပစ်ချပြီး ညည်းတယ်။

"တကယ်လို့ အဲဒီခွေးသားတွေက စားစာခံမရရင် သူတို့ကိုသတ်ပြီး ငါတို့လုပ်တယ်လို့ လုပ်ဦးမှာ"

"ကာပစ်ပေးထား"

ဩဂစ္စတပ်စ်က ပြောရင်း နံရံအနောက်ဘက်ကနေ ခုန်ထွက်ပြီး ကျောင်းဆီကို ပြေးတယ်။ အိုင်းဆက်က သူ့ဂိမ်းလက်ကိုင်ကို ကသောကမျော ကောက်ကိုင်ပြီး ဩဂစ္စတပ်စ်ဆီ ရွာကျလာတဲ့ ကျည်ဆံတွေကို ပြန်ကာပစ်ပေးတယ်။ ဩဂစ္စတပ်စ်က တစ်ကြိမ်နှစ်ကြိမ် ပြန်ပစ်ပေမယ့် ဆက်ပြေးရင်း အော်တယ်။

"မင်းတို့တွေ မက်စ်မေဟမ်ကို သတ်လို့မရဘူးကွ"

နောက်တော့ ခလုတ်တွေ အားလုံးစုပေါင်းနှိပ်ပစ်ရင်းက လက်ပစ်ဗုံးဆီ ပြေးဝင်သွားတော့တယ်။ အဲဒီဗုံးက သူ့ကိုယ်အောက်မှာ ပေါက်ကွဲသွားတော့တယ်။ တစ်ပိုင်းစီ ပြတ်ထွက်သွားတဲ့ သူ့ခန္ဓာကိုယ်က လွင့်ထွက်သွားပြီး စကရင်တစ်ခုလုံး နီရဲသွားတယ်။ လည်ဇလုတ်သံ ခပ်ဩဩကြီးက-

"မစ်ရှင် ကျဆုံးပါတယ်" လို့ ကြေညာပေမယ့် စကရင်တစ်ခုလုံးမှာ ပျံ့နေတဲ့ ခန္ဓာကိုယ် အပိုင်းအစတွေအစား ဩဂစ္စတပ်စ်က တခြားအကြောင်းအရာ တွေးနေတဲ့ပုံပါပဲ။ သူက အိတ်ထဲလက်နှိုက်ပြီး စီးကရက်တစ်လိပ်ထုတ်ရင်း သွားကြားထဲ ကိုက်ထားလိုက်တယ်။

"ကလေးတွေကို ကယ်လိုက်ပြီလေ"

"ခဏပဲ မဟုတ်လား" လို့ ကျွန်မကမေးတော့-

"ကယ်တင်ခြင်းအားလုံးက တစ်ခဏတာပဲလေ"

ဩဂစ္စတပ်စ်က ပက်ခနဲ ပြန်ပြောတယ်။

"ငါ သူတို့အတွက် အချိန်ဆွဲပေးလိုက်ပြီ။ အဲဒီမိနစ်ပိုင်းလေးက သူတို့အတွက်တော့ နာရီနဲ့လည်း ချီသွားနိုင်တယ်။ နာရီပိုင်းကလည်း နှစ်ချီသွားနိုင်တာပဲ။ ဘယ်သူကမှတော့ သူတို့ကို ထာဝရ အချိန်ဆွဲပေးထားလို့ မရနိုင်ဘူးလေ ဟေဇယ်ဂရေ့စ်ရဲ့။ ဒါပေမဲ့ ငါ့အသက်က သူတို့အတွက် မိနစ်ပိုင်းလောက်တော့ အချိန်ဆွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပေးလိုက်နိုင်တယ်ဆိုရင် အဲဒါက အလဟဿ မဟုတ်ဘူး"

"ဝိုး. . . အိုကေပါရှင်။ ငါတို့က ဂိမ်းအကြောင်း ပြောနေတာနော်"

သူက ပခုံးတစ်ချက် တွန့်တယ်။ သူ့ပုံက ဂိမ်းကပဲ တကယ့်အစစ်အမှန် ဖြစ်နေသလိုလို။ အိုင်းဆက်က ငိုပြန်တယ်။ ဩဂစ္စတပ်စ်က သူ့ခေါင်းကို လှမ်းပုတ်တယ်။

"နောက်တစ်ပွဲ ထပ်ဆော့ကြမလား တပ်ကြပ်ကြီး"

အိုင်းဆက်က ခေါင်းခါတယ်။ သူက ဩဂစ္စတပ်စ်ကို ကျော်ပြီး ကျွန်မဆီ လှမ်းကြည့်ရင်း ဆို့နင့်နေတဲ့ အသံနဲ့ လှမ်းပြောတယ်။

"သူမက အဲဒီလို လုပ်ချင်တာ မဟုတ်ပါဘူး"

"ဘာလဲ. . . သူမက မျက်မမြင်တစ်ယောက်ကို မစွန့်ပစ်ချင်ပါဘူးလို့ ပြောချင်တာလား"

သူက ခေါင်းညိတ်ပြတယ်။ မျက်ရည်ဆိုတာ မျက်ရည်နဲ့ မတူတော့ဘဲ အဖြူအမည်း ဇာတ်ကားထဲကလို တစ်ရောင်တည်း ဖြစ်နေပြီး ဆက်တိုက် အဆက်မပြတ် ကျနေတယ်။

"ဆက်သည်းမခံနိုင်တော့ဘူးတဲ့။ မျက်စိမမြင်တော့မှာ ငါ၊ ဒါကို သူမက လက်မခံနိုင်ဘူးတဲ့လေ"

ကျွန်မက လက်ခံတယ် ဆိုတဲ့ စကားလုံးအကြောင်း တွေးနေမိတယ်။ နောက်တော့ လက်ခံလို့ မရတဲ့အရာတွေကိုလည်း လက်ခံနေရတဲ့ အကြောင်းပေါ့။

"ငါ စိတ်မကောင်းပါဘူး"

သူက မျက်ရည်တွေ စိုရွှဲနေတဲ့ မျက်နှာကို အင်္ကျီလက်နဲ့ သုတ်ပစ်လိုက်တယ်။ မျက်မှန်တွေ အနောက်ဘက်က အိုင်းဆက်မျက်လုံးတွေဟာ သိပ်ကြီးလွန်းနေတော့ သူ့မျက်နှာပေါ်က အရာရာဟာ မျက်လုံးနဲ့ ယှဉ်လိုက်ရင် ပျောက်နေသလိုလို။ နောက်ပြီး အဲဒီ လေပေါ်ပျံသလို ဖြစ်နေတဲ့ မျက်လုံးကြီးတွေက ကျွန်မကို လှမ်းကြည့်နေကြတယ်။

"ဒါ မဖြစ်သင့်ဘူး။ လုံးဝ လက်ခံလို့ မရဘူး"

"အင်း မျှမျှတတ ပြောရရင်၊ ဟိုလေ. . . လက်မခံနိုင်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ နင်ကိုယ်တိုင်လည်း လက်မခံနိုင်လောက်စရာ ဖြစ်ပေမယ့် သူမက လက်ခံစရာကို မလိုဘူးလေ။ နင်ကိုယ်တိုင်ရောပဲပေါ့"

"ငါက ဒီနေ့ပဲ သူမကို အမြဲတမ်းလို့ ဆက်တိုက် ပြောခဲ့တာ။ အမြဲတမ်း. . .

mgyoe.com

mgyoe.com SAMPLE BOOK

အမြဲတမ်း. . . အမြဲတမ်း။ ဒါပေမဲ့ သူမကတော့ စကားတွေ အဆက်မပြတ် ပြောနေပေမယ့် အမြဲတမ်း ဆိုတာကိုတော့ ပြန်မပြောတော့ဘူး။ ငါကပဲ မရှိတော့ဘူး လိုလိုနဲ့။ အမြဲတမ်း ဆိုတာ ကတိစကား။ အဲဒီကတိစကားကို ဘယ်လိုကြောင့်များ ဖျက်ပစ်ရက်တာလဲဟာ"

"တစ်ခါတလေ လူတွေက ကတိတွေသာ ပေးနေတာ။ သူတို့ပေးထားတဲ့ ကတိကို နားမလည်ကြဘူးဟ"

အိုင်းဆက်က ကျွန်မကို ဖျတ်ခနဲ လှည့်ကြည့်တယ်။

"နင်ပြောတာ မှန်တယ်ပဲထား။ ဒါပေမဲ့ ကတိဆိုတာ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် တည်ရမှာပဲ မဟုတ်လား။ အချစ်ဆိုတာကိုက အဲဒါပဲလေ။ အချစ်ဆိုတာ ကတိတည်ဖို့၊ သစ္စာစောင့်သိဖို့။ နင်ရော အချစ်စစ်ဆိုတာကို မယုံဘူးလား"

ကျွန်မ ပြန်မဖြေဖြစ်ဘူး။ ဖြေဖို့ အဖြေလည်း မရှိဘူးလေ။ ဒါပေမဲ့ တကယ်လို့များ အချစ်စစ်ဆိုတာ အမှန်တကယ်ရှိခဲ့ရင် အဲဒါက ကောင်းတဲ့အဓိပ္ပာယ် သတ်မှတ်ချက်ပဲ ဖြစ်မှာပါ။

"အင်း. . . ငါကတော့ အချစ်စစ်ကို ယုံတယ်။ ပြီးတော့ သူမကို တကယ် ချစ်တယ်။ သူမကလည်း ကတိပေးခဲ့တယ်။ အမြဲတမ်း အတွက်လို့ ကတိပေးခဲ့တာဟ"

သူက မတ်တတ်ရပ်ပြီး ကျွန်မဆီ ခြေတစ်လှမ်းတိုးလာတယ်။ အဖက်ခံချင် လို့လား ဘာလားထင်ပြီး ကျွန်မကလည်း မတ်တတ်ထရပ်လိုက်ရတယ်။ ဒါပေမဲ့ နောက်တော့ သူက ဘာကြောင့် မတ်တတ်ထရပ်လိုက်မိမှန်း မမှတ်မိတော့တဲ့ပုံမျိုးနဲ့ နောက်ပြန်လှည့်ပြီး ထွက်သွားတယ်။ သူ့မျက်နှာပေါ် မှာ ဒေါသတွေ ရစ်သိုင်းနေမှန်း ဩဂစ္စတပ်စ်ရော ကျွန်မပါ သတိထားမိသွားတယ်။

"အိုင်းဆက်. . ."

"ဘာလဲ"

"မင်းပုံစံက. . . ဒီလိုပြောလို့ မင်း စိတ်မဆိုးနဲ့ သူငယ်ချင်း။ ဒါပေမဲ့ မင်းမျက်လုံးတွေထဲ နည်းနည်းလေး စိုးရိမ်စရာကောင်းတဲ့ ပုံစံပေါက်နေလို့"

ရုတ်တရက် အိုင်းဆက်က ထိုင်နေရာကနေ ဝုန်းခနဲ ထရပ်လိုက်လို့ ခုံက ဂတ်စ်ရဲ့ အိပ်ရာပေါ် ကျွမ်းပစ်ပြီး ပြုတ်ကျသွားတယ်။

"လုပ်လာပါပြီ"

ဩဂစ္စတပ်စ်က ညည်းတယ်။

အိုင်းဆက်က ခုံနောက်ကို လိုက်ပြီး ခြေထောက်နဲ့ ကန်ပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အေး. . . ဟုတ်တယ်။ ကန်ပစ်။ အဲဒီ ခုံကို အားရပါးရ ကန်ပစ်"

အိုင်းဆက်က ထိုင်ခုံကို ထပ်ကန်တယ်။ ဂတ်စ်ရဲ့အိပ်ရာကနေ ပြန်ကန်ပြီး ထွက်လာတဲ့အချိန် ထပ်ကန်တယ်။ နောက်တော့ ခေါင်းအုံးတစ်လုံး ကောက်ယူပြီး အိပ်ရာနဲ့ အလှပြစင်ကြားက နံရံကို အဆက်မပြတ် ရိုက်တော့တယ်။

ဩဂစ္စတပ်စ်က ကျွန်မကို လှမ်းကြည့်တယ်။ စီးကရက်ကတော့ နှုတ်ဖျား မှာ တပ်ထားဆဲပဲ။ သူက ခပ်ပြုံးပြုံးလေး လှမ်းပြောတယ်။

"ငါတော့ ဟိုစာအုပ်အကြောင်း မတွေးဘဲ မနေနိုင်လောက်အောင်ပဲ"

"ငါ သိပါတယ်"

"သူက တခြားဇာတ်ကောင်တွေ ဘာဖြစ်သွားသလဲ ပြောမထားဘူးနော်"

"အေး"

အိုင်းဆက်ကတော့ နံရံကို ရိုက်ပုတ်ထိုးကြိတ်နေဆဲပဲ။

"သူက အမ်စတာဒမ်ကို ပြောင်းသွားတယ်။ ငါ့စိတ်ထဲတော့ နောက်ဆက် တွဲကို ဆက်ရေးနေတယ်ပေါ့။ ဒတ်ချ်ကျူးလစ်လူကြီးအကြောင်း ပေါ့လေ။ ဒါပေမဲ့ ဘာမှ ဆက်မထွက်လာဘူး။ အင်တာဗျူးလည်း အလုပ်မခံဘူး။ အွန်လိုင်းပေါ်မှာ လည်း မရှိဘူး။ ငါက တခြားဇာတ်ကောင်တွေ ဘာဖြစ်သွားသလဲလို့ စာတွေအများ ကြီးပို့ပြီး မေးဖူးတယ်။ ဘာမှ ပြန်မဖြေဘူး။ ဒါလိုနဲ့. . . သိတယ်မဟုတ်လား"

ဩဂစ္စတပ်စ်က နားထောင်နေပုံ မရတာနဲ့ ကျွန်မလည်း ပြောလက်စ စကားကို ရပ်ပစ်လိုက်တယ်။ သူက အိုင်းဆက်ကို မျက်စိစွေပြီး ကြည့်နေတယ်။

"ခဏနော်"

သူက ကျွန်မကို ဗလုံးဗထွေး လှမ်းပြောပြီး အိုင်းဆက်ဆီ လျှောက်သွား ရင်း ပခုံးကနေ ဖက်လိုက်တယ်။

"သားကြီး. . . ခေါင်းအုံးကတော့ ဘာမှ ကျိုးပဲ့သွားမှာ မဟုတ်ဘူး။ ကျိုးပဲ့နိုင်တဲ့ တစ်ခုခုကို လုပ်ဟ"

အိုင်းဆက်က အိပ်ရာအပေါ် ဘက်စင်ထဲက ဘတ်စကက်ဘော ဒိုင်းဆု တစ်ခုကို ထုတ်ယူလိုက်ပြီး ခေါင်းပေါ် မြှောက်ထားရင်း ခွင့်တောင်းသလို စောင့် နေတယ်။

"ချ. . ."

ဩဂစ္စတပ်စ်က ခွင့်ပြုလိုက်တယ်။

"တကယ်လား"

mgyoe.com

mgyoe.com
SAMPLE BOOK

ဒိုင်းဆုက ကြမ်းပြင်နဲ့ထိပြီး ကျိုးသွားတယ်။ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ဘတ်စကက်ဘောသမားရဲ့ လက်မောင်းကလေးက လွင့်ထွက်သွားတယ်။ ဘောလုံးလေးကိုတော့ ကိုင်ထားဆဲပဲ။ အိုင်းဆက်က ဒိုင်းဆုပေါ် တက်ခုန်တယ်။

"လုပ်ပစ်"

ဩဂစ္စတပ်စ်က ပြောတယ်။

"ရပြီလား"

နောက်တော့ သူက ကျွန်မဘက်လှည့်ပြီး-

"ငါ့အဖေကို ငါဘတ်စကက်ဘော ဘယ်လောက်မုန်းကြောင်း ပြောဖို့ လမ်းစရှာနေတာ။ အခုတော့ တွေ့ပြီထင်တာပဲ" လို့ ပြောပြတယ်။ အခန်းထဲမှာ အိုင်းဆက်ရဲ့ ကျေးဇူးတော်ကြောင့် ဒိုင်းဆုတွေ တစ်ခုပြီး တစ်ခု ကျိုးကြေကုန်ကြတယ်။ ကျွန်မနဲ့ ဩဂစ္စတပ်စ်က ခပ်လှမ်းလှမ်းမှာ ရပ်ပြီး အဲဒီအရှုးထမှုကို ငေးကြည့်နေရင်း ခုန်ပေါက်အော်ဟစ်နေတဲ့ အိုင်းဆက်ကို လှမ်းကြည့်နေမိကြတယ်။ သနားစရာ ပလတ်စတစ် ဘတ်စကက်ဘောသမားများခမျာ တစ်စချင်းစီ ကျိုးကြေကုန်ပြီး ကော်ဇောခင်းထားတဲ့ ကြမ်းပြင်ပေါ်မှာ အစိတ်စိတ်အမွှာမွှာ ဖြစ်နေကြရှာတယ်။ အိုင်းဆက်က ဒိုင်းဆုတွေကို ဆက်တိုက် တိုက်ခိုက်နေဆဲပဲ။ ခြေထောက်နှစ်ချောင်းလုံးနဲ့ တက်ခုန်တယ်။ အော်တယ်။ ချွေးတွေသံတွေ တရွှဲရွှဲနဲ့ ငိုရင်း နောက်ဆုံးတော့ အဲဒီအပိုင်းအစတွေပေါ် ပစ်လဲကျသွားတော့တယ်။

ဩဂစ္စတပ်စ်က သူ့ဆီကို လျှောက်သွားပြီး ငုံ့ကြည့်ရင်း မေးလိုက်တယ်။

"နေလို့ကောင်းသွားပြီလား"

"ဟင့်အင်း"

အိုင်းဆက်က တရှုံ့ရှုံ့နဲ့ ပြန်ဖြေတယ်။

"အဲဒါက နာကျင်ခြင်းရဲ့ အဓိပ္ပာယ်ပဲကွ"

ဩဂစ္စတပ်စ်က ပြောရင်း ကျွန်မကို လှမ်းကြည့်တယ်။

"ခံစားဖို့ လိုတဲ့ အရာပေါ့"

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ဩဂုစ္စတပ်စ်နဲ့ စကားမပြောဖြစ်တာ တစ်ပတ်ကျော်ပြီ။ ဒိုင်းဆုတွေကျိုးကြေကုန်တဲ့ညက ကျွန်မ သူ့ကို ဖုန်းစဆက်ထားတော့ ထုံးစံအရဆို သူဆက်ရမယ့်အလှည့်။ ဒါပေမဲ့ မဆက်လာခဲ့ဘူး။ အခုလည်း ချွေးပျံနေတဲ့ လက်ဖဝါးထဲမှာ ဖုန်းကို တစ်နေကုန် ဆုပ်ကိုင်ထားရင်း၊ ကျွန်မရဲ့ ထူးရှယ် အဝါရောင်ဂါဝန်ကို ဝတ်ထားပြီး မကြာခဏ လှမ်းငေးကြည့်နေရင်း၊ ကျွန်မရဲ့ လူကြီးလူကောင်းသူငယ်ချင်းတစ်ဖြစ်လဲ ဆရာသမားက သူ့ဘဝ သူပျော်နေမလားဆိုတဲ့အတွေးနဲ့ စိတ်ရှုပ်လက်ရှုပ် စောင့်နေခဲ့မိတာ။ နောက်တော့ ကျွန်မလည်း ကိုယ့်ဘဝဆီ ပြန်ရောက်သွားတော့တယ်။ ကိတ်တလင်းတို့ အတွဲနဲ့ နေ့ခင်းတစ်ခုမှာ ကော်ဖီဒိတ်လုပ်ပြီး သွားတွေ့တယ်။ ကောင်လေးက ချောတော့ ချောပါရဲ့ (ဩဂုစ္စတပ်စ်မဆန်ဘူးလေ။) ကျွန်မက သောက်ရမယ့် Phalanxifor ကို သောက်တယ်။ တစ်ပတ်သုံးရက် မနက်ခင်းတိုင်း MCC မှာ ကျောင်းတက်တယ်။ ပြီး. . . ညတိုင်း ဖေဖေ၊ မေမေတို့နဲ့အတူ ညစာအတူစားတယ်။

တနင်္ဂနွေညမှာ ကျွန်မတို့က ငရုတ်ပွအစိမ်း၊ ဘရိုကိုလီပီဇာ စားကြတယ်။ မီးဖိုခန်းထဲက ထမင်းစားပွဲလေးမှာ ဝိုင်းထိုင်နေတုန်း ကျွန်မဖုန်းက အသံမြည်လာတယ်။ ဒါပေမဲ့ ကျွန်မတို့အိမ်မှာက အစာစားနေတုန်း ဖုန်းမကိုင်ရဆိုတဲ့ စည်းကမ်းက တင်းကျပ်လေတော့ ဖုန်းကို လုံးဝကြည့်လို့ မရဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနဲ့ ဖေဖေနဲ့ မေမေတို့က ပါပူအာနယူးဂီနီမှာ လတ်တလော ဖြစ်သွားတဲ့ မြေလျှောင်အကြောင်း ပြောနေကြတုန်း ကျွန်မက အစာနည်းနည်း စားလိုက်တယ်။ သူတို့စုံတွဲက ပါပူအာနယူးဂီနီမှာ ငြိမ်းချမ်းရေးအဖွဲ့နဲ့ လိုက်သွားရင်း ဖူးစာဆုံကြတာ။ ဒါကြောင့် အဲဒီမှာ ဘာလေးဖြစ်ဖြစ်၊ ဆိုးဆိုးဝါးဝါးတွေပဲ ဖြစ်ဖြစ်၊ သူတို့အတွက်တော့ ဟိုးအရင် ငယ်ငယ်ရွယ်ရွယ် သန်မာဖြတ်လတ်နေတုန်းက အတိုင်း ရေပက်မဝင် ဆွေးနွေးနေတော့တာပဲ။ သူတို့က စားနေကျထက်ပိုပြီး မြန်မြန်ဆန်ဆန် ကျွန်မ စားနေတာကို လှည့်တောင် မကြည့်ဘူး။ ပန်းကန်ထဲကနေ ပါးစပ်ထဲကို သွပ်ထည့်နေတဲ့အချိန်က မြန်လွန်းတော့ အဆုတ်ထဲ ရေတွေ ပြန်ပြည့်လာပြီး နောက်တစ်ကြိမ် ရေနစ်သလို ဖြစ်လေမလားလို့တောင် စိုးရိမ်ရတဲ့ အရှိန်မျိုး ဖြစ်နေပြီ။ ကျွန်မက အဲဒီအတွေးကို ခေါင်းထဲကထွက်သွားအောင် အတတ်နိုင်ဆုံး တွန်းထုတ်ပစ်ရတယ်။ လာမယ့်အပတ်ထဲ PET စကင်ရိုက်ဖို့ ရက်ချိန်းယူထားပြီးပြီ။ တကယ်လို့ တစ်ခုခုမှားနေတယ်ဆိုရင် သိပ်မကြာခင် တွေ့မှာပဲ။ လတ်တလောနဲ့ ဖြစ်မလာသေးတဲ့ နောင်အနာဂတ်ကြားမှာ စိတ်ပူနေလို့လည်း ဘာမှ မထူးဘူးရယ်။

ဒါပေမဲ့ ကျွန်မကတော့ စိတ်ပူမိဆဲပဲ။ သာမန်လူတစ်ယောက် ဖြစ်ရတာကို ကျွန်မက သဘောကျတယ်။ နေကောင်းချင်တယ်။ ပူပန်မှုဆိုတာကလည်း သေလုမြောပါးဖြစ်ရခြင်းရဲ့ နောက်ထပ်ဘေးထွက် ဆိုးကျိုး မဟုတ်လား။

နောက်ဆုံးတော့ ကျွန်မ စားလို့သောက်လို့ ပြီးသွားပါပြီ။

"သမီး သွားလို့ရပြီလား"

သူတို့ကတော့ နယူးဂီနီက အခြေခံအဆောက်အအုံတွေရဲ့ အားနည်းချက်၊ အားသာချက်အကြောင်း အငြင်းအခုံလုပ်နေကြတာ စကားပြောတောင် မပျက်ဘူး။ ကျွန်မလည်း မီးဖိုချောင်ကောင်တာပေါ်မှာ ရှိနေတဲ့ ပိုက်ဆံအိတ်ထဲက ကျွန်မရဲ့ ဖုန်းကို ဆွဲထုတ်ပြီး လတ်တလော ဝင်ထားတဲ့ အဝင်ကောလ်တွေကို စစ်ကြည့်လိုက်တယ်။

ဩဂတ်စတပ်စ် ဝါးတားစ် တဲ့။

ကျွန်မက အမှောင်ရိပ်ကျတဲ့ ခြံအနောက်ဘက်ကို ဆင်းလိုက်တယ်။ ဒန်းကလေးကို လှမ်းတွေ့နေရတော့ အဲဒီဘက်ကို လျှောက်သွားပြီး ဒန်းစီးရင်း စကားပြောမယ်လို့ တွေးလိုက်ပေမယ့် ဝေးလွန်းအားကြီးနေတော့ စားသောက်ထားပြီး ဗိုက်အင့်နေတာကြောင့် အဆင်မပြေတော့ဘူး။

mgyoe.com

အဲဒီအစား ဆင်ဝင်ကလေးရဲ့အစပ်နားက မြက်ခင်းကလေးမှာ ထိုင်ချလိုက်ပြီး ကျွန်မသိတဲ့ တစ်ခုတည်းသော ကြယ်စုဖြစ်တဲ့ အိုရီယွန် ကြယ်စုကို ကြည့်ရင်း သူ့ဆီ ဖုန်းခေါ် လိုက်တယ်။

"ဟေဇယ်ဂရေ့စ်"

"ဟိုင်း. . . နေကောင်းလား"

"ကောင်းသမှ ဒေါင်ဒေါင်မြည်ပဲ။ ငါ နင့်ကို ဖုန်းဆက်ချင်တာမှ အချိန်တိုင်း မိနစ်တိုင်းပဲ။ ဒါပေမဲ့ တော်ဝင်ဝေဒနာ အကြောင်း ဈာန်ပြန်ဝင်လာအောင် စောင့်နေရသေးတယ်လေ"

(သူက ဈာန်ပြန်ဝင် ဆိုတဲ့ စကားကို တကယ်သုံးခဲ့တာ။ အဲဒီကောင်လေး ဟာလေ။)

"အဲဒီတော့. . . "

"ငါကတော့ အဲဒီစာအုပ်ကို. . . သဘောကျစရာလို့ ထင်တယ်။ ဖတ်ကြည့်လိုက်တော့ အဲဒီသဘောကျစရာ ခံစားချက်ကိုပဲ ခံစားနေရတယ်"

"သဘောကျတယ်။ ဟုတ်လား"

ကျွန်မ သူ့ကို နောက်လိုက်တယ်။

"လက်ဆောင်တစ်ခုလိုလေ"

သူ့အသံက မေးနေတဲ့ လေသံပေါက်နေတယ်။

"နင် ငါ့ကို အရေးကြီးတဲ့ တစ်စုံတစ်ခု လက်ဆောင်ပေးလိုက်သလိုမျိုးပေါ့"

"အိုး. . . "

ဒီတစ်ခါတော့ ကျွန်မ ခပ်တိုးတိုးပဲ ပြောနိုင်တော့တယ်။

"နည်းနည်းများ ပိုသွားသလား။ ဆောရီးပါဟာ"

"ဟင့်အင်း။ ရတယ်။ မတောင်းပန်ပါနဲ့"

"ဒါပေမဲ့ မပြီးသေးဘူး"

"အင်း"

"ညည်းပန်းမှု တစ်မျိုးပဲ။ ငါကတော့ သဘောကျတယ် ဆိုတာကို လုံးဝခံစားရတယ်။ ကောင်မလေး သေသွားတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ငါ လက်ခံပါတယ်"

"အင်း. . . ငါလည်း ထင်ပါတယ်"

"နောက်ပြီး မျှမျှတတ ပြောရရင် အိုကေပါတယ်။ ဒါပေမဲ့ စာရေးသူနဲ့

mgyoe.com

စာဖတ်သူကြားမှာ မရေးသားထားတဲ့ စာချုပ်တစ်ခု ချုပ်ဆိုထားသလိုပဲ။ စာအုပ်ကို အဆုံးမသတ်တာဟာ အဲဒီစာချုပ်ကို ဖောက်ဖျက်ခြင်းတစ်မျိုးလို့ ငါတော့ ထင်တာပဲ"

"မသိတော့ဘူးဟာ"

ကျွန်မက ပီတာ ဗန်ဟူတန်ဘက်က ကာကွယ်ချင်စိတ်ကလေးနဲ့ ပြောမိတယ်။

"ငါကတော့ ဒီစာအုပ်ကို အဲဒါကြောင့်ပဲ ကြိုက်မိနေတာပဲ။ သေခြင်းတရားကို မှန်မှန်ကန်ကန် ဖော်ပြနိုင်တယ်။ ပြောနေရင်းတန်းလန်း၊ ဝါကျတစ်ကြောင်းရဲ့ အလယ်တည့်တည့်မှာ သေဆုံးသွားသလိုမျိုး။ ဒါပေမဲ့. . . ဘုရားရေ. . . ငါလည်း တခြားဇာတ်ကောင်တွေ ဘာဆက်ဖြစ်သွားသလဲ တကယ်သိချင်တယ်ဟာ။ ဒါကြောင့်လည်း ငါ သူ့ဆီကို စာတွေရေးပြီး ပို့တာပေါ့။ ဒါပေမဲ့. . . အင်း. . . သူ ဘယ်တော့မှ ပြန်မဖြေဘူးဟယ်"

"ဟုတ်ပြီ။ နင်ပြောသလိုဆို သူက လူကြားသူကြား မထွက်ဘူးပေါ့"

"ဟုတ်တယ်"

"ခြေရာခံလို့ မရဘူးဆိုပါတော့"

"အမှန်ပဲ"

"လုံးဝကို ဆက်သွယ်လို့ မရဘူး ဟုတ်လား"

ဩဂတ်စတပ်စ်က ပြောတယ်။

"အေး. . . ဟုတ်တယ်"

"ချစ်လှစွာသော မစ္စတာ ဝါးတားစ်. . . အမေရိကန်ပြည်ထောင်စုကနေ အီလက်ထရောနစ် နည်းလမ်းနဲ့ မစ္စဗီလန်းဟုတ်စ်ကတစ်ဆင့် ဧပြီလ ၆ ရက်နေ့မှာ ဆက်သွယ်လာတာကို ဝမ်းမြောက်ကျေးဇူးတင်ကြောင်း စာပြန်ပေးတာဖြစ်ပါတယ်။ လက်ရှိအချိန်အထိတော့ ကျွန်တော်တို့ကြားက ပထဝီဝင် အနေအထားကြောင့် ဝေးကွာနေပေမယ့် ဒစ်ဂျစ်တယ်နည်းအရ အောင်ပွဲခံ ကျော်လွှားနိုင်လာကြပါပြီ"

"ဩဂတ်စတပ်စ်. . . ဘာတွေလဲဟာ"

"သူ့မှာ လက်ထောက်ရှိတယ်။ လက်ဒ်ဝစ် ဗီလန်းဟုတ်စ်တဲ့။ အဲဒီအမျိုးသမီးကို ငါ ရှာတွေ့သွားတယ်။ သူမဆီကို အီးမေးလ်ပို့တော့ သူမက တစ်ဆင့်ဆက်ပို့ပေးလိုက်တာ ထင်တာပဲ။ စာရေးဆရာက အဲဒီ အမျိုးသမီးအကောင့်ကတစ်ဆင့် အီးမေးလ် ပြန်ပေးတယ်လေ"

mgyoe.com

"ဟုတ်ပြီ. . . ရပြီ. . . ဆက်ဖတ်တော့"

"ကျွန်တော့်ရဲ့ ပြန်စာကတော့ ဘိုးဘေးတွေရဲ့ ကြီးမြတ်လှတဲ့ ထုံးစံအတိုင်း စာရွက်ပေါ် မှာ မင်နဲ့ ရေးသားပေးပို့ခဲ့ပေမယ့် မစ္စဗီလန်းဟတ်စ်က သုညတွေ၊ တစ်တွေအဖြစ် ပြောင်းလဲပေးလိုက်တာဖြစ်ပြီး ကျွန်တော်တို့ လူမျိုးနွယ်မျိုးစိတ်က ဖမ်းဆုပ်ထားလိုက်နိုင်တဲ့ ကွန်ရက်စနစ်ကတစ်ဆင့် ပေးပို့လိုက်တာမို့ အမှားအယွင်းနဲ့ လွဲချော်မှုများ ရှိခဲ့ရင် တောင်းပန်အပ်ပါတယ်။

ခင်ဗျားတို့မျိုးဆက်က အမျိုးသား၊ အမျိုးသမီးလေးတွေအတွက် ဖျော်ဖြေပေးခွင့်ရမယ်ဆိုရင် ကျွန်တော့်ရဲ့ သေးနုတ်လှတဲ့ စာအုပ်ကို အချိန်ပေးပြီး ဖတ်ရှုသူ ဘယ်သူ့ကိုမဆို ကျေးဇူးတင်မိမှာပါ။ ဒါပေမဲ့ အထူးသဖြင့်တော့ စာဖတ်ပရိသတ်ဖြစ်တဲ့ သင်နဲ့ သင့်ရဲ့ တော်ဝင်ဝေဒနာ စာအုပ်အပေါ် ကြင်နာလှတဲ့ စကားလုံးတွေကြောင့်ရယ်၊ အဲဒီစာအုပ်အကြောင်းကို အချိန်ယူပြီး တခုတ်တရ ပြောပြပေးတဲ့အတွက်ရယ် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ သင့်ကို တိုက်ရိုက် ရည်ညွှန်းပြီး ပြောလိုက်ပါရစေ။ ဒါဟာ တကယ့်ကို လေးစားစရာ ကြီးမြတ်မှုပါပဲ။

ဒါပေမဲ့ ဒီဝေဖန်ထောက်ပြမှုမှာ ရေးသားထားတဲ့ 'ဆိုလိုခဲ့သလဲ' ဆိုတဲ့ စကားလုံးက ဘာကို ပြောချင်သလဲဆိုပြီး အတွေးပွားမိစေပါတယ်။ ကျွန်တော်တို့ရဲ့ ရှန်းကန်မှု အချည်းနှီးဖြစ်ရခြင်းကြောင့် အနုပညာဟာ တစ်ခဏတာ စိတ်လှုပ်ရှားမှုအတွက်ပဲ အဖိုးတန်လေသလား။ ဒါမှမဟုတ် သက်သောင့်သက်သာ အချိန်ကုန်ရဖို့ အတွက်သက်သက်ပဲ တန်ဖိုးရှိလေသလားပေါ့နော်။ ဇာတ်လမ်းတစ်ပုဒ်ကတစ်ဆင့် ဘာကို အတုယူသင့်သလဲ သြဂစ္စတပ်စ်။ မြည်ဟီးနေတဲ့ အချက်ပေးသံလား။ တိုက်ပွဲခေါ် သံလား။ မော်ဖင်းဒရစ်ချတဲ့ဆေးလား။ ဟုတ်ပါတယ်။ ဒါဟာ စကြဝဠာရဲ့ စစ်ဆေးမေးမြန်းမှု အားလုံးလိုလိုအတိုင်းပါပဲ။ ဒီမေးမြန်းစုံစမ်းမှုက ကျွန်တော်တို့ကို နိမ့်ကျလျော့ပါးစေသလို လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်က ဘာလဲနဲ့ ဒါဟာ တစ်စုံတစ်ခုတော့ အဓိပ္ပာယ်ရှိရမယ်ဆိုတဲ့အကြောင်း မေးမြန်းလိုခြင်းဆိုတဲ့ ဆန္ဒကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။ အသက်ဆယ့်ခြောက်နှစ်အရွယ် ဒေါသတွေ ပွားနေတဲ့ လူငယ်တစ်ယောက်ရဲ့ စကားကို ငှားပြီး သုံးပြတာပါ။

တကယ်တော့ မရှိပါဘူး မိတ်ဆွေကြီးရေ။ ဒါဟာ ကျွန်တော့်ရဲ့ ရေးသားမှုကနေ နောက်ထပ်ရလာမယ့် အားပေးမှုခပ်ပါးပါးလို့ပဲ ဆိုပါရစေ။ ဒါပေမဲ့ သင့်ရဲ့ မေးခွန်းကို ဖြေပေးရရင် ကျွန်တော်က ဘာစာမှလည်း မရေးနေသလို ရေးဖို့လည်း မရှိပါဘူး။ ကျွန်တော့်ရဲ့ စိတ်ကူးအတွေးတွေကို စာဖတ်သူတွေနဲ့ မျှဝေခြင်းဟာ

ဘယ်သူ့အတွက်မှ အကျိုးမရှိစေဘူးလို့ ထင်လို့ပါ။ သင့်ရဲ့ သတိတရ ပို့ပေးတဲ့ အီးမေးလ်အတွက် နောက်တစ်ကြိမ် ကျေးဇူးတင်စကား ဆိုပါရစေ။

သင့်ရဲ့ သစ္စာရှိတဲ့
ပီတာ ဗန်ဟူတင်
လက်ဒ်ဝစ် ဗီလန်းဟတ် မှတစ်ဆင့် တဲ့"

"ဝိုး. . . ဒါ နင် လံကြုတ်လုပ်ထားတာ မဟုတ်လား"

"ဟေဇယ်ဂရေ့စ်. . . ငါက ငါ့ရဲ့ အသိဉာဏ်ပိစိကွေးလေးနဲ့ ပီတာ ဗန်ဟူတန်ဆီက လာတဲ့စာထဲမှာပါတဲ့ 'ဒစ်ဂျစ်တယ်နည်းအရ အောင်ပွဲခံ ကျော်လွှား နိုင်လာကြပါပြီ' ဆိုတဲ့ အသုံးအနှုန်းလိုမျိုးကို လုပ်ကြံပြောနိုင်ပါ့မလားဟာ"

"အင်း. . . နင် မလုပ်နိုင်ပါဘူး။ ငါ. . . ငါ သူ့အီးမေးလ် လိုချင်တယ်"

"ရတာပေါ့"

ဩဂစ္စတပ်စ်လေသံက ဒါဟာ အကောင်းဆုံးလက်ဆောင် မဟုတ်သေးဘူး ဆိုတဲ့ အသံမျိုး။

ကျွန်မက နောက်ထပ်နှစ်နာရီကြာတဲ့အထိ ပီတာ ဗန်ဟူတန်ဆီ အီးမေးလ် ရေးနေမိတယ်။ နောက်တစ်ခေါက် ပြန်ပြင်ရေးလိုက်တိုင်း ပိုဆိုးလာပေမယ့် ကိုယ့် ဘာသာလည်း အတောမသတ်နိုင်ဘူးရယ်။

*ချစ်လှစွာသော မစ္စတာ ပီတာဗန်ဟူတန်*
*(မှတစ်ဆင့် - လက်ဒ်ဝစ် ဗီလန်းဟတ်)*

*ကျွန်မ နာမည် ဟေဇယ်ဂရေ့စ် လန်ကက်စတာပါ။ ကျွန်မ ညွှန်းဆိုချက် ကြောင့် တော်ဝင်ဝေဒနာ စာအုပ်ကို ဖတ်ပြီးတဲ့ သူငယ်ချင်းဖြစ်သူ ဩဂစ္စတပ်စ် ဝါးတားစ်က ဆရာ့ဆီက အီးမေးလ်တစ်စောင် ဒီလိပ်စာနဲ့ လက်ခံရရှိခဲ့ပါတယ်။ အဲဒီအကြောင်း ဩဂစ္စတပ်စ်က ကျွန်မကို ပြန်ပြောပြဖြစ်ခဲ့တာတွေကိုလည်း ဆရာ ဖွဲ့မယူဘူးလို့ ထင်ပါတယ်။*

*ဆရာရှင့်. . . ဩဂစ္စတပ်စ်ဆီရေးလိုက်တဲ့ အီးမေးလ်ကတစ်ဆင့် နားလည် လိုက်တာက ဆရာဟာ နောက်ထပ်စာအုပ်တွေ ထပ်မထွက်တော့ဘူး ဆိုတာပါ။ တစ်နည်းအားဖြင့်တော့ ကျွန်မက စိတ်ပျက်မိတယ်လို့ ဆိုနိုင်ပေမယ့် စိတ်ထဲလည်း ပေါ့သွားတယ်လို့ ဆိုနိုင်ပါတယ်။ ဆရာ့စာအုပ်အသစ်ထဲမှာ မူလသဘာဝရဲ့ ပြီးပြည့် စုံခြင်းတွေအထိ ပါဝင်လာမလားဆိုတာကိုပါ။ အဆင့်လေး ကင်ဆာရောဂါကနေ*

mgoe.com

SAMPLE BOOK


ပြန်ကောင်းလာတာ သုံးနှစ်ရှိပြီဖြစ်တဲ့ ရောဂါသည်တစ်ဦးအနေနဲ့ တော်ဝင်ဝေဒနာထဲမှာ ဆရာပြောထားသမျှ အားလုံးက မှန်ကန်ကြောင်း ပြောပါရစေ။ သို့မဟုတ်လည်း အနည်းဆုံး ကျွန်မအတွက်တော့ မှန်တယ်ဆိုပါတော့လေ။ ဆရာ့စာအုပ်က ကျွန်မ ခံစားရမယ့်အရာတွေမတိုင်မီကတည်းက ဘယ်နည်းဘယ်ပုံဆိုတာ ပြောပြထားတဲ့ စာအုပ်ပါပဲ။ နောက်ပြီး အဲဒီစာအုပ်ကို အပြန်ပြန်အလှန်လှန် ဖတ်မိနေတာ အကြိမ်ရေ ဒါဇင်ချီနေပါပြီရှင့်။

ဒါပေမဲ့ အဲဒီစာအုပ် ဖတ်လို့ပြီးသွားတဲ့အချိန်တိုင်း ကျွန်မခေါင်းထဲ ပေါ်လာတဲ့ မေးခွန်းလေးတွေကို အပန်းမကြီးဘူးဆိုရင် ဆရာ ပြန်ဖြေပေးနိုင်မလားလို့လည်း မျှော်လင့်မိပါတယ်။ စာအုပ်က အန်နာ ဆုံးပါးသွားချိန် သို့တည်းမဟုတ် ဆက်မရေးနိုင်တော့လောက်အောင် နာမကျန်းဖြစ်နေချိန်မှာ အဆုံးသတ်ထားတာလို့ ကျွန်မ နားလည်ထားပါတယ်။ ဒါပေမဲ့ အန်နာ့မေမေက ဘာဆက်ဖြစ်သွားသလဲဆိုတာ ကျွန်မ အလွန်သိချင်မိပါတယ်။ ဒတ်ချ်ကျူးလစ်လူကြီးနဲ့ အမှန်တကယ်လက်ထပ်ဖြစ်သွားသလား။ နောက်ထပ် ကလေးတစ်ယောက် ထပ်ရသလား။ နောက်ပြီး အမှတ် ၉၁၇၊ အနောက်တင်ပယ်လ်လမ်းမှာ နေတုန်းပဲလား စတဲ့အချက်တွေပါ။ နောက်ပြီး ဒတ်ချ်ကျူးလစ်လူကြီးကရော လူလိမ်လူကောက်ကြီးလား၊ သူက သူတို့သားအမိကို တကယ်ချစ်ခဲ့လေသလား။ အန်နာ့သူငယ်ချင်းတွေ-အထူးသဖြင့်တော့ ကလယ်ရီနဲ့ ဂျိတ်ခ်တို့ ဘာဆက်ဖြစ်သွားကြသလဲ။ သူတို့က အတူနေသလား။ နောက်ဆုံးအနေနဲ့ - ဒီမေးခွန်းတွေဟာ ဆရာအတွက် ဆရာ့ပရိသတ်ကို နက်နဲပြီး တွေးစရာတွေပေးတဲ့ အမေးစေချင်ဆုံး မေးခွန်းတွေ ဖြစ်နေလိမ့်မယ်လို့ ကျွန်မထင်မိတယ်လေ - ဟမ်းစတားကြီး စီစီဖတ်က ဘာဖြစ်သွားသလဲ။ ဒီမေးခွန်းတွေက ကျွန်မကို ခြောက်လှန့်နေခဲ့တာ နှစ်တွေကြာခဲ့ပါပြီ။ နောက်ပြီး အဲဒီမေးခွန်းတွေရဲ့ အဖြေကို သိရဖို့ ကျွန်မအတွက် အချိန် ဘယ်လောက်ကျန်ဦးမလဲ မသိတော့ပါဘူး။

ဒီမေးခွန်းတွေက စာပေနဲ့ သက်ဆိုင်တဲ့ အရေးတကြီး မေးခွန်းတွေ မဟုတ်ပါဘူး။ ဆရာ့စာအုပ်ထဲမှာလည်း စာပေနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ကိစ္စရပ်တွေ အများကြီးပါပါတယ်။ ဒါပေမဲ့လည်း ကျွန်မကတော့ အဲဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီး အပူတပြင်း သိချင်နေမိပါတယ်။

တကယ်လို့များ ဆရာက နောက်ဆက်တွဲတွေ ထပ်ပြီးရေးဖြစ်မယ်ဆိုရင် - နောက်ပြီး အဲဒါတွေကို ထုတ်ဝေခြင်း မပြုဘူးဆိုရင်တောင်မှ ကျွန်မ ဖတ်ချင်မိ

mgyoe.com

*ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဆရာ့ရဲ့ ဈေးဝယ်စာရင်းတောင် ဖတ်ချင်မိသူပါ။*

*လေးစားစွာဖြင့်*
*ဟေဇယ် ဂရေ့စ် လန်ကက်စတာ*
*(အသက် ၁၆နှစ်)*

စာပို့ပြီးတဲ့နောက် ကျွန်မက ဩဂစ္စတပ်စ်ကို ဖုန်းပြန်ခေါ်ပြီး အတော်လေး မိုးချုပ်တဲ့အထိ တော်ဝင်ဝေဒနာ အကြောင်း ဆက်ပြောကြပြန်တယ်။ နောက်တော့ ပီတာဗန်ဟူတန်က စာအုပ်ခေါင်းစဉ်အဖြစ် ပေးထားတဲ့ အီမလီ ဒစ်ကင်ဆန်ရဲ့ကဗျာ သူ့ကို ဖတ်ပြဖြစ်တယ်။ သူက ကျွန်မမှာ စာဖတ်တဲ့အခါ သိပ်ကောင်းတဲ့ အသံရှိတယ်တဲ့။ စာတစ်ကြောင်းနဲ့တစ်ကြောင်းကြားမှာ သိပ်အကြာကြီး မရပ်နဲ့လို့ ပြောတယ်။ နောက်တော့ သူက အာရုံဦးတန်ဖိုး ရဲ့ ခြောက်အုပ်မြောက်စာအုပ် သွေးလက်ခံ ဆိုတဲ့စာအုပ်ကလည်း ကဗျာစာသားနဲ့ အစပြုထားကြောင်း ပြောပြပြန်တယ်။ စာအုပ်ရှာတာ တစ်မိနစ်လောက် ကြာသွားတယ်။ နောက်ဆုံးတော့ သူက အဲဒီစာသားကို ကျွန်မကို ဖတ်ပြတယ်။

"မင်းရဲ့အသက် ပျက်ပြုန်းကြေမွနေပြီဆိုရင် နောက်ဆုံးအနမ်းက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဖြစ်မယ်ထင်ရဲ့"

"မဆိုးဘူးဘဲ။ နည်းနည်းလောက်တော့ ပဲများတယ်။ မက်စ် မေဟာမ်ကတော့ ဒါကို ချီးထုတ်လေးလို့ ပြောမှာပဲ"

"အင်း. . . အံကြိတ်ကြိတ်ပြီး ပြောမယ်ဆိုတာ မေးနေစရာတောင် မလိုဘူး။ ဘုရားရေ. . . ဒီစာအုပ်တွေထဲမှာ မေဟာမ်က အတော်လေး အံကြိတ်နေပါလား။ တကယ်လို့ ဒီစစ်ပွဲတွေကနေ အသက်ရှင်ကျန်ခဲ့ရင်တောင် သူ့သွားတွေတော့ တိုကုန်တော့မှာပဲ"

နောက် ခဏကြာတော့ ဂတ်စ်က မေးတယ်။

"နင် နောက်ဆုံးအကြိမ် အနမ်း ဘယ်တုန်းက ရခဲ့တာလဲ"

သူ့စကားကြောင့် ကျွန်မ စဉ်းစားသွားတယ်။ ရောဂါရယ်လို့ နာမည်မတပ်နိုင်သေးခင် ကျွန်မရဲ့ အနမ်းတွေက သက်သောင့်သက်သာ မရှိဘဲ ဗရုတ်သုတ်ခတွေချည်းပဲ။ မသိရင် လူကြီးဖြစ်တန်း ကစားနေတဲ့ ကလေးတွေလိုမျိုးပေါ့။ ဒါပေမဲ့ အဲဒီအဖြစ်တွေကလည်း အတော်လေး ကြာပါပြီ။

mgyoe.com

နောက်ဆုံးတော့ ကျွန်မက ပြန်ဖြေပေးလိုက်တယ်။

"အတော်လေး ကြာခဲ့ပြီ။ နင်ရော"

"ငါကတော့ ငါ့ရည်းစားဟောင်း ကာရိုလိုင်းမာသာနဲ့ နမ်းဖူးတယ်"

"ကြာပြီလား"

"နောက်ဆုံးတစ်ခေါက်က တစ်နှစ် မပြည့်သေးဘူး"

"ဘာဖြစ်သွားလဲ"

"နမ်းနေတုန်းလား"

"မဟုတ်ပါဘူး။ နင်နဲ့ ကာရိုလင်းနဲ့"

"ဩော်. . ." လို့ ပြောပြီး ခဏအသံတိတ်သွားတယ်။

"ကာရိုလင်းက လူ့လောကမှာ မရှိတော့ဘူးလေ"

"ဩော်. . ."

"အေး. . ."

"ဆောရီးပါဟာ"

ကျွန်မက လူ့လောကမှာ အခု မရှိတော့တဲ့ လူတွေအတော်များများနဲ့ သိကျွမ်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ ရည်းစားရယ်လို့ မဖြစ်ခဲ့ဖူးဘူး။ အဲဒီအကြောင်း စိတ်တောင် မကူးဖူးဘူး။

"နင့်အမှားမှ မဟုတ်တာဘဲ ဟေဇယ်ဂရေ့စ်ရယ်။ ငါတို့အားလုံးက ဘေးထွက်ဆိုးကျိုးတွေချည်းပဲ မဟုတ်လား"

"သိမှုဆိုတဲ့ သင်္ဘောကြီးပေါ် ကပ်ငြိနေတဲ့ ဝင်ကစွပ် ကောင်ကလေးတွေပဲ မဟုတ်လား" လို့ ကျွန်မက တော်ဝင်ဝေဒနာ ထဲက စကားတစ်ခွန်း ကိုးကားပြီး ပြောလိုက်တယ်။

"အင်း. . . ငါလည်း အိပ်တော့မှ။ တစ်ချက်တီးတောင် ရှိနေပြီ"

"အိုကေလေ"

"အိုကေနော်"

ကျွန်မက ခစ်ခနဲ ရယ်မိပြီး "အိုကေ" လို့ပြန်ပြောလိုက်တယ်။ နောက်တော့ ဖုန်းလိုင်းက ကျမသွားဘဲ တိတ်ဆိတ်သွားတယ်။ ရုတ်တရက် သူက ကျွန်မအခန်းထဲမှာ ကျွန်မနဲ့အတူ ရှိနေသလိုကြီး ခံစားလာရတယ်။ ဒါပေမဲ့ ဒီထက် ပိုပြီး ထူးဆန်းတယ်။ သူက သူ့အခန်းထဲမှာ မဟုတ်သလို၊ ကျွန်မကလည်း ကျွန်မ အခန်းထဲမှာ ဟုတ်မနေဘဲ မမြင်နိုင်တဲ့၊ ဘယ်သူမှမသိနိုင်တဲ့ တတိယနေရာတစ်ခု၊

mgyoe.com

mgyoe.com SAMPLE BOOK

တယ်လီဖုန်းထဲကနေပဲ သွားနိုင်မယ့်နေရာမှာ အတူရှိနေရသလိုမျိုး။

"အိုကေ. . ."

အကြာကြီးနေမှ သူ့ဘက်က အသံထွက်လာတယ်။

"အိုကေဆိုတာ ငါတို့အတွက် ထာဝရ ဖြစ်ချင်လည်း ဖြစ်နေမှာနော်"

"အိုကေ. . ."

နောက်ဆုံးတော့ ဖုန်းစချသွားသူက ဩဂစ္စတပ်စ်ရယ်ပါ။

❑

ပီတာဗန်ဟူတန်က ဩဂစ္စတပ်စ်ရဲ့ အီးမေးလ်ကို လေးနာရီပိုင်းအတွင်း ပြန်ခဲ့ပေမယ့် ကျွန်မအီးမေးလ်က နှစ်ရက်ကြာတဲ့အထိ ပြန်စာမရဘူး။ ဩဂစ္စတပ်စ်ကတော့ ကျွန်မအီးမေးလ်က သူ့အတွက် စဉ်းစဉ်းစားစား ပြန်ဖြေစရာမေးခွန်းတွေပါလို့ အဖြေကို သေချာရေးနေရတာကြောင့် ဖြစ်မယ်၊ အဲဒီလို သေချာဖြေနိုင်ဖို့အတွက်လည်း အချိန်လိုတယ်လေလို့ နှစ်သိမ့်ပါတယ်။ သူ ဘယ်လိုပြောပြော ကျွန်မကတော့ စိတ်ပူမိတာပါပဲ။

ဗုဒ္ဓဟူးနေ့ အမေရိကန်ကဗျာများ အတန်းကို တက်နေတုန်း ဩဂစ္စတပ်စ်ဆီက မက်ဆေ့ချ် ဝင်လာတယ်။

*အိုင်းဆက် ခွဲခန်းက ထွက်လာပြီ။ အခြေအနေ ကောင်းတယ်။ အခုတော့ သူက တရားဝင် ကင်ဆာကင်းစင်သူ ဖြစ်သွားပြီ။*

ခဏကြာတော့ နောက်ထပ် မက်ဆေ့ချ်တစ်စောင် ထပ်ရောက်လာတယ်။

*ပြောချင်တာကကွာ၊ သူ မျက်စိမမြင်တော့ဘူး။ အဲဒါတော့ မမိုက်ဘူးပေါ့။*

အဲဒီနေ့လယ်ခင်းမှာ မေမေက ကျွန်မကို ကားခဏ ငှားပေးလိုက်တယ်။ ဒီလိုနဲ့ပဲ ကျွန်မက အထိမ်းအမှတ် ဆေးရုံကို ကားမောင်းသွားပြီး အိုင်းဆက်ကို သွားကြည့်ခွင့် ရသွားတယ်။

သူ့အခန်းက ငါးလွှာမှာ။ တံခါးက ဖွင့်ထားပေမယ့် ခေါက်ပြီး အသံပေးလိုက်တော့ အမျိုးသမီးတစ်ယောက် အသံထွက်လာတယ်။

"ဝင်ခဲ့ပါ"

အသံရှင်က အိုင်းဆက်မျက်လုံးက ပတ်တီးကို တစ်ခုခု လုပ်ပေးနေတဲ့ သူနာပြုဆရာမတစ်ယောက်။

"ဟိုင်း. . . အိုင်းဆက်" လို့ ကျွန်မက နှုတ်ဆက်လိုက်တော့ သူက မိုနီကာလား လို့ ပြန်မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ပါဘူး။ ဆောရီးပါ။ ငါ ဟောဇယ်ပါ။ ဖေးမကူအသင်းက ဟောဇယ်လေ။ ဒိုင်းတွေ ကွဲကြေသွားတဲ့ညက အတူရှိနေတဲ့ ဟောဇယ်လေ. . . မှတ်မိလား"

"သြော်. . . အင်း၊ လူတွေကတော့ ငါ့ရဲ့ တခြားအာရုံတွေ ပိုပြီးထက်မြက်လာမယ်လို့ ပြောကြပေမယ့် အခုထိတော့ မဖြစ်လာသေးဘူး။ ဟိုင်း. . . ဖေးမကူအဖွဲ့က ဟောဇယ်ရေ၊ ဒီကိုလာပါဦး။ ဒါမှလည်း နင့်မျက်နှာကို ငါ့လက်နဲ့ကိုင်ပြီး မျက်စိမမြင်တဲ့သူတွေ လုပ်သလို နင့်ရဲ့ စိတ်ဝိညာဉ်အတွင်းထဲအထိ သေချာမြင်အောင် စမ်းကြည့်လို့ ရနိုင်မှာ"

"သူ နောက်နေတာပါ" လို့ သူနာပြုဆရာမက လှမ်းပြောတယ်။

"ဟုတ်ကဲ့။ ကျွန်မ သိပါတယ်"

ကျွန်မက ခုတင်နားတိုးပြီး ခုံတစ်လုံးဆွဲ ထိုင်လိုက်ရင်း သူ့လက်ကို လှမ်းကိုင်လိုက်တယ်။

"ဟေး. . . " ဆိုတော့ သူကလည်း ပြန်ပြောတယ်။ နောက်တော့ ဘာမှ ဆက်မပြောဖြစ်ပြန်ဘူး။

"နင်နေကောင်းရဲ့လား"

"အိုကေပါတယ်။ မသိဘူးဟာ"

"နင် ဘာကို မသိတာလဲ"

ကျွန်မက ပတ်တီးတွေနဲ့ မျက်လုံးတွေကို အုပ်ပြီးစည်းထားတဲ့ သူ့မျက်နှာကို မကြည့်ရဲလို့ သူ့လက်တွေကိုပဲစိုက်ကြည့်ပြီး မေးလိုက်မိတယ်။ အိုင်းဆက်က လက်သည်းတွေ ကိုက်ထားတယ်။ လက်သည်းထောင့်စွန်းလေးတွေမှာ သွေးလေးတွေတောင် စို့နေပြီဆိုတာကို ကျွန်မ မြင်နေရတယ်။

"သူက လာတောင်မကြည့်ဘူးဟာ။ ဟိုလေ. . . ငါတို့ အတူတူရှိခဲ့တာ တစ်ဆယ့်လေးလ။ တစ်ဆယ့်လေးလဆိုတာ အတော်ကြာတဲ့ အချိန်တစ်ခုပါ။ ဘုရားရေ. . . ရင်နာလိုက်တာဟာ"

အိုင်းဆက်က ကျွန်မကိုင်ထားတဲ့ သူ့လက်ကို ရုန်းပြီး အကိုက်အခဲပျောက်ဆေး အကြောဆေးပုလင်းနဲ့ ဆက်ထားတဲ့ ခလုတ်ကို လိုက်ရှာတယ်။ ခွဲထားစိတ်ထားတဲ့ ဒဏ်ရာက နာလာပြီဆိုရင် မူးယစ်ဆေးပါတဲ့ အကိုက်အခဲပျောက်ဆေးကို အလိုအလျောက် ထုတ်လွှတ်ပေးတတ်တဲ့ စက်နဲ့ ဆက်ထားတဲ့ ခလုတ်ကလေးပေါ့။

သူနာပြုက ပတ်တီးလဲလို့ ပြီးသွားတော့ နောက်ဆုတ်ပေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ရက်ပဲ ရှိပါသေးတယ် အိုင်းဆက်ရယ်. . ."

သူမ လေသံက ဖျောင်းဖျနေသလို ခပ်ဝါးဝါး။

"မင်းကိုယ်မင်း အနာကျက်အောင် အချိန်တော့ ပေးရမယ်လေ။ နောက်ပြီး တစ်ဆယ့်လေးလဆိုတာ တခြားအရာတွေနဲ့ ယှဉ်ရင် ဒီလောက်အထိ ကြာတဲ့အချိန် မဟုတ်သေးပါဘူး။ အခုမှ မင်းဘဝအစပဲ ရှိပါသေးတယ်ကွယ်။ နောက်တော့ တွေ့လာမှာပါ"

ပြောပြီး သူမက ထွက်သွားတယ်။

"သွားပြီလား"

ကျွန်မက ခေါင်းညိတ်ပြီးမှ သူ မမြင်နိုင်မှန်း သတိရသွားလို့ ပါးစပ်နဲ့ ပြန်ဖြေရသေး။

"အေး"

"ငါတွေ့လာမှာတဲ့လား။ တကယ်ကြီးလားကွာ။ သူ တကယ်ပဲ အဲဒီလို ပြောသွားတာလား"

"သူနာပြုကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေကို ပြောချင်နေတာ လား။ ပြောဟာ"

"(၁) သူတစ်ပါးရဲ့ အားနည်းချက်ကို ချမနင်းရဘူး" လို့ အိုင်းဆက်က ပြောတော့ ကျွန်မက -

"(၂) ပထမဆုံးအကြိမ်မှာတင်ပဲ သွေးစွန်းပါစေ" လို့ ပြန်ပြောလိုက်တယ်။

"တကယ်ပြောတာဟာ။ ဒါ တကယ့်အကြီးကြီးပဲ။ ဆိုလိုတာကဟာ ဒါကြီး က ငါ့လက်လား၊ မြားပစ်တဲ့ ဘုတ်ပြားလား မသိတော့ဘူး။

(၃) နှိမ်တဲ့အသံ မရှိရဘူး"

"နေကောင်းရဲ့လား ကလေးရေ. . . သားကို အပ်ကလေးနဲ့ ထိုးတော့မှာမို့ နည်းနည်းတော့ နာမယ်နော်" လို့ ကျွန်မက အသံတုလုပ်ပြီး ပေါ့ပေါ့ပါးပါး ဖြစ် အောင် ပြောပေးလိုက်တယ်။

"ငါ့သားလေး နေမကောင်းဖြစ်နေတာလားကွယ် ပေါ့လေ"

သူက ပြန်ရွဲ့တယ်။ နောက် ခဏကြာတော့-

"သူတို့အားလုံးနီးပါး ကောင်းကြပါတယ်။ တကယ်ပါ။ ငါကသာ ဒီငရဲ ပြည်လို နေရာကြီးကနေ ထွက်ပြေးချင်နေတာ"

သူက ဆက်ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆေးရုံထဲက၊ ဒီလိုနေရာကနေ ဟုတ်လား"

"အဲဒါလည်း ပါတယ်"

သူက အံကြိတ်ရင်းပြောတယ်။ သူ့နာကျင်မှုတွေကို ကျွန်မ အတိုင်းသား မြင်နေရတယ်။

"ရိုးရိုးသားသားပြောရရင် ငါ့မျက်လုံးတွေထက် မိုနီကာ့အကြောင်းကိုပဲ တွေးနေမိတယ်။ ငါ ရူးများနေပြီလားဟာ။ ဒါ ရူးတာပဲပေါ့"

"အင်း. . . နည်းနည်းတော့ ကြောင်တယ်ဆိုရမယ်"

ကျွန်မကလည်း သူ့အနောက်ကို အလိုက်သင့်ကလေး ပြောလိုက်တယ်။

"ဒါပေမဲ့ ငါက အချစ်စစ်ဆိုတာကို ယုံတယ်လေ သိတယ်မဟုတ်လား။ မျက်လုံးတွေ ရှိမှ၊ နေမကောင်း မဖြစ်နေမှ၊ ဘာမှ ညာမှရယ်လို့ဆိုတာတွေ ငါ မယုံဘူး။ ဒါပေမဲ့ လူတိုင်းက အချစ်စစ်ကို ရသင့်တယ်။ နောက်ပြီး အသက်ရှင်နေသရွေ့ တာရှည်ခံသင့်တယ်"

"အင်း. . ."

"တစ်ခါတလေ ဒီကိစ္စကြီးတစ်ခုလုံး ဖြစ်မလာပါစေနဲ့တောင် ဆုတောင်းမိတယ်။ ဒီကင်ဆာဆိုတဲ့ ကိစ္စကြီး တစ်ခုလုံးပေါ့"

သူ့စကားသံက တဖြည်းဖြည်း နှေးလာတယ်။ ဆေးအစွမ်းပြပြီ ဆိုတဲ့ သဘော။

"ငါ စိတ်မကောင်းပါဘူးဟာ"

"ဂတ်စ် အစောပိုင်းတုန်းက လာသွားတယ်။ ငါ နိုးလာတော့ သူရှိနေတယ်။ ကျောင်းမတက်ဘဲ လစ်လာတာ။ သူက. . ."

သူ့ခေါင်းက ဘေးဘက်ကို နည်းနည်းစောင်းလိုက်တယ်။ ပိုသက်သာသွားတယ်။ ခပ်တိုးတိုး ရွတ်လိုက်တယ်။

"နာတာလား" လို့ ကျွန်မကမေးတော့ သူက ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြတယ်။

"ကောင်းတာပေါ့"

နောက်တော့ ကျွန်မက အလိုက်ကမ်းဆိုးမသိ မေးမိပြန်တယ်။

"နင် အခုနက ဂတ်စ်အကြောင်း ပြောနေသလားလို့"

ဒါပေမဲ့ သူကတော့ အိပ်ပျော်သွားပါပြီ။

ကျွန်မက အောက်ထပ်ကို ဆင်းလာပြီး ပြတင်းပေါက်မရှိတဲ့ အမှတ်တရ

mgyoe.com